http://www.cherrythitsar.org



ဟာသပုံပြင်များစုစည်းမှု

# ကံရှုန်
# အပျိုစင်တို့သိဖို့
# ယောကျ်ားတို့အကြောင်း
# (၂)

စိန်စိန်ဦးစာအုပ်တိုက်

http://www.cherrythitsar.org


- ၁၉၉၄၊ နိုဝင်ဘာလ၊ အုပ်ရေ ၁၀၀၀၊
  ယနေ့မန္တလေးစာအုပ်တိုက် (ပထမအကြိမ်)
- ၁၉၉၉၊ ဇန္နဝါရီလ၊ အုပ်ရေ ၁၀၀၀၊ (ဒုတိယအကြိမ်)

မျက်နှာဖုံးပန်းချီ – ကံချွန်
မျက်နှာဖုံးကွန်ပျူတာဒီဇိုင်း – ကိုကိုမြင့်

●စာမူခွင့်ပြုချက်၄၀၅/၉၈(၆)၊မျက်နှာဖုံးခွင့်ပြုချက်၆၀၀/၉၈(၁၂)။ထုတ်ဝေသူ– ဦးကြည်ဝင်း (၀၁၀၂၉)၊ ဝင်းစာပေ၊ အမှတ် ၂၁၊ ဒေါနလမ်း၊ သာယာကုန်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။ မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ – ဒေါ်ရွှေ (သုခပုံနှိပ်တိုက်) (၀၂၀၇၉)၊ ၁၂၈၊ ၄၆ လမ်း၊ ရန်ကုန်မြို့။
အတွင်းဖလင်–ကိုဇင်ဦးနှင့်ညီများ၊ စာအုပ်ချုပ်–ကိုမြင့်၊ ကွန်ပြူတာစာစီ–မြ

- တန်ဖိုး – ၃၅၀ ကျပ်

http://www.cherrythitsar.org

# မာတိကာ


| | | | |
|---|---|---|---|
| ၁။ | စာရေးသူ၏အမှာစာ | ..... | ၁ |
| ၂။ | သဘာဝဟာ သဘာဝပါ | ..... | ၉ |
| ၃။ | ဖက်နဲ့ဆူး | ..... | ၁၃ |
| ၄။ | ယောကျ်ားဆင်ခြေ | ..... | ၁၆ |
| ၅။ | အသိဉာဏ်နည်းတဲ့ ယောကျ်ားတွေ | ..... | ၂၂ |
| ၆။ | ပတ်ဝန်းကျင် | ..... | ၂၇ |
| ၇။ | အရက်သောက်တဲ့ယောကျ်ားတွေ | ..... | ၂၉ |
| ၈။ | ပတ်ဝန်းကျင်ကြောင့်လား၊ ဗီဇကြောင့်လား | ..... | ၃၃ |
| ၉။ | ချစ်တာလား၊ ကြိုက်တာလား | ..... | ၃၅ |
| ၁၀။ | ဘာလို့ချစ်တာလဲ၊ ဘာလို့ကြိုက်တာလဲ | ..... | ၃၉ |
| ၁၁။ | ခွင့်လွှတ်တယ်ဆိုတာ | ..... | ၄၃ |
| ၁၂။ | နောက်မိန်းမယူတတ်တဲ့ယောကျ်ားတွေ | ..... | ၄၇ |
| ၁၃။ | ဗွီဒီယိုထဲကယောကျ်ားမျိုး<br>ဝတ္ထုထဲကယောကျ်ားမျိုး | ..... | ၅၅ |
| ၁၄။ | ချစ်မေတ္တာနှင့် သွေးသားဆန္ဒ | ..... | ၆၀ |

http://www.cherrythitsar.org


၁၅။ လင်ကိုဘုရား သားကိုသခင် ..... ၆၂

၁၆။ အထင်ကြီးတာနဲ့ လေးစားတာ ..... ၆၇

၁၇။ ချက်ဆိုနားခွက်က မီးတောက်မှ ..... ၇၆

၁၈။ ရှက်ရာမှာက သူလားကျွန်မလား ..... ၈၁

၁၉။ အပျိုစင်မှ အပျိုစင်သို့ ..... ၈၅

၂၀။ ယောကျ်ားပြောတော့သတင်း၊ မိန်းမပြောတော့ ..... ၉၂

၂၁။ မိန်းမဆိုတာ ယောကျ်ားရဲ့အဖြည့်ခံလား ..... ၁၀၃

၂၂။ ရွေးရခက်ကြီး ..... ၁၁၁

၂၃။ မာနကြီးတာနဲ့ ဘဝင်မြင့်တာ ..... ၁၁၅

၂၄။ လူပျိုသိုးကြီးများအကြောင်း ..... ၁၂၅

၂၅။ ယောကျ်ားလေးသူငယ်ချင်း ..... ၁၂၇

၂၆။ လင်ဆိုမယား၊ သားဆိုးအမေ၊ မောင်ဆိုးနှမ ..... ၁၃၃

၂၇။ အချစ်ဆိုတာ ဘဝအတွက် အရင်းအနှီးပါ ..... ၁၃၉

http://www.cherrythitsar.org




အပျိုစင်တို့သိဖို့ ယောကျ်ားတို့အကြောင်း စာအုပ်ကလေးကို ရေးပြီး၊ ထုတ်ပြီး ဘယ်လိုများ တုံ့ပြန်လာမလဲလို့ ရင်တဖိုဖိုနဲ့ စောင့်နေခဲ့ရတယ်။ ကျွန်တော့်စေတနာကို ကျွန်တော့်ရေးသားမှုအတတ်ပညာက အမီမှ လိုက်နိုင်ပါ့မလားလို့စိုးရိမ်တာလည်း ပါရဲ့၊ နောက်ပြီး ပညာပေးစာအုပ်ဆိုတာနဲ့ ဖတ်ရတာလေးနေမှာ၊ ပျင်းစရာကောင်းနေမှာကို စိုးရိမ်တာနဲ့ ခပ်သွက်သွက်ရေးမိပြီးခါမှ အကြောင်းအရာနဲ့ ရေးဟန် အံဝင်ခွင်ကျမှ ဖြစ်ပါ့မလားဟု ပူတာလည်း ပါတယ်။

စာအုပ်ထွက်ပြီး ရက်ပိုင်းက လပိုင်း ကူးလာတော့မှ ကျွန်တော် သက်ပြင်းချနိုင်သွားတယ်။ အုပ်ထိန်းသူ လူကြီးမိဘတွေဆီက စာတွေရောက်လာတယ်။ ဒီလိုစာအုပ်မျိုးလေးရေးတဲ့အတွက် ကျေးဇူးတင်ကြောင်း၊ နောက်ထပ်ရေးသင့်တာတွေ၊ ဖြည့်သင့်တာတွေ အကြံဉာဏ်ပေးသွားတာတွေလည်းပါတယ်။

'အတွေးအမြင်'၉၅၊ ဖေဖော်ဝါရီလထုတ်မှာတော့ စာရေးဆရာမကြီး လူထုဒေါ်အမာရေးတဲ့ 'စာအုပ်ဆိုင်ကလူဝင်လူထွက်(၂၃)'ဆောင်းပါးမှာ စာအုပ်ကောင်းကလေးတစ်အုပ်ဆိုပြီးရေးထားတယ်။ အဲဒီဆောင်းပါးထဲမယ်

\+ + +

.... နို့ဝင်ဘာလထဲကစာအုပ်ကလေးတစ်အုပ်ထွက်လာတယ်။ စာအုပ်နာမည်က 'အပျိုစင်တို့သိဖို့ ယောကျ်ားတို့အကြောင်း'တဲ့၊ ရေးသူက ကံချွန်တဲ့။

နာမည်လေးက စိတ်ဝင်စားဖို့ကောင်းတာမို့ ဖတ်ကြည့်လိုက်တော့ လူကြီးမိဘတစ်ဦးအနေနဲ့ လက်မချနိုင်ဘဲရှိပြီး သြော် ငယ်ရွယ်တဲ့မိန်းကလေးတွေ ဖတ်မိကြရင်ကောင်းမှာပဲလို့ အောက်မေ့မိပါတယ်။

ကံချွန်အရေးအသားကလည်း ကနေ့ထွက်ပေါ်နေတဲ့ အမေရိကန်စာပေ အရေးအသားမျိုးလားမသိ၊ လိုရင်းကို တိုတိုရှင်းရှင်းနဲ့ ရေးထားတယ်။ အားလုံးက ထိထိမိမိရှိတယ်။သူ့အကြောင်းအရာ အချက်အလက်တွေကလည်း စုံစုံရှုရှုတွေပါပဲ။

\+ + +

ဆရာမကြီး လူထုဒေါ်အမာက အဲသလို နိဒါန်းပျိုးပြီး ကျွန်တော်ရေးတဲ့စာပိုဒ်တစ်ချို့ကို ထုတ်ပြပါတယ်။ ပြီးတော့

\+ + +

http://www.cherrythitsar.org



ကံချွန်က မိန်းကလေးတွေ စဉ်းစားတတ်အောင် အရှိကိုအရှိအတိုင်းဒိုးဒိုးဒေါက်ဒေါက်ရေးပြထားတာတွေပါ။

*

ဒါတွေကလူကြီးမိဘတွေရဲ့ ကံချွန့်စာအုပ်ကလေးအပေါ် သဘောထားပါ။လူပျိုကြီးတစ်ဦးကတော့ မကျေနပ်တဲ့လေသံ ထွက်ပါတယ်။ မင်းစာအုပ်က နာမည်ကြောင့် စားသွားတာပါကွာတဲ့၊ ကံချွန်အောင်မြင်ပါတယ်။

မိန်းကလေးအပျိုစင်များဆီကစာတွေလည်းလာရဲ့။

ဒီစာအုပ်ကလေးသာ တစ်နှစ်လောက် စောထွက်ခဲ့ရင်၊ ဖတ်လိုက်ရရင် သူဟာယောကျ်ားတစ်ယောက်ရဲ့ အညာခံလိုက်ရ မှာမဟုတ်ဘူးဆိုတဲ့စာမျိုး။

သမီးရဲ့ချစ်သူက ဘယ်လိုအမူအကျင့်တွေ ရှိပါတယ်၊ ယုံရမလား၊ သူချိန်းတဲ့ဆီ သွားရမလားဆိုတဲ့အမေးမျိုး။

လေးလေးစာအုပ်ဖတ်ပြီး သမီးရဲ့ဝန်းကျင်က ယောကျ်ားတွေကို လေ့လာကြည့်တယ်။ သူတို့ဟာ အလိုဆန္ဒတစ်ခုအတွက် လိမ်ညာဟန်ဆောင်နေကြတာပဲဆိုတဲ့ကောက်ချက်တွေ။

အမျိုးမျိုးလာပါတယ်။ မန္တလေးမှာတင်သိနေတဲ့ ကြုံနေတဲ့ သမီးအပျိုစင်တို့ကတော့

'လေးလေး ၊ သမီးလေးလေးရဲ့ စာအုပ်ဖတ်ပြီးပြီ၊ အပျိုကြီးပဲ လုပ်တော့မယ်'

'ဦး၊ ယောကျ်ားတွေဟာ မင်းမှမရရင် သေရပါလိမ့်မယ်ဆို ပြောပြီး တကယ်မရတော့ နှာစေး၊ချောင်းဆိုးတောင် မဖြစ်ပါဘူးဆိုပြီး ဦးရေးတာဟုတ်တယ်၊ သမီးကို ချစ်ရေးဆိုတဲ့သူလေ၊ သမီးမရတော့ဘာမှမဖြစ်ဘူး ကျန်းကျန်းမာမာပဲ၊ တခြားမိန်းကလေးတစ်ယောက် ယူသွားပြီး ခုဆို ကလေးတောင်ရနေပြီ'

လို့ပြောတာတွေလည်း ရှိပါတယ်။ တစ်ချို့ကောင်လေးတွေကလည်း ဒီစာအုပ်ကလေးဝယ်ပြီး သူတို့ချစ်သူတွေ ကိုလက်ဆောင်ပေးကြတယ်လို့ ပြောတယ်။ တခြားယောကျ်ားရဲ့ လိမ်ညာမှု မခံရအောင်လို့တဲ့။

ပြီးတော့

ဆက်ရေးစေချင်တဲ့အကြောင်းနဲ့ရေးစေချင်တဲ့ အကြောင်းအရာတွေသိချင်သေးတဲ့အကြောင်းအရာတွေ မေးထားတာတွေလည်းရှိတယ်။ ဒါကြောင့် ကျွန်တော်

'အပျိုစင်တို့သိဖို့ယောကျ်ားတို့အကြောင်း(၂)'

ကိုဆက်ရေးဖြစ်တာပါ။အမှတ်(၂)မှာတော့ ယောကျ်ားတွေအကြောင်းအဆိုးအကောင်းကိုကျွန်

တော်ပြောပြနိုင်တာထက်သူတို့ပတ်ဝန်းကျင် သူတို့တွေ့နေရတဲ့ယောကျ်ားတွေကို သူတို့ကိုယ်တိုင်အဆိုးအကောင်းဆုံးဖြတ်နိုင်ဖို့သူတို့ကိုယ်ပိုင်အတွေးနဲ့အမှားအမှန် ဝေဖန်ပိုင်းခြားနိုင်ဖို့ပါ ရည်ရွယ်ပြီးရေးပြထားတာတွေပါ ပါတယ်။

မိန်းကလေးတစ်ယောက်အနေနဲ့ယောကျ်ားလေးတစ်ယောက်အကြောင်းကို 'လူ အကြောင်းပေါင်းမှသိ'ဆိုထားလို့ပေါင်းကြည့်မှသိရမယ်ဆိုရင်ကိုယ်ကျိုးနည်းကုန်မှာပေါ့။အပွေးမြင် အပင်သိဖို့အသွေးမြင်အသွင်သိဖို့ယောကျ်ားလေးတစ်ယောက်ရဲ့အပြောအဆို အနေအထိုင်အမူအရာကို မြင်တာနဲ့သူ့ရဲ့အရည်အသွေးအရည်အချင်း အသိဉာဏ်ကိုခန့်မှန်းနိုင်အောင်မှန်းဆတတ်ဖို့ပါကြိုးစားရေးသားပေးထားပါတယ်။

အထင်ကြီးတာနဲ့ လေးစားတာ၊
မာနထားတာနဲ့ ဘဝင်မြင့်တာ၊
အားနာတာ


ဆိုတဲ့ စကားတွေကိုကျွန်တော်အနက်ဖွင့်ပြရာမှာ အဓိပ္ပါယ်ပိုတာ လိုတာရှိနိုင်ပေမယ့် အဲဒီအခန်းတစ်ခုလုံးရဲ့ စေတနာကတော့ ပိုတာလိုတာမရှိနိုင်ဘူးလို့ ကျွန်တော်ယုံကြည်ပါတယ်။ ဒီစာအုပ်မှာ မိန်းကလေးတွေရဲ့ အသိဉာဏ်အတွေးအခေါ်ကိုရင့်ကျက်စေလိုတဲ့ ဦးတည်ချက်နဲ့ရေးထားတဲ့အခန်းတွေပါ ပါတယ်။

http://www.cherrythitsar.org

ဒီစာအုပ်ရဲ့ အဓိကရည်ရွယ်ချက်ကတော့ ယောကျ်ားတွေအကြောင်း မပေါင်းဘဲ သိရအောင် ကျွန်တော်ကြိုးစားပြီး ရေးပြလိုက်တာပါလို့ပဲ ပြောပါရစေ။

အပျိုစင်တိုင်းဘဝ
လုံခြုံအေးချမ်း၍
တိုးတက်ကြပါစေ။

**ကံချွန်**


သူ့အကြောင်း
ပေါင်းမှသိ ဆိုပြီး
ယောက်ျားလေးတွေ
အကြောင်း သိလို့
ပေါင်းကြည့်မယ်
ဆိုရင် ကိုယ်ကျိုး
နည်းကျဉ်းမှာပေါ့!

http://www.cherrythitsar.org

# သဘာဝပါ

သဘာဝပါ



# သဘာဝဟာ
# သဘာဝပါ

ယောက်ျားတွေအကြောင်းကို စာအုပ်ကလေးတစ်အုပ်အဖြစ် ရေးသား ထုတ်ဝေပြီးခဲ့တာကို ငါ့တူမများဖတ်ပြီးကောင်း ဖတ်ပြီးဖြစ်ပါ လိမ့်မယ်။အဲဒီစာအုပ်ကလေးဖတ်ပြီး ကွဲတဲ့ရည်းစားတွေ ကွဲကုန်ပြီး ညားသင့်တဲ့ရည်းစားတွေလည်း ညားကုန်ပြီ။ လေးလေးအနေနဲ့ ကတော့ကွဲသင့်မှကွဲ၊ ညားသင့်မှညား ဖြစ်စေချင်တာပါ။ မှန်မှန် ကန်ကန် ဆုံးဖြတ်တတ်စေချင်တာပါ။ ဒါကြောင့်ပထမစာအုပ် မှာမပါခဲ့သေးတဲ့ အကြောင်းအရာ အချက်အလက်တွေကို ဒီစာအုပ် မှာ ဖြည့်စွက်ဆွေးနွေးချင်လို့ ခုလိုရေးလိုက်ရတာပါပဲ။

ယောက်ျားနဲ့မိန်းမတွေရဲ့ အခြေခံသဘာဝတရားကိုသတိ ထားသင့်တယ်ကွယ့်။ သဘာဝကပေးအပ်ထားတဲ့အခွင့်အရေးတွေ မှာ ယောက်ျားနဲ့မိန်းမ မတူဘဲကွဲပြားနေတာတွေရှိတယ်။ တူညီစွာ ရရှိထားတဲ့ အခွင့်အရေးတွေရှိသလို မတူညီတာတွေလည်း ရှိတယ်။

ဆေးပညာသင်မလား၊

http://www.cherrythitsar.org



တရားဥပဒေပညာသင်မလား၊
အနုပညာလေ့လာမလား၊
စက်မှုပညာရှင်တာဝန် ယူနိုင်အောင်လုပ်မလား၊
ရပါတယ်။

ယောကျ်ားများနဲ့ တန်းတူသင်ယူလို့ရပါတယ်။ ပညာရှင်ဖြစ်လို့ရပါတယ်။ လုပ်ငန်းခွင် ဝင်လို့ရပါတယ်။ ဒါပေမယ့် ယောကျ်ားများနဲ့ ပတ်သက်ရမယ့် အချစ်ရေး၊ အိမ်ထောင်ရေးမှာတော့သဘောတရားဟာ ယောကျ်ားများနဲ့မိန်းမကို တန်းတူအခွင့်အရေး ပေးမထားဘူးကွယ့်။ သတိထားသင့်တယ်နော့။ လေးလေးပြောတာ ဟုတ် မဟုတ် စဉ်းစားကြည့်စမ်း။ ဟို စကားတစ်ခုရှိတယ်လေ။

"ယောကျ်ား ဖောင်စီး"
"မိန်းမ မီးနေ" တဲ့။

အဲဒီစကားဟာ ဘဝမှာ အသက်စွန့်လုပ်ရတဲ့အလုပ်။ အသက်နဲ့ရင်းလုပ်ရတဲ့ အလုပ်နှစ်ခုကို ပြထားတာပဲ။ ပြောထားတာပဲ။ ယောကျ်ားများဖောင်စီးရတဲ့ ဖောင်သမားအလုပ်ဟာ အသက် အန္တရာယ် နီးကပ်တဲ့အလုပ်ဖြစ်သလို မိန်းမများ (မီးနေ) မျက်နှာမြင်ရတဲ့ အလုပ်၊ သားသမီး ဖွားမြင်ရတဲ့ အလုပ်ဟာလည်း အသက်အန္တရာယ်နီးတဲ့ အလုပ်ဖြစ်တယ်ဆိုတဲ့ အဓိပ္ပါယ်ပဲ။

ကဲ ယောကျ်ားထဲမှာ ဖောင်စီးရတဲ့ ဖောင်သမားဟာ ယောကျ်ားတစ်ထောင်မှာမှတစ်ယောက်လုပ်ရဲ့လား၊ယောကျ်ားတွေဟာဖောင်စီးဖို့မပြောနဲ့မော်တော်စီးဖို့တောင်စိတ်မကူးဘူး။ ဒီတော့ အသက်အန္တရာယ်နီးတဲ့အလုပ်ကို ယောကျ်ားတစ်ထောင်မှာ

http://www.cherrythitsar.org



တစ်ယောက်လောက်ပဲ လုပ်တယ်လို့ ပြောရမှာပေါ့။ တကယ် တမ်းတော့အဲသလောက်တောင်မရှိပါဘူး။ ဒါပေမယ့် မိန်းကလေး တွေကတော့အိမ်ထောင်ပြုတာနဲ့ (သားသမီးမွေးဖွားရတဲ့) မီးနေ အလုပ်ကိုလုပ်ရတော့တာပဲ။ မိန်းကလေးများ သားသမီး ရတနာ ဖွားမြင်ရခြင်း ဆိုတာ သေခြင်းတရားကို စိန်ခေါ်ရတဲ့အလုပ်ပဲ။ လူသားမျိုးဆက်ကို လူ့လောကထဲ ပို့ပေးရတဲ့အလုပ်ဟာ မိန်းကလေးများ တာဝန်ယူထားရတဲ့ သဘာဝပေးတာဝန်ကြီးပဲ။

"ယောကျ်ားဖောင်စီး၊ မိန်းမမီးနေ"ဆိုရာမှာ ယောကျ်ားတစ် ထောင်မှာတစ်ယောက်တောင်ဖောင်သမားမရှိချင်ပေမယ့်မိန်းကလေး များအိမ်ထောင်ပြုပြီဆိုရင် တစ်ထောင်မှာ ကိုးရာ ကိုးဆယ်ကျော် ဟာ "မီးနေ" ဆိုတဲ့စွန့်စားခြင်းအလုပ်ကို ရင်ဆိုင်ကြရတယ်။

အဲသလို မတူညီတဲ့သဘာဝတရားကိုတော့ တန်းညှိလို့ မရဘူးငဲ့တူမ။ လေးလေးခုလို ရေးပြပြောပြနေတာဟာ မိန်းက လေးနဲ့ ယောကျ်ားလေးမှာ သဘာဝတရားက ပေးအပ်ထားတဲ့ တာဝန်ကွဲပြားမှု၊ အခွင့်အရေးချင်း မတူညီမှုကို သတိထားမိ စေချင်လို့ပါ။ ယောကျ်ားတွေကသာတယ်။ ကြီးကျယ်တယ် ဆိုတာမျိုး ဆိုလိုချင်လို့မဟုတ်ပါဘူး။ မိခင်ရဲ့ မြင့်မြတ်မှုကို လေးလေး အသိအမှတ်ပြုရတာပေါ့။ မြန်မာစကားမှာ ဘုရားနဲ့ တစ်ဂိုဏ်းတည်းနှိုင်းခဲ့ကြတဲ့ "မိဘ" ဆိုတဲ့စကားကို ကြည့်ပါလား။ (မိ) မိခင်ကို အလျင် ဦးထိပ်ပန်ဆင်ထားတာပဲ။ လေးလေးမှာ မဟာဖိုဝါဒဆိုတာ မရှိပါဘူး။ မယုံပါဘူး။ အဖရဲ့ ကျေးဇူးကို သိတတ်သလို အမိရဲ့ ကျေးဇူးကိုလည်း သိတတ်နေလို့ပါပဲ။ ကဲ ဆက်ဆွေးနွေးရအောင်။

# ပေါက်နဲ့ဆူး



http://www.cherrythitsar.org



## ဖက်နဲ့ဆူး

အဲသလို သဘာဝပေးအခြေအနေတွေက မတူညီတဲ့အတွက်

ဖက်ပေါ်ဆူးကျလည်း ဖက်ပေါက်တာပဲ။

ဆူးပေါ်ဖက်ကျလည်း ဖက်ပေါက်တာပဲ

ဆိုတဲ့စကားဟာပေါ်ပေါက်လာတာပေါ့။မိန်းကလေးတွေကို ဖက်နဲ့နှိုင်းပြီး ယောကျ်ားလေးတွေကို ဆူးနဲ့ ခိုင်းနှိုင်းထားတဲ့ စကားဟာ သဘာဝတရားကပေးအပ်ထားတဲ့ အခွင့်အရေးချင်း မညီမျှမှုကို ကွဲပြားနေမှုကို ပြထားတာပဲ။ ယောကျ်ားလေးနဲ့ မိန်းကလေး အိမ်ထောင်ရေးအချစ်ရေးမှာ ယှဉ်ရပြီဆိုရင် အဆုံးအဖြတ် တစ်ချက်မှားတာနဲ့ မိန်းကလေးဆိုတာ နစ်နာရမယ် ငါ့တူမ။ အဲဒီစကားကို လက်မခံချင်လို့ မရဘူး။

လေးလေးတို့ မန္တလေးမှာ ဟိုအလျင်က အငြိမ့်ပြက်လုံးတစ်ခုရှိဖူးတယ်။ လူရွှင်တော်တစ်ယောက်က တရားသူကြီးလိုလုပ်၊ လူရွှင်တော်တစ်ယောက်က ရှေ့နေလို လုပ်တယ်။ နောက်လူရွှင်တော်တစ်ယောက်နဲ့ မင်းသမီးက စကားနိုင်လုပြောကြတယ်။

ဒီမယ် ကျွန်မတို့ မိန်းမမာယာနဲ့ ရှင်တို့ ယောကျ်ားတွေကိုဒုက္ခရောက်သွားအောင်လုပ်လိုက်ရမလား"

"မင်းကိုမင်း အထင်ကြီးနေရင် စမ်းကြည့်လေ"

"လာ လက်တွေ့ပြမယ်၊ ရှင်အခု တရားသူကြီးဆီလိုက်ခဲ့"

အဲသလိုပြောပြီး မင်းသမီးနဲ့ လူရွှင်တော်က တရားသူကြီးလုပ်နေတဲ့လူရွှင်တော်ရှေ့သွားကြတယ်။ ဘေးနားက လူရွှင်တော်တစ်ယောက်က

http://www.cherrythitsar.org



"ဟဲ့ကောင်မလေး"

"ရှင်"

"နင့်ကြည့်ရတာ တစ်ခုခုဖြစ်လာသလိုပဲ။ ငါနှစ်ခုဖြစ်အောင်လုပ်ပေးမယ်"

"ဘာလဲရှင့်"

"သြော် ငါက ရှေ့နေမို့ အမှုဖြစ်လာရင် နင်နိုင်အောင်အမှုလိုက်ပေးမယ် ပြောတာပါ"

"ဒါဆို ဟန်ကျတာပဲ။ ဒီလူကကျွန်မကိုဖက်နမ်းတယ်ရှင့်"

"ဟ အဲဒါ စိတ်ဆိုးစရာလား၊ လက်သီးနဲ့ထိုးတာမှမဟုတ်ဘဲ"

"အို ဆိုးရတာပေါ့"

"ကဲ လာ၊ စိတ်ဆိုးရင်လဲဟိုကောင် ထိပ်ထိုးခံရအောင်တရားသူကြီးဆီမှာ ငါ အမှုတွဲတင်ပေးမယ်။ တရားသူကြီးမင်း"

"ဘာလဲ"

"ဒီမှာ အမှုဖြစ်လာလို့၊ ဟိုကောင်က ဒီကောင်မလေးကို ဖက်နမ်းသတဲ့"

"ဟော"

"ဟုတ်ပါတယ်ရှင့်၊ သုံးခါတောင်မှပါပဲ"

"မောင်မင်း ငြင်းမယ်မကြံနဲ့"

"ဟောဗျာ၊ စစ်လား မေးလား လုပ်ပါဦး"

"မမေးဘူး၊ မင်းရုပ်ကြည့်ရတာ အမြင်ကတ်စရာ၊ ကဲတစ်ခါနမ်း တစ်ရာနှုန်းနဲ့ ဒဏ်ငွေသုံးရာပေးစေ"

"ကဲ ကဲ ရော့ ငါးရာတန်"

"ကျွန်မမှာ နှစ်ရာအမ်းစရာ မပါဘူးရှင့်"

http://www.cherrythitsar.org

# ယောက်ျားဆင်ခြေ



http://www.cherrythitsar.org



"တရားသူကြီးမင်းခင်ဗျာ၊ ဒါဖြင့် ကျွန်တော့် နောက် ထပ်နှစ်ခါ နမ်းပါရစေ"

ဆိုတဲ့ပြက်လုံးခွင်ပဲ။ အဲဒီပြက်လုံးဟာ ရယ်ရတာ မရယ်ရတာထက်က ယောက်ျားလေးနဲ့မိန်းကလေးကို သဘာဝကပေးအပ်ထားတဲ့ အခွင့်အရေးချင်းမတူဘူးဆိုတာ ထင်ဟပ်ပြနိုင်တယ်လို့ လေးလေး မြင်တယ်။ ဖက်နဲ့ဆူးကို တင်စားပြီး ယောက်ျားလေးနဲ့ မိန်းကလေးကို နှိုင်းယှဉ်ပြထားတာဟာ မိန်းကလေးတွေအတွက် အလွန်တန်ဖိုးရှိတဲ့သတိပေးစကားပဲ။လက်ခံသင့်တယ်။အဲဒီစကားကို လက်ခံရင် အန္တရာယ်ကင်းတာပေါ့ တူမရယ်။ အချစ်ရေးအိမ်ထောင်ရေးမှာ အခွင့်အရေးတန်းတူမရနိုင်ဘူး။

ဖက်ပေါ်ဆူးကျလည်း ဖက်ပေါက်တာပဲ။

ဆူးပေါ်ဖက်ကျလည်း ဖက်ပေါက်တာပဲ။

## ယောက်ျားဆင်ခြေ

လေးလေးဆီကိုစာတစ်စောင်ရောက်လာတယ်ရန်ကုန်တက္ကသိုလ်တတိယနှစ်ကပါ။ သူက သူ့အတွေ့အကြုံကို ရေးပြပြီးမှ လေးလေးကို မေးခွန်းတစ်ခုမေးထားတယ်။

ဒီလို

သူက ရောဂါတစ်ခုအတွက် ဆေးခန်းကိုသွားပြရသတဲ့။ အဲဒီမှာ ဆရာဝန်ကလေးက ဆေးဖိုးမယူဘဲ ကုပေးတယ်ဆိုပဲ။ ဒီတော့သူက ကျေးဇူးသိတတ်တဲ့အနေနဲ့ ဟိုတယ်တစ်ခုမှာ ထမင်းလိုက်ကျွေးသတဲ့။ သူ့ရောဂါက ဆက်ကုရဦးမှာဆိုတော့ အထင်သေးမခံနိုင်ဘူးတဲ့လေ။ ဒါကြောင့် ဆေးဖိုးမယူတဲ့အတွက် ဟိုတယ်မှာ လိုက်ကျွေးတာတဲ့။ နောက်ရက်တွေမှာလည်း ဆေးခန်းကို သွားနေရသေးတာကိုး။

http://www.cherrythitsar.org



သူက သူတစ်ယောက်တည်းသွားတာတော့ မဟုတ်ဘူးတဲ့။ သူ့သူငယ်ချင်းတစ်ယောက်ကို အဖော်ခေါ်သွားသတဲ့လေ။ အဲဒီမှာ သူနဲ့အတူပါလာတဲ့ကောင်မလေးက "အီစီကလီ"တွေလုပ်တယ်ဆိုပဲ။ အဲဒီ "အီစီကလီ" ဆိုတဲ့ စကားဟာ ရေလာမြောင်းပေးလုပ်တာ၊ မိန်းကလေးကစ ရိသဲ့သဲ့လုပ်တာကို ပြောတာထင်ပါရဲ့။ အဲဒီတော့ ဟိုဆရာဝန်ကလေးကလည်း "အီစီကလီ" ကောင်မလေးကို ပိုပြီး စိတ်ဝင်တစားနဲ့ သူ့ရှေ့မှာတင် ဂရုစိုက်ပြဆက်ဆံပြတယ်လို့ ဆိုတယ်။ အဲဒါကိုသူက ရွဲ့ပြတာလို့ထင်နေတယ်။ သူကဏ္ဍန္ဒေ သိက္ခာနဲ့ နေလို့ သူမနာလိုဝန်တို ဖြစ်လာအောင် ရုပ်ပျာပျာကောင် မလေးကို ဂရုစိုက်ပြတာပေါ့။ ဒါကြောင့် ဆေးဖိုးမယူဘဲ ဆေးကုခဲ့ တာပေါ့။ အဲသလို ရေးပြပြီးမှ

"လေးလေး၊ ယောကျ်ားမာယာထဲမှာ အဲသလို ရွဲ့ပြတာပါ သလား"လို့မေးထားတယ်။ အဲဒီမေးခွန်းကိုအကြောင်းပြုပြီး လေး လေး အများကြီးတွေးမိသွားတယ်။ လေးလေး တွေးရတာတွေဟာ ငါ့တူမများလည်း သိထားသင့်တယ်လို့ ယူဆတယ်လေ။ ဒီလိုကွယ့်။

ရွဲ့တယ်ဆိုတဲ့ စကားကို ပထမ စဉ်းစားကြည့်ရအောင်။

ရွဲ့ပြတယ်ဆိုတာ တစ်ဖက်လူကို မခံချင်လို့ ကိုယ်မလုပ် ချင်တဲ့အလုပ်ကို စိတ်မပါဘဲ လုပ်ပြတာ၊ ဟန်ဆောင်လုပ်ပြ တာ၊ အဲသလိုလုပ်တာကို ရွဲ့တယ်လို့ပြောကြတယ်နော်။

ကဲ ဒီတော့ စဉ်းစားစမ်း။

ယောကျ်ားလေးကပဲဖြစ်ဖြစ်၊ မိန်းကလေးကပဲဖြစ်ဖြစ်တစ် ယောက်ကိုတစ်ယောက်တစ်စုံတစ်ခုမကျေနပ်လို့ရွဲ့ပြပြီဆိုကတည်းက အဲဒီရွဲ့ပြတဲ့လူဟာအသိဉာဏ်နည်းလို့ဆိုပြီး သတ်မှတ်ရမှာပဲ ငါ့တူမ။ ဘာလို့လဲဆိုတော့


ကိုယ်ချစ်တာက
မင်းပါကွာ - ဒါနဲ့

http://www.cherrythitsar.org



မလုပ်သင့်တဲ့အလုပ်၊
စိတ်ထဲက တကယ်မပါတဲ့အလုပ်ကို
မလုပ်ချင်ဘဲတစ်ဖက်လူကို စိတ်ကသိကအောင့်ဖြစ်အောင်လုပ်ပြတဲ့အတွက်အသိဉာဏ်နည်းတယ်လို့ သတ်မှတ်ရတာပေါ့။ အဲသလိုရွဲ့ပြတဲ့အတွက် မမျှော်လင့်တဲ့ပြဿနာတွေ အများကြီးဖြစ်နိုင်တယ်။

သေချာတာကတော့ရွဲ့ပြတဲ့အနေနဲ့အသုံးချခံရတဲ့ မိန်းကလေးဟာအများကြီးနစ်နာရတယ်။ ချစ်သူမိန်းကလေးကို ကိုယ့်ရည်းစားကိုရွဲ့ပြချင်လို့တခြားမိန်းကလေးကိုဂရုစိုက်ပြ ထိပြကိုင်ပြတွဲသွားပြလုပ်တယ်ဆိုတာနဲ့အဲသလိုအသုံးချခံရတဲ့မိန်းကလေးဟာနစ်နာတာပါပဲ။အသိဉာဏ်ရှိတဲ့လူဆိုတာကိုယ့်ကြောင့်သူတစ်ပါးထိခိုက်နစ်နာရမယ့်အလုပ်မျိုး ဘယ်တော့မှမလုပ်ပါဘူး။

ဆက်ပြောချင်သေးတယ် ငါ့တူမ။

ရွဲ့ပြတာပါလို့ယောကျ်ားလေးတစ်ယောက်က ဖွင့်ပြောဦးတော့၊အဲဒါယောကျ်ားမာယာမဟုတ်ပါဘူး။ယောကျ်ားတစ်ယောက်ရဲ့ဆင်ခြေပဲ။မှတ်ထား၊ယောကျ်ားလေးတွေဟာကိုယ်ချစ်နေတဲ့မိန်းကလေးတစ်ယောက်ကကိုယ့်ပြန်ချစ်လာဖို့အတွက်ကိုယ်ချစ်နေတဲ့ကိုယ်မျှော်လင့်နေတဲ့မိန်းကလေးရဲ့ရှေ့မှာအခြားမိန်းကလေးတစ်ယောက်ကိုဘယ်တော့မှ ဦးစားပေး ဆက်ဆံမပြပါဘူး။ ဂရုစိုက်မပြပါဘူး။ ဦးစားပေးနေတယ် ဂရုစိုက်နေတယ်ထင်မှာတောင်စိုးရိမ်ကြသေးတယ်။ရှင်းပါတယ်။တကယ်ဦးစားပေးချင်ဦးတော့မသိအောင်ဘဲဦးစားပေးမယ်။ရှေ့တင်ဂရုစိုက်ပြဦးစားပေးဆက်ဆံပြပြီဆိုရင် အဲဒီမိန်းကလေးကို သူ စိတ်ဝင်စားလို့ပဲ။

http://www.cherrythitsar.org



ရွဲ့ပြတာပါ၊ရွဲ့ပြတဲ့အနေနဲ့တခြားမိန်းကလေးကို ဂရုစိုက်တာပါဆက်ဆံပြတာပါဆိုပြောလာရင်တောင်မှ အဲဒါလိမ်တာပဲ။

ခုမြင် ခုတွေ့ ခုရောရလို့ မိန်းကလေးတစ်ယောက်ကိုရောပြီဆိုကတည်းကသူဟာ 'ရှုပ်'တတ်တဲ့ ယောကျ်ားလို့ သတ်မှတ်လိုက်ပေတော့။အဲသလိုယောကျ်ားမျိုးကို ကိုယ့်ဘဝသက်တမ်းတလျှောက်လုံး လက်တွဲဖို့ဆိုတာ မစဉ်းစားရဲစရာပဲ။ ရပြီးလို့အတူတူနေကြရတဲ့အခါမှာရော'ရွဲ့တာပါ'ဆိုပြီးတခြားမိန်းကလေးတွေနဲ့ရှုပ်နေရင်၊ တခြားမိန်းမတွေကို ဂရုစိုက်နေရင် ဘယ်လိုလုပ်မလဲ။

အချစ်ရေး မေတ္တာရေးမှာ မိန်းကလေးနဲ့ယောကျ်ားလေးဟာ အမှန်တကယ် စိတ်ထဲကမပါဘဲ တွဲပြလို့ ဂရုစိုက်ပြလို့ရကို မရပါဘူး။ ဘာလို့လဲဆိုတော့ အချစ်ရေး မေတ္တာရေးမှာ 'သစ္စာ' ဆိုတာက တွဲပါနေတာကိုး။ မေတ္တာစစ်လာရင် ကိုယ့်ချစ်သူအပေါ်သစ္စာရှိလာကြတာပါပဲ။ မေတ္တာကြောင့် ပေါက်ဖွားလာတဲ့ ကြင်နာမှု ဂရုစိုက်မှုကို မေတ္တာမပါဘဲ ကြင်နာပြဂရုစိုက်ပြ တယ်ဆိုရင် အဲဒီလူရဲ့ မေတ္တာကို ဘယ်လိုလုပ်ယုံကြည်မလဲ။ ကိုယ့်ကို ချစ်ပြ ဂရုစိုက်ပြတာဟာလည်း အတုကြီးမဖြစ်နိုင်ဘူးလား။

ဒါကြောင့်

(၁) ယောကျ်ားလေးက ရွဲ့ပြတာပါဆိုပြောပြီး တခြားမိန်းကလေးနဲ့တွဲပြ၊ ဂရုစိုက်ပြရင် အဲဒါ ယောကျ်ားမာယာမဟုတ်ဘူး။ယောကျ်ားဆင်ခြေဘဲ။

(၂) ရွဲ့ပြတယ်ဆိုတာ အသိဉာဏ်နည်းတဲ့ လူတွေရဲ့ အလုပ်။

http://www.cherrythitsar.org

# အသိဉာဏ်နည်းတဲ့

ယောကျ်ား



http://www.cherrythitsar.org



(၃) တကယ်ချစ်လာပြီ၊ ရည်ရွယ်လာပြီဆိုရင်ကိုယ့်ချစ်သူ အပေါ် သစ္စာရှိရတယ်။ အလေးထားရတယ်။ အလေးမထားဘူး ဆိုရင် အဲဒီလူရဲ့မေတ္တာဟာ လုံးဝယုံလို့မရဘူးလို့ လေးလေးသတိ ပေးပါရစေ။

## အသိဉာဏ်နည်းတဲ့ယောကျ်ား

တစ်လက်စတည်း အသိဉာဏ်နည်းတဲ့ယောကျ်ားတွေ အကြောင်း ပြောချင်သေးတယ်။ ငါ့တူမများအနေနဲ့ အလွယ်ဆုံး သိထားရမှာ ကတော့ အသိဉာဏ်နည်းတဲ့ ယောကျ်ားဆိုတာ အခွင့်အရေးရရင် ရသလိုယူတတ်တဲ့ယောကျ်ားတွေပဲ။အခြေအနေပေးတာနဲ့ အခွင့် အရေးယူလို့ရတာနဲ့ယူတော့တာပဲ။ အသိဉာဏ်နည်းတဲ့အတွက် စည်းစောင့်ထိန်းသိမ်းနိုင်တဲ့စွမ်းအားမရှိတော့ဘူးလေ။

အသိဉာဏ်နည်းတဲ့လူဟာ အချစ်ရေး မေတ္တာရေးတင် မဟုတ်ဘူး။ ဘယ်လိုနေရာမှာပဲဖြစ်ဖြစ်၊ ဘယ်သူတွေနဲ့ပဲဖြစ်ဖြစ် အခွင့်အရေးယူစရာရှိရင်သိပ်သွက်တာ။ ဘယ်တော့မှလက်မနှေး ဘူး။ အချင်းချင်းငဲ့ညှာမယ် စာနာမယ်ဆိုတဲ့စိတ်မရှိဘူး။ အနစ် နာခံမယ်ဆိုတဲ့ စိတ်မရှိဘူး။ ယောကျ်ားဖြစ်ဖြစ် မိန်းမဖြစ်ဖြစ် အသိဉာဏ် နည်းလာပြီဆိုရင်ပေါ့။

အသိဉာဏ်နည်းတဲ့သူရဲ့လုပ်ရပ်တွေထဲက လုပ်လေ့လုပ်ထ ရှိတာတစ်ခု လေးလေးပြောပြချင်တယ်။ ငါ့တူမများလည်း ကြုံဖူးမှာ ပါ။ အသိဉာဏ်နည်းတဲ့သူနဲ့ ဘတ်စ်ကားအတူစီးပြီဆိုပါစို့။ ထိုင်စရာ နေရာမရလို့ အတူတူရပ်လိုက်လာကြရတဲ့အခါမှာ ထိုင်စရာ နေရာ တစ်နေရာရာလွတ်တာနဲ့အတင်းတိုးဖော့လုယက်ပြီး ထိုင်ခွင့်ရအောင် ကြိုးစားတော့တာပါပဲ။ အတင်းလုထိုင်တော့တာပါပဲ။ အဲဒါဟာ

အသိဉာဏ်နည်းသူတွေရဲ့လုပ်ရပ်ပဲ။ ငါးမိနစ်ဆယ် မိနစ်လောက် ထိုင်လိုက်ရမယ့်အခွင့်အရေးလေးမျိုးကိုတောင်ဟန်မဆောင်နိုင်ဘဲ လုယက်ယူတတ်တယ်ဆိုမှတော့ဘဝသက်တမ်းတစ်လျှောက် လုံးနဲ့ပတ်သက်လာပြီဆိုရင် 'ဘယ်သူသေသေ၊ငတေမာပြီးရော' သဘောထားလိမ့်မယ်ဆိုတာ စဉ်းစားဖို့မလိုဘဲသိနိုင်ပြီပေါ့နော်။

ယောကျ်ားများအသိဉာဏ်နည်းလို့ အခွင့်အရေးယူပြီဆို ရင်ပိုပြီးကြောက်စရာကောင်းတယ်။သူတို့ဟာစီးပွားရေး၊လူမှုရေး မှာတင်မဟုတ်ဘူး။မိန်းကလေးများနဲ့ပတ်သက်လာရင်လည်းအခွင့် အရေးယူမှာသေချာလို့ပဲ။အခွင့်အရေးယူတတ်တာနဲ့တစ်ပြိုင်တည်း မှာပဲအသိဉာဏ်နည်းသူများဟာတာဝန်မဲ့နေတတ်ပြန်ရော။ အသိ ဉာဏ်နည်းတဲ့သူဟာအလွန်ကိုအုက္ခပေးနိုင်တယ်ဆိုတာသိထားပါ။

လေးလေးက ခုလိုတွေးရေးပြနေတော့ ယောကျ်ားတွေ အကြောင်းကလည်းမကောင်းတာတွေချည်းပါလားလို့ငါ့တူမများ ကထင်လိမ့်မယ်။ဟုတ်တယ်။ခုလေးလေးရေးပြပြီးသလောက်က တော့မကောင်းတာတွေသတိထားစရာတွေများနေတယ်။မကောင်း တဲ့ယောကျ်ားတွေအကြောင်းသိထားရင် ကောင်းတဲ့ ယောကျ်ား တွေအကြောင်းသိဖို့ကလွယ်သွားပြီလေ။ ခုရေးပြနေတဲ့ မကောင်း တဲ့ယောကျ်ားတွေရဲ့ အမူအကျင့်တွေနဲ့ ဆန့်ကျင်ဘက်တွေဟာ ကောင်းတဲ့ယောကျ်ားတွေရဲ့ အမူအကျင့်တွေပဲပေါ့။

ကောင်းတဲ့ ယောကျ်ားဆိုတာ

စာနာတတ်တယ်၊

တာဝန်ယူတတ်တယ်၊

အခွင့်အရေးမယူဘူး၊

အနစ်နာခံတယ်။

http://www.cherrythitsar.org



အဲဒါတွေပဲပေါ့။ သတိထားသင့်တဲ့ယောကျ်ားတွေရဲ့ အမူအကျင့်ကိုရေးပြနေရတာက ငါ့တူမများ အန္တရာယ်ကင်းစေချင်လို့ပါ။ ရည်ရွယ်တဲ့ပန်းတိုင်အရောက်လျှောက်လှမ်းနိုင်ဖို့အတွက် ခလုတ်မထိဆူးမငြိဖို့လိုတယ်မဟုတ်လား။ ခလုတ်ထိ ဆူးငြိလိုက်လို့ထော့နဲ့ထော့နဲ့နဲ့လျှောက်လှမ်းရပြီဆိုရင်၊ ဘဝမှာဒဏ်ရာဒဏ်ချက်ရသွားပြီဆိုရင်ဘယ်မှာလာခရီးတွင်တော့မလဲ။ ဒါကြောင့် ခလုတ်ကန်သင်းကိုရှောင်နိုင်ဖို့ကျော်လွှားနိုင်ဖို့ ရေးပြနေတာပါ။

အသိဉာဏ်နည်းတာဟာ

ပညာတတ်တာ မတတ်တာနဲ့ မဆိုင်ဘူး။

ဆင်းရဲတာ ချမ်းသာတာနဲ့ မဆိုင်ဘူး။

ကဲတစ်မျိုးချင်းရှင်းပြမယ်။ ဆင်းရဲတဲ့ယောကျ်ားတွေထဲလည်းအသိဉာဏ်နည်းတဲ့ယောကျ်ားတွေအများကြီးရှိတာပါပဲ။ တစ်နေ့ရှာရသမျှတစ်နေ့တည်းနဲ့ကုန်အောင်ဖဲရိုက်၊အရက်သောက်၊ မိန်းမရှုပ် လုပ်ပစ်နေတဲ့ ယောကျ်ားတွေ တွေ့ဖူးမြင်ဖူးမှာပေါ့။ အဲဒါဆင်းရဲပြီးအသိဉာဏ်နည်းတဲ့ ယောကျ်ားတွေပဲ။

ချမ်းသာပြီး အသိဉာဏ် နည်းပြန်တော့လည်း ဖိုးရှုပ်ဂျင်လှည့် မိဘထားခဲ့တဲ့ သိန်းလေးငါးရာကို လေးငါးလနဲ့ကုန်အောင်ဖြုန်းကြပြန်ရော။ အသိဉာဏ်နည်းသူရဲ့ ဦးတည်ရာဟာ တိုးတက်မှုမဟုတ်ဘူးကွယ့်။ ဆုတ်ယုတ်မှု။

ပညာတတ်ပြီးအသိဉာဏ်နည်းတော့ရော၊ ရက်စက်တာပါပဲကွယ်။ ပညာတတ်ယောကျ်ားတွေ စော်ကားသွားလို့ဒူးနဲ့မျက်ရည်သုတ်နေရတဲ့ အသည်းကွဲပုံပြင်တွေအများကြီးပါပဲ။

ပညာမတတ်တဲ့အပြင်အသိဉာဏ်နည်းပြီဆိုလို့ကတော့ပိုဆိုးတာပေါ့။ အနေအထိုင်ရမ်း၊အပြောအဆိုကြမ်းနဲ့မကောင်းမှုဒုစရိုက်

http://www.cherrythitsar.org



လုပ်၊ခိုးဆိုးနေသူတွေ၊မိန်းကလေးတွေကိုနှိပ်စက်၊ ကြင်နာမှုမရှိဘဲ မကောင်းတဲ့အလုပ် လုပ်စားခိုင်းနေတာတွေ။ အသိဉာဏ်နည်းတဲ့ သူတွေဟာ ကြောက်စရာတကယ်ကောင်းတယ်။

မိန်းကလေးများ အသိဉာဏ်နည်းရင်လည်း အဲသလိုပါပဲ။ မရှိလို့ပျက်စီးတာရော၊တိုက်ကြီးပေါ်နေပြီး ပျက်စီးတာရော၊ ပညာ မတတ်လို့အနေအထိုင်မတတ်တာရော၊ ပညာတတ်ပေမယ့် အသိ ဉာဏ်နည်းလို့ "လီးဗင်းတူဂဲသား" ချင်တာရော။

ဒီတော့

ယောကျ်ားဖြစ်ဖြစ် မိန်းကလေးဖြစ်ဖြစ်
အသက်ကြီးကြီး အသက်ငယ်ငယ်
ပညာတတ်တတ် ပညာမတတ်တတ်
ချမ်းသာချမ်းသာ ဆင်းရဲဆင်းရဲ

အသိဉာဏ်နည်းတဲ့လူတွေ ရှိနိုင်သလို အသိဉာဏ်ရှိတဲ့ လူတွေလည်း ရှိပါတယ်။ ဒါကြောင့်ကိုယ်တိုင်ကအသိဉာဏ်ရှိတဲ့ လူဖြစ်ဖို့ပထမကြိုးစားသင့်တယ်။ ကိုယ်က အသိဉာဏ်ရှိနေမှ ကိုယ်နဲ့ပတ်သက်ရမယ့်လူ၊ ဆက်ဆံရမယ့်လူဟာ အသိဉာဏ်ရှိသ လား မရှိဘူးလားဆိုတာ လေ့လာဝေဖန် အကဲခတ်နိုင်ပါမယ်။

စာနာမှုမရှိတဲ့
တစ်ကိုယ်ကောင်းသမား၊
အခွင့်အရေးသမား၊
တာဝန်မဲ့နေတတ်သူတွေဟာ
အသိဉာဏ်မရှိတဲ့ လူတွေပဲ။
ငါ့တူမများနဲ့ ကင်းဝေးကြပါစေ။

http://www.cherrythitsar.org

# ပါတ်ဝန်းကျင်



http://www.cherrythitsar.org



## ပတ်ဝန်းကျင်

ယောကျ်ားတွေအကြောင်းသိဖို့လိုအပ်သလို မိန်းကလေးတွေဟာ ကိုယ့်ရဲ့ပတ်ဝန်းကျင်အကြောင်းလည်း သိဖို့ လိုအပ်တယ်။ ဘာလို့လဲဆိုတော့ ပတ်ဝန်းကျင်မှာလည်း ယောကျ်ားတွေရှိနေတာကိုး။ ကိုယ့်ကံကြမ္မာ အကောင်းအဆိုးကို ပတ်ဝန်းကျင်ကလည်း တွန်းအားပေးနိုင်တယ်လေ။

လေးလေး ပြောမယ်။

ငါ့တူမကဘုရားစောင်းတန်းမှာပန်းရောင်းမယ်၊ ဒါမှမဟုတ်နိဗ္ဗာန်ကုန်ရောင်းမယ်ဆိုရင်ငါ့တူမရဲ့ပတ်ဝန်းကျင်မှာ စိတ်ယုတ်မာမွေးသူနဲ့မတွေ့နိုင်ဘူးဆိုတာကိုးဆယ်ရာနှုန်းသေချာသွားပြီ။

တကယ်လို့ငါ့တူမက ကာရာအိုကေမှာသီချင်းဆိုနေတာဆိုရင်တော့ ငါ့တူမရဲ့ဝန်းကျင်မှာ အရက်သမားတွေပဲရှိနေမှာပဲ။ ဘီယာနဲ့၊ ဂျင်နဲ့၊ ဝီစကီနဲ့သင်းနေတဲ့လူတွေရဲ့ကြားမှာနေရမယ်။ သူတို့ရဲ့စိတ်ရင်းဟာဘယ်လောက်ကောင်းပါတယ်ဆိုဦးတော့အရက်ရဲ့စွက်ဖက်မှုကြောင့် စိတ်ရိုင်းက တစ်ဝက်ဝင်နေကြသူတွေ။ သိစိတ်တစ်ဝက်မသိစိတ်တစ်ဝက်မှာ မသိစိတ်ကို အလိုလိုက်ထားကြသူတွေ။

ငါ့တူမရဲ့လုပ်ငန်းနဲ့ ပတ်သက်နေတဲ့ ပတ်ဝန်းကျင်မှာပဲဖြစ်ဖြစ်အိမ်မှာပဲဖြစ်ဖြစ် အရက်သောက်တတ်တဲ့ ယောကျ်ားတွေနဲ့ကြုံဆုံနေရမယ်ဆိုရင်လည်းငါ့တူမများအတွက်အန္တရာယ်ကင်းအောင် အရက်သောက်တတ်တဲ့ယောကျ်ားတွေအကြောင်းလည်းလေးလေးပြောပြချင်သေးတယ်။

http://www.cherrythitsar.org

# အရက်သောက်တဲ့

ယောကျ်ားတွေ



http://www.cherrythitsar.org



## အရက်သောက်တဲ့ ယောကျ်ားတွေ

အရက်သောက်တဲ့ ယောကျ်ားတွေအကြောင်းဘာလို့ပြောပြချင်ရတာလဲဆိုတော့ဒီနေ့ပြောင်းလဲလာတဲ့စီးပွားရေးပုံစံအရ ဖြေဖျော်ရေး၊ ပြုစုရေးဆိုတဲ့လုပ်ငန်းတွေမှာ မိန်းကလေးများ ဝင်ရောက်ပြီး အလုပ်လုပ်နေကြရတယ်မဟုတ်လား။ဒီလုပ်ငန်းတွေမှာအများဆုံး ထိတွေ့ဆက်ဆံနေရတာကအရက်သောက်ထားတဲ့လူတွေပဲ။ အဲသလိုဝန်းကျင်အကြောင်းမသိလို့ရိုးရိုးသား သားမိန်းကလေးတွေဟာဝင်ငွေကောင်းတာလေးလောက်ပဲလှေ့လာပြီးဝင်အလုပ်လုပ်မိရာကမဖြစ်သင့်တာတွေဖြစ်ကုန်ရတာရှိတယ်။ဒီဖြေဖျော်ရေးလုပ်ငန်းဟာဝင်ငွေကောင်းတဲ့လုပ်ငန်းတစ်ခုဖြစ်နေလေတော့ဒီလုပ်ငန်းထဲကိုဝင်ဖို့တာစူနေတဲ့မိန်းကလေးတွေကိုလေးလေးသတိပေးချင်တယ်။

တစ်ချို့မိန်းကလေးများဟာ အစကတော့ရိုးရိုးပါပဲ။ ကိုယ်ဝင်ရမယ့်ဝန်းကျင်အကြောင်းမသိလေတော့ နောက်တော့တစ်မျိုးတိုးလို့သွားကြရတာတွေရှိတယ်။ အရက်တစ်ပက်နဲ့ဘဝသွက်သွက်ခါကုန်ကြရတာတွေရှိတယ်။

ယောကျ်ားဆိုတာအရက်ကလေးတစ်ပက်လောက် (အကြမ်းပန်းကန်လုံးနဲ့တစ်ဝက်လောက်)လည်ချောင်းထဲရောက်တာနဲ့ သွေးပြောင်းသွားတော့တာကွယ့်။ သူလုပ်ချင်တာတွေ အားလုံးစိတ်အလိုလိုက်ပြီးလုပ်တော့တာပဲ။ မမူးခင်ကမသင့်လျော်ပါဘူးဆိုပြီး ထိန်းထားတာတွေဟာ မူးလာတာနဲ့ နွားရိုင်းကိုခြံဖွင့်ပြီး ရိုက်လွှတ်လိုက်သလိုပဲ။ ပရမ်းပတာလုပ်တော့တာ။ မမူးခင်က

ကျူးလွန်ရမှာ ရှက်နေတာတွေ၊
မလုပ်ရဲတဲ့ အပြုအမူတွေ၊

http://www.cherrythitsar.org



http://www.cherrythitsar.org



မယူရဲတဲ့ အခွင့်အရေးတွေ၊

အားလုံးကိုရီဝေရီဝေနဲ့ယူတော့လုပ်တော့တာပဲ။အဲသလို ကျူးလွန်တာကိုတစ်ဖက်ကမကျေနပ်ရင်မူးနေသူအတွက်အကောင်းဆုံး ဆင်ခြေကရှိနေတယ်လေ။ အဲဒီအကြောင်းပြချက်ကတော့

'ဆောရီးငါ့နှမရယ်၊အစ်ကိုကြီး အဲဒီတုန်းက မူးနေလို့ပါ'

'ခွင့်လွှတ်ပါနော်၊ အန်ကယ်အမူးလွန်ပြီး ပြုမူမိတာတွေ'

'စိတ်မဆိုးပါနဲ့ကွာ၊ အစ်ကိုမူးသွားလို့ဖြစ်ရတာပါ'

ဆိုတဲ့စကားတွေဟာ အရက်မူးနေသူတွေရဲ့ လက်သုံး စကားတွေပေါ့။ အမှန်ကတော့ မသိတာမဟုတ်ဘူး၊ သိလျက်နဲ့ကျူးလွန်တာပါ။ စိတ်အလိုလိုက်တာပါ။ မူးနေလို့မသိလို့ပါဆိုတဲ့လူကိုတစ်ဖက်ဝိုင်းက စားပြီးသားအကျန်တွေ ယူကျွေးကြည့်စမ်းပါ။ စားသလားလို့၊ ဝေးသေး။ တကယ်ကိုသတိလက်လွတ်ဖြစ်အောင်မူးပါပြီဆိုရင်လည်း အဲဒီလူဟာ ဘာမှကို မလုပ်နိုင်တော့ပါဘူး။ လုံးဝလဲသွားတော့မှာပါ။ လမ်းဘေးဆွဲသိပ်ထားလည်း အိပ်တော့တာပါပဲ။

ဒါကြောင့် လက်ဆော့ခြေဆော့ကောင်းရုံ ရီဝေနေသူတွေကြားမှာ ကျင်လည်ရတော့မယ်ဆိုရင် ကိုယ့်စိတ်ကိုယ်အလိုမလိုက်မိဖို့ လေ့ကျင့်ပါလို့ လေးလေးသတိပေးချင်တယ်။ လေးလေးတို့မြန်မာစကားမှာရှိတယ်မဟုတ်လား။ ကိုယ်ကောင်းရင် ခေါင်းဘယ်မှမရွေ့ဘူးဆိုတာလေ။ ကိုယ်ဘဝအခြေအနေအကြောင်းကြောင်းကြောင့် ဧည့်ခံဖျော်ဖြေရေးလုပ်ငန်းတွေမှာ ဝင်လုပ်နေရတဲ့ ဝင်လုပ်မယ့် ငါ့တူမများကိုလည်း ရင်ဆိုင်ကြုံတွေ့ ကိုယ့်ပတ်ဝန်းကျင်ကလူတွေအကြောင်း သိထားအောင် လေးလေးက ပြောထားတာပါ။

မူးတဲ့လူတွေအကြောင်းလည်းသိဖို့လိုပါတယ်။မိန်းကလေးတစ်ယောက်ပျက်စီးသွားပြီဆိုရင် အဲဒီဖျက်ဆီးလိုက်တဲ့ ယောကျ်ား

http://www.cherrythitsar.org

# ပါတ်ဝန်းကျင်ပြောင်းလား

စိတ်ရောပြောင်းလား



http://www.cherrythitsar.org



တွေကတောင်မှ လှည့်မကြည့်ချင်တော့ဘူး။ ဘယ်သူမပြု မိမိမှု ဆိုပြီးဘဝပျက်ရတဲ့ အမှုမှာ ကိုယ်ပဲတရားခံ ပြန်ဖြစ်ရတတ်ပါသေးတယ်။မိန်းကလေးတစ်ယောက် ဘဝပျက်ရပြီဆိုရင် အဲဒီမိန်းကလေးတစ်ယောက်တည်း ပျက်စီးလို့ရတာ မဟုတ်ပါဘူး။ ဖျက်ဆီးတဲ့ ယောကျ်ားရှိမှ ပျက်စီးကြရရှာတာပါ။

ဒါကြောင့် ပျက်စီးလွယ်စေမယ့် ပတ်ဝန်းကျင်အကြောင်း ဒုစရိုက်ကိုတွန်းအားပေးနေတဲ့အရက်ကိုမှီထားသူတွေအကြောင်း ငါ့တူမများ သိထားဖို့လေးလေးသတိပေးရတာပါ။ ဗီဇကြောင့် ပျက်စီးတာလား၊ပတ်ဝန်းကျင်ကြောင့်ပျက်စီးတာလားဆိုတာလေးလေး တို့ဆက်ဆွေးနွေးကြည့်ရအောင်။ဒီပြဿနာကလည်း ယောကျ်ားတွေအပေါ် အခြေခံပြီးဖြစ်လာတဲ့ ပြဿနာတွေမို့ပါ။

## ပတ်ဝန်းကျင်ကြောင့်လား ဗီဇကြောင့်လား

မိန်းကလေးတစ်ယောက် ပျက်စီးရပြီဆိုရင် ဖျက်ဆီးသူဟာ ယောကျ်ားလေးပဲ။ဒါပေမယ့် အဲဒီယောကျ်ားလေးရဲ့ ဖျက်ဆီးခြင်းခံဖို့အတွက် ပတ်ဝန်းကျင်အနေအထားမှာ အခြေခံသလား၊ အဲဒီမိန်းကလေးရဲ့ ပင်ကိုဗီဇစရိုက်မှာ အခြေခံသလားဆိုတာ ကောက်ချက်တွေအမျိုးမျိုး ချခဲ့ကြဖူးတယ်။ အဖြေတွေကွဲပြားခဲ့တာကြာပြီ။

တစ်ချို့က ပတ်ဝန်းကျင်ကြောင့်လို့ပြောတယ်။

တစ်ချို့က ဗီဇကြောင့်လို့ပြောတယ်။

ဗီဇကြောင့်လို့ ပြောတဲ့သူတွေက ဘယ်လိုသက်သေပြသလဲ ဆိုရင် ခြသေ့်ကိုမြက်ကျွေးလို့မရသလို နွားကိုလည်း အသားကျွေးလို့ မရဘူး။ ဗီဇဟာ ပတ်ဝန်းကျင်ကြောင့် မပြောင်းနိုင်ပါဘူး။ ကျားတစ်

http://www.cherrythitsar.org



ကောင်နဲ့နွားတစ်အုပ်ကိုရောပြီး မွေးမြူရေး လုပ်ကြည့်ပါလား။ ကျားတစ်ကောင်တည်းမို့နွားစိတ်တော့ပေါက် သွားမှာမဟုတ်ဘူး။ နွားတွေသာကျားစားလို့ပျောက်သွားမှာပါ။ ယောက်ျားလေးတွက ဖျက်ဆီးချင်တိုင်း မဖျက်စီးပါဘူး။ မိန်းကလေးတွေရဲ့ ဗီဇက အဓိကကျပါတယ်လို့ ပြောကြပါတယ်။

တစ်ချို့ကတော့

မိန်းကလေးတစ်ယောက်ပျက်စီးရတာဟာ ပတ်ဝန်းကျင် ကြောင့်ဖြစ်တယ်။ ဗီဇကြောင့်လို့ ပြောတဲ့လူတွေဟာ ဖျက်ဆီးတဲ့ ယောက်ျားတွေဘက်က ကာကွယ်ပေးတာပဲ။ ဗီဇဟာ ပျက်စီးချင် နေတယ်ခပ်ပေါ့ပေါ့နေချင်တယ်ပဲထားဦးတော့၊အဲဒီမိန်းကလေးဟာ ကိုယ်ကျင့်တရား စောင့်ထိန်းတဲ့ပတ်ဝန်းကျင်မျိုးမှာ ကျင်လည် နေရရင် ဘယ်လိုမှ မပျက်စီးပါဘူးလို့ ဆိုတယ်။

လေးလေးကတော့ နှစ်ခုစလုံးကြောင့်လို့ပဲမြင်တယ်။ လေးလေးရဲ့အမြင်ကိုလူပါးဝတဲ့အမြင်လို့ ထင်ချင်လည်း ထင်ပေ ရော့။ မိန်းကလေးတစ်ယောက်ပျက်စီးရတာဟာဗီဇနဲ့ ပတ်ဝန်း ကျင်ပေါင်းမိသွားလို့ပဲ။ အံဝင်ခွင်ကျ ဖြစ်သွားလို့ပဲ။

ဗီဇကြောင့်ပျက်စီးရတာတွေရှိသလို ပတ်ဝန်းကျင်ကြောင့် ပျက်စီးရတာတွေလည်း ရှိတယ်။

အဲသလို တစ်မျိုးတည်းကြောင့်နည်းပြီး နှစ်မျိုးဆုံသွား လို့ပျက်စီးရတာကတော့အများဆုံးပဲ။ ဒီတော့ ငါ့တူမများအနေ နဲ့ နံပါတ်တစ် ကိုယ့်ကိုယ်ကိုထိန်းပါ၊ ကိုယ့်ကိုယ်ကျင့်တရားကို ကိုယ့်အသိဉာဏ်နဲ့စောင့်ရှောက်ပါ၊ ပျိုးထောင်ပါ။ စိတ်အလိုကို မလိုက်ပါနဲ့။

http://www.cherrythitsar.org



နံပါတ်နှစ်၊ ပတ်ဝန်းကျင်ကို သတိထားပါ၊ လေ့လာပါ၊ ဘယ်လိုပတ်ဝန်းကျင်မျိုးလဲဆိုတာ သိအောင်လုပ်ပါ။ ဒါမှကိုယ့်ပတ်ဝန်းကျင်မှာဘယ်လိုယောကျ်ားမျိုးတွေရှိနေတယ်ဆိုတာသိလာပါလိမ့်မယ်။အဲသလိုကြိုသိထားရင်သတိလက်လွတ်ဖြစ်ရတဲ့အဖြစ်မျိုးနဲ့ရင်မဆိုင်ရတော့ဘူး။အန္တရာယ်နည်းတဲ့ပတ်ဝန်းကျင်လားဆိုတာကြိုသိနေရင်ကိုယ့်လုံခြုံမှုအတွက်ကိုယ်သတိနဲ့ထိန်းလို့ရပြီ။

"ကိုယ်ကောင်းရင် ခေါင်းဘယ်မှမရှေ့ဘူး" ဆိုတဲ့ စကား ဟာ အဲသလို ထိန်းနိုင်တဲ့ မိန်းကလေးတွေအတွက် ပေါ်လာရ တာပေါ့။ လူဆိုတာ ကိုယ့်ပတ်ဝန်းကျင်ကို ကိုယ်သတိထားရ တယ်၊ လေ့လာရတယ်။ အထူးသဖြင့် မိန်းကလေးတွေအတွက် ကိုယ့်ကိုကိုယ်သိဖို့လိုအပ်သလို ကိုယ့်ပတ်ဝန်းကျင်ကိုလည်း သိဖို့လိုအပ်တယ်။ ကိုယ့်ဝန်းကျင်မှာဘဝကိုလောင်ကျွမ်းနိုင်တဲ့ မီးလျှံတွေရှိနေပြီဆိုရင်တော့ သတိထားပေရော့။ ဝင်မတိုးမိစေနဲ့။ လူပဲ။ ပိုးဖလံမှ မဟုတ်ဘဲ။ ရှောင်လို့မရလောက်ဘူးထင်ရင် ပတ်ဝန်းကျင်မြန်မြန်ပြောင်းဖို့ ကြိုးစားရမယ်လေ၊ နော့။

ဒါကြောင့်ငါ့တူမများအနေနဲ့ကိုယ်ကျင်လည်ရတဲ့ ဝန်းကျင်ကိုသတိထားဖို့ လေးလေး သတိပေးချင်တယ်။


## ချစ်တာလား၊ ကြိုက်တာလား

မိန်းကလေးအတော်များများဟာယောကျ်ားလေးတွေနဲ့ပတ်သက်တဲ့ ခံစားမှုကို ကွဲကွဲပြားပြား စဉ်းစားလေ့မရှိကြဘူး။ စဉ်းစားမိသူဟာ အလွန်ကိုနည်းတာပဲ။အထူးသဖြင့်ချစ်တာနဲ့ကြိုက်တာကိုရောထွေးနေကြတယ်။ချစ်တာနဲ့ကြိုက်တာဟာ မတူဘူးကွယ့်။ တခြားစီပဲ။

http://www.cherrythitsar.org

# ချစ်မေတ္တာနှင့်

သွေးသားဆန္ဒ



http://www.cherrythitsar.org



စကားလုံးချင်းနီးပေမယ့် အဓိပ္ပါယ်ချင်းကအဝေးကြီး။ ဆင်ဆင်တူသလိုထင်ရပေမယ့် အဓိပ္ပါယ်ချင်းက ကွဲပြားလှတယ်။

အဲဒီကွဲပြားနေတာကို ခွဲခြားပြီး မစဉ်းစားကြတဲ့အတွက် ဒုက္ခရောက်ရတဲ့မိန်းကလေးတွေအများကြီးပဲ။ပြိုကွဲတဲ့ အိမ်ထောင်ရေးတွေလည်းရှိရဲ့။ ငါ့တူမများ စဉ်းစားကြည့်စမ်းပါ။

အချစ်ဆိုတာ သန့်စင်တယ်ကွယ့်။

အကြိုက်ဆိုတာကတော့ သန့်စင်ချင်မှသန့်စင်မယ်။

လေးလေးတို့ ဒီနေ့ပြောနေကြတဲ့စကားတွေကို သတိထားကြည့်ရင်သိနိုင်တာပေါ့။ 'ကြိုက်' ဆိုတဲ့ စကားကိုသုံးစွဲရာမှာ

'ဒီကောင်က မကောင်းမှန်းသိလျက်နဲ့ ကြိုက်နေတာ' ဆိုတဲ့စကားတို့၊

'အံ့ပါရဲ့တော်၊ ကောင်မလေးနှယ် ဘယ်လိုများ စိတ်ကူးရတယ်မသိဘူး၊အဲဒီကောင်ကို မကောင်းမှန်းသိလျက်နဲ့ ကြိုက်နေတာ' ဆိုတဲ့စကားမျိုးတွေ ပြောလေ့ရှိကြတယ်လေ။ မလိုလားစရာကို စွဲလမ်းနေရင် 'ကြိုက်' ဆိုတဲ့စကားကို သုံးကြတယ်။ 'ချစ်' ဆိုတဲ့စကားလုံးကိုတော့ အဲသလို မလိုလားစရာ အဓိပ္ပါယ်သက်ရောက်တဲ့စကားတွေမှာ တွဲသုံးလေ့မရှိဘူး။ ကဲ စဉ်းစားကြည့်စမ်း။ အများပြောနေတဲ့ စကားတွေထဲမှာ

အရက်ကြိုက်တယ်တဲ့။ အရက်ချစ်တယ်လို့ မပြောဘူး။

ဘိန်းစွဲတယ်တဲ့။ ဘိန်းချစ်တယ်လို့ မပြောဘူး။

ဒုစရိုက်မှာပျော်တယ်တဲ့။ ဒုစရိုက်ချစ်တယ်လို့မပြောဘူး။

ကြားဖူးမှာပေါ့။ တစ်ချို့က အရက်အလွန်အကျွံသောက်နေတဲ့ ယောကျ်ားတွေကို မိန်းမတွေက

http://www.cherrythitsar.org

# ဘာလို့ချစ်တာလဲ

## ဘာလို့ကြိုက်တာလဲ



http://www.cherrythitsar.org



'တော်က အရက်ကို မိန်းမထက်များပိုချစ်နေသလား ပြောစမ်းပါဦး' ဆိုပြီး မေးလေ့ရှိတတ်တယ်။ မစွဲလမ်းသင့်တာကို စွဲလမ်းနေတဲ့အတွက် တမင်ထေ့ပြီးငေါ့ပြီး မေးချင်လို့ 'အရက်' နဲ့ 'ချစ်'ကို တမင်တွဲသုံးတာလို့ လေးလေး ယူဆတယ်။

အချစ်ဆိုတာ ခံစားမှုက မွေးဖွားလာတာဖြစ်ပြီး

အကြိုက်ဆိုတာကတော့ဆန္ဒကမွေးဖွားလာတာလို့ လေးလေးတွေးလို့ရတယ်။ ဒါကြောင့်အချစ်နဲ့အကြိုက်ဟာတစ်ခါ တစ်ခါမှာတစ်ထပ်တည်းကျနိုင်သလိုတစ်ခါတစ်ခါမှာကွဲပြားမှုလည်း ရှိနိုင်တယ်။ဆန္ဒကြောင့်ပေါ်လာတဲ့ 'အကြိုက်'ဟာရုတ်ချည်းပေါ် လာနိုင်သလိုဗြုန်းခနဲပျောက်ကွယ်သွားတတ်တယ်။ ပြောင်းသွား တတ်တယ်။ အကြိုက်ရဲ့ပြောင်းလဲမှုက မြန်ဆန်နိုင်တယ်။

ခံစားမှုကြောင့်ပေါ်လာရတဲ့ 'အချစ်' ကတော့ ပြီးလွယ် ပျောက်လွယ် မဖြစ်ပါဘူး။

## ဘာလို့ချစ်တာလဲ၊ ဘာလို့ကြိုက်တာလဲ

အချစ်ဟာ ခံစားမှုကြောင့် ပေါ်ပေါက်လာရတယ်။

အကြိုက်က ဆန္ဒကြောင့် ပေါ်ပေါက်လာရတယ်။

အဲသလို အချစ်နဲ့အကြိုက်ဟာ ပေါ်ပေါက်လာရတဲ့ အခြေခံချင်းကွဲပြားရတဲ့အတွက် အကျိုးသက်ရောက်ပုံချင်းလည်း ခြားနားသွားပါတယ်။ ငါ့တူမများ သိပေမယ့် သတိမထားမိလို့ ပါ၊ သေသေချာချာ စဉ်းစားမကြည့်လို့ပါ။

'သနားလို့ချစ်တာ' ဆိုတဲ့စကား။ ပြီးတော့

'လှလို့ကြိုက်တာ' ဆိုတဲ့စကား။

http://www.cherrythitsar.org



ဒီမှာ အချစ်နဲ့အလှအပဟာ ဆက်နွယ်နေပေမယ့် အချစ် ဟာ 'အလှ' အပေါ်မှာအခြေမခံဘူးဆိုတာတွေ့ရပြန်ရော။အလှအပဆိုတာကအပေါ်ယံသွင်ပြင်လက္ခဏာပဲ။ 'အချစ်' ပေါ်ပေါက်လာတာဟာ အပေါ်ယံ အလှအပကြောင့်ထက်တော့ လေးနက်တယ်ကွယ့်။ အလှအပက အချစ်ကို မွေးဖွားမပေးနိုင်ပေမယ့် အချစ်ကြောင့်လှသွားတာတွေရှိတယ်။ ဒါကြောင့်လည်း

'ချစ်လို့လှတာပါ' ဆိုတဲ့စကားကို ပြောနေကြတာပေါ့။

ပြီးတော့ 'လှတိုင်းချစ်ရမှာလား' ဆိုတဲ့စကားကို သတိထားကြည့်။ အလှအပက အချစ်ကို မွေးဖွားမပေးနိုင်ဘူး ဆိုတာထင်ရှားတယ်။ 'လှ' လို့ချစ်တာပါလို့ ပြောလာရင် 'မလှရင်' မချစ်တော့ဘူးလားလို့ ပြန်မေးချင်တယ်။

အချစ်ဟာအပေါ်ယံအလှအပအပေါ် အခြေမခံဘူးဆိုတာကိုသိသာထင်ရှားအောင်လေးလေးပြောချင်တယ်။ ဖြစ်ဖူးတာတွေရှိတယ်။ ကောင်လေးနဲ့ကောင်မလေးနဲ့ရပြီးမှကောင်လေး ဖြစ်ဖြစ်ကောင်မလေးဖြစ်ဖြစ် ကားတိုက်လို့ဖြစ်ဖြစ်ဆိုပါစို့။ ရုပ်ပျက်သွားရတာ အလှပျက်သွားရတာတွေရှိတယ်။ အဲသလို ဖြစ်သွားပေမယ့် သူတို့ဆက်ချစ်နေကြတာပါပဲ။ ချစ်လို့ ယူထားကြပြီးမှ အလှပျက်သွားလို့ ကွဲသွားတယ်ရယ်လို့မရှိပါဘူး။ အဲဒါဟာ အချစ်ရဲ့တွယ်တာမှုလေးနက်ပုံကိုဖော်ပြတာပဲ။အချစ်ဟာအပေါ်ယံအလှအပကို စွဲမက်တာထက်ပိုတယ်။ သိမ်မွေ့တယ်။

အကြိုက်ကတော့အလှအပအပေါ်အခြေခံထားတာမို့အလှပျက်ရင်မကြိုက်တော့ဘူးပေါ့။ပြီးတော့ပိုလှတာကိုတွေ့ရင်လည်း

http://www.cherrythitsar.org



အကြိုက်ပြောင်းသွားတတ်တာပါပဲ။အချစ်မှာကသံယောဇဉ်ရှိတယ်၊ တွယ်တာမှုရှိတယ်။ အကြိုက်မှာက သံယောဇဉ်မရှိဘူး။ တွယ်တာမှုမရှိဘူး။ ပိုရှင်းအောင်ဆွေးနွေးရရင်

တစ်ချို့ ခွေးလေးကြောင်လေးတွေကို ချစ်လို့မွေးထားတာတွေ့တယ်မဟုတ်လား။ အဲသလို ချစ်လို့မွေးထားတဲ့ ခွေးလေးကြောင်လေးတွေကို သွားတောင်းကြည့်စမ်းပါ။ ဘယ်ပေးမှာလဲ။ ဝယ်လို့တောင်ရမှာ မဟုတ်ဘူး။ တစ်ချို့အပျိုကြီးတွေဆို ကိုယ်မွေးထားတဲ့ ကြောင်လေး ခွေးလေး နေမကောင်းရင် ဆရာဝန်ခေါ်ကုရတာနဲ့၊ သေများသွားရင် ငိုရတာအမော။ အဲဒါ ချစ်တာ ကိုး။ အချစ်မှာ သံယောဇဉ်ရှိတာယ်လေ။

အဲအကြိုက်မှာကတော့သံယောဇဉ်မရှိဘူး။ ကားတစ်စီးကို ကြိုက်လို့ဝယ်ထားတယ်ဆိုပါစို့။ နောက်ထပ်အဲဒီထက် ပိုကြိုက်တဲ့ ကားတွေ့ရင်လဲချင်လဲမှာပဲ။ နောက်ထပ်ဝင်လာတဲ့ကားက ဆီစားပိုသက်သာတယ်၊ပိုလှတယ်ဆိုအဲဒီကားပြောင်းကြိုက်မှာပဲအကြိုက်မှာကသံယောဇဉ်မရှိဘူး။ပြောင်းနိုင်တယ်။ မကြိုက်တော့ဘဲလည်းဖြစ်နိုင်တယ်။

ကဲချစ်တာနဲ့ကြိုက်တာ ကွဲပြားသွားရင် ယောကျ်ားလေးတွေနဲ့ ဆက်စပ်တွေးကြည့်ကြဦးစို့။

ယောကျ်ားလေးတစ်ယောက်ကို ကိုယ့်ကိုချစ်ရေးဆိုလာပြီဆိုရင် သူဟာ ကိုယ့်ကိုဆန္ဒတစ်ခုခုကြောင့် ကြိုက်တာလား၊ ကိုယ့်မှာ သူမြတ်မြတ်နိုးနိုးချစ်နိုင်လောက်တဲ့ အရည်အချင်းတွေရှိနေလို့ချစ်တာလားဆိုတာ ပထမစဉ်းစား။

ပြီးရင်

http://www.cherrythitsar.org



http://www.cherrythitsar.org



ကိုယ်ကရော သူ့ကို အဖြေပေးတော့မယ်ဆိုတာနဲ့ ကြိုက်မိတာလား၊ ချစ်မိတာလားဆိုတာ စဉ်းစားပါ။ ယောကျာ်းလေးတစ်ယောက်ကို သဘောကျပြီဆိုရင်

လှလို့ကြိုက်မိတာကို

သူဌေးသားမို့ ကြိုက်မိတာကို

တိုယိုတာ စပရင်တာကားကြီး စီးလာလို့ ကြိုက်မိတာကို ချစ်တယ်လို့ ထင်နေတတ်ကြတယ်။ သူ့မှာ ချစ်လောက်စရာ အရည်အချင်းရှိမှချစ်ရမှာပေါ့။ဒါကြောင့်ငါ့တူမများကို လေးလေးသတိပေးချင်တယ်၊ ယောကျာ်းလေးတစ်ယောက်ကို စိတ်ဝင်စားမိပြီဆိုရင်သဘောကျပြီဆိုရင်ကိုယ့်ဟာကိုယ် အလျင်ဆုံး သေသေချာချာ စဉ်းစားပါ။

ချစ်တာလား၊

ကြိုက်တာလား၊

ချစ်တာက သံယောဇဉ်ရှိတယ်၊

ကြိုက်တာက ပြောင်းလဲနိုင်တယ်။

## ခွင့်လွှတ်တယ်ဆိုတာ

ခွင့်လွှတ်တယ်ဆိုတာ ချစ်လို့။

အချစ်မှာ သံယောဇဉ်ရှိသလို ခွင့်လွှတ်နိုင်စွမ်းလည်း ရှိတယ်ကွယ့်။တကယ်ချစ်လာပြီဆိုရင် တော်ရုံတန်ရုံအပြစ်မပြောနဲ့ ဧရာမအပြစ်ကြီးတွေကို ခွင့်လွှတ်ပစ်တော့တာ။ မှားသလား မှန်သလားဆိုတာကို မစဉ်းစားတော့တာ။ ချစ်မိပြီဆိုရင်တော့ တစ်လောကလုံးကို

http://www.cherrythitsar.org

# စင့်ရှုပ်တယ်ဆိုတာ



http://www.cherrythitsar.org



ရင်ဆိုင်ရမလား ရင်ဆိုင်ရဲတယ်ဆိုပြီး ဖြစ်သွားတတ်တယ်။ ဒါကြောင့် အချစ်နဲ့ပတ်သက်လာရင် ခပ်ပေါ့ပေါ့ သဘောမထားလေနဲ့ကွယ့်။

မချစ်မိခင်မှာ ချစ်သင့် မချစ်သင့် အလေးအနက်စဉ်းစား ရမယ်။ ကိုယ့်အချစ်နဲ့ ထိုက်တန်ရဲ့လားဆိုတာချင့်ချိန်ရမယ်။ ကိုယ်ကချစ်ပါတယ်လို့ပြောလိုက်မယ့်လူဟာကိုယ့်ဘဝသက်တမ်း တစ်လျှောက်လုံး သူ့လက် ပုံအပ်ရမယ့်သူပဲ။

အဲ

မချစ်သင့်သူကို ချစ်မိပြီဆိုရင် 'ချစ်ဒုက္ခ' ဖြစ်ပြီပေါ့။ သံယောဇဉ်ဆိုတာ ဖြတ်ရဖို့အခက်သား။ 'အချစ်မှာ မျက်စိမရှိပါ' ဆိုတဲ့စကားလုံးသာ သတိရလိုက်ပေတော့။ သူ့ဘာလုပ်လုပ် ခွင့်လွှတ်ပြီး ချစ်တော့မှာ။ လူလူချင်းချစ်တာမပြောနဲ့။ တိရစ္ဆာန် ကိုချစ်မိလို့ အပြစ်မမြင်တဲ့အကြောင်းလေးပြောပြမယ်။

လေးလေးရဲ့မိတ်ဆွေတစ်ယောက်ရှိတယ်။ ငါ့တူမများ ကြားဖူးမှာပေါ့။ ရန်ကုန်ကပန်းချီဆရာ ကိုတင်မောင်မျှင့် ဆိုတာ။ အဲဒီ ကိုတင်မောင်မျှင့်က ကြောင်တွေကို အလွန်ချစ်တာ။ သူမွေးထားတဲ့ ကြောင်အကောင်သုံးဆယ်ကျော်တယ်။

အဲသလို ကြောင်ချစ်တတ်ပြီးကြောင်တွေမွေးထားလို့ သူ့ အိမ်ထောင်ကျခဲ့တာ။ ကြောင်ရေးတဲ့ ဖူးစာလို့ပြောရမလိုပဲ။ ကိုတင်မောင်မျှင့်ရဲ့မဟေသီကလည်း ကြောင်တွေမွေးထားတယ်။ အပေါ်ကကြောင်ကအောက်ထပ်ရောက်၊အောက်ထပ်ကကြောင်က အပေါ်ထပ်ရောက်နဲ့။ ကြောင်တွေလိုက်ခေါ်ရင်း အစာကျွေးရင်း ရသွားကြတာဆိုပဲ။ တော်သေးရဲ့၊ ကြောင်ချစ်သူချင်းမို့။ ကိုတင်မောင်မျှင့် ကြောင်ချစ်ပုံက လွန်လွန်းတယ်။

http://www.cherrythitsar.org



တစ်ခါက ကိုတင်မောင်မျင့်က ဗွီဒီယိုဇာတ်ကားတစ်ကား အတွက် ဒီဇိုင်းတစ်ခုလုပ်နေတယ်။ အဲဒီတုန်းက သူယူတဲ့နှုန်းက နှစ်ထောင်၊ ခုတော့ ငါးထောင်လောက်ရှိမယ်ထင်ပါရဲ့။ နောက်ခံသုတ်၊ စာလုံးရေး၊ ဓါတ်ပုံကပ်၊ အကုန်ပြီးနေပြီ။ မနက်ယူမယ့်သူလာတာနဲ့ ရေးပြီးသွားတဲ့ဒီဇိုင်းကို စားပွဲပေါ်မှာထားခဲ့ပြီးသူက လက်ဖက်ရည်ဆိုင်ထိုင်ဖို့ ဆင်းလိုက်သွားသတဲ့။ သိပ်မကြာပါဘူး။ ခဏပါ။ နာရီဝက်လောက်ပါ။

သူ လက်ဖက်ရည်ဆိုင်ကပြန်တက်လာတော့ သူရေးထားခဲ့တဲ့ဒီဇိုင်းတစ်ခုလုံးကစုတ်ပြဲနေပြီး ဓာတ်ပုံတွေကွာ၊ဆေးတွေပျက်၊ ကြောင်က လက်သည်းသွေးထားတာလေ။ ရစရာ မရှိတော့ဘူး။

'ဘယ်လိုဖြစ်တာလဲ'

'တော့်သားကြီးလေ၊ လက်သည်းသွေးလိုက်တာ၊ ဆွဲချိန်ကိုမရလိုက်ဘူး'

'အဲဒီကောင်ကြီးရော'

'စားပွဲအောက်မယ်'

ကိုတင်မောင်မျင့်ကသားကြီးဆိုတဲ့ကြောင်ကိုဖမ်းပွေ့ယူလိုက်ပြီး'

'သားကြီးကဖေဖေကြီးလက်ရာကို မကြိုက်ဘူးထင်တယ်၊ ဟုတ်လား၊ ဖေဖေကြီးကသားကြီးကြိုက်အောင်ပြန်ရေးမယ်နော်'

ဆိုပြီးအဲဒီဒီဇိုင်းကိုတစ်ညလုံးထိုင်ပြီးအစအဆုံး အသစ်ပြန်ရေးသတဲ့လေ။ ကဲ ဘယ်နှယ့်လဲ။ တကယ်ချစ်လာပြီ ဆိုတော့ လူလူချင်းမပြောနဲ့၊ တိရစ္ဆာန်ကိုတောင် အပြစ်မပြော တော့တာ၊ ခွင့်လွှတ်တော့တာ။ မင်းလုပ်သမျှကျေနပ်တယ် ဖြစ်သွားရော။

ဒါကြောင့်ငါ့တူမများကိုလေးလေးကသတိပေးချင်တယ်။

http://www.cherrythitsar.org



ယောကျ်ားလေးတစ်ယောက်ကို ကိုယ်ကချစ်တော့မယ် ဆိုရင်ကိုယ့်အချစ်နဲ့ထိုက်တန်ရဲ့လား၊မထိုက်တန်ဘူးလားဆိုတာ စဉ်းစားပါ။ချစ်မိပြီးလို့ကတော့သူဘာလုပ်လုပ်ဘယ်လို ဖြစ်နေနေ အပြစ်မြင်မှာ မဟုတ်တော့ဘူး။

## နောက်မိန်းမယူတတ်တဲ့ ယောကျ်ားတွေ

စိတ်ညစ်စရာကောင်းတဲ့အထဲမှာ နောက်မိန်းမယူတတ်တဲ့ ယောကျ်ား နဲ့ တွေ့ကြုံရမှာလည်း ပါတယ်ကွယ့်။ မိန်းကလေး တစ်ယောက် အတွက် နောက်မိန်းမယူတတ်တဲ့ ယောကျ်ားနဲ့ ပထမအမျိုးသမီး အဖြစ်ကြုံရမှာလည်း မကောင်းဘူး၊ ဒုတိယ အမျိုးသမီးအဖြစ် ဆုံရမှာလည်း စိတ်ညစ်စရာပဲ။ အတတ်နိုင်ဆုံး ဝေးဝေးကရှောင်။ မကြုံရအောင်ကြိုလေ့လာ။ လေးလေးက ခုလိုပြောတော့ နောက် မိန်းမယူတတ်တဲ့ ယောကျ်ားမျိုးကို ဘယ်လိုလုပ်ကြိုသိနိုင်မလဲလို့ ငါ့တူမများက မေးချင်လိမ့်မယ်။

ဒီနေရာမှာ နှစ်ပိုင်းခွဲပြီးပြောမှဖြစ်မယ်။

ယောကျ်ားတစ်ယောက်ကိုယူတော့မယ် ဆိုရင်မယူခင်မှာ သေသေချာချာလေ့လာပါ။ကိုယ်ကအဲဒီယောကျ်ားကိုတကယ်ချစ် လို့လက်ခံနိုင်လို့ယူမှာဖြစ်သလို သူကရောကိုယ့်ကိုတကယ်ချစ်လို့ ယူတာဟုတ်ရဲ့လားဆိုတာသိဖို့လိုတယ်။ကိုယ်ကိုတကယ်ချစ် လို့မဟုတ်ဘဲ

လှလို့၊
ချမ်းသာလို့၊
အလွယ်ရလို့၊
မိဘသဘောတူလို့

http://www.cherrythitsar.org

# နောက်မိုးမ ယူတတ်တဲ့

ယောကျ်ားဆွေ



http://www.cherrythitsar.org



စတဲ့စတဲ့အကြောင်းတစ်မျိုးမျိုးကြောင့်ဆိုရင်အဲဒီယောကျ်ား ဟာနောက်မိန်းမယူဖြစ်ဖို့ ခုနှစ်ဆယ့်ငါးရာခိုင်နှုန်းသေချာတယ်။ ရပြီးမှချစ်သွားတာ၊သားသမီးသံယောဇဉ်ကြောင့်စည်းစောင့်တယ် ဆိုတာမျိုးအတွက် နှစ်ဆယ့်ငါးရာခိုင်နှုန်း ခြင်းချက်ထားတာပါ။

လှလို့ ချမ်းသာလို့အလွယ်ရလို့မိဘသဘောတူလို့ ဆိုတာ မျိုးတွေကြောင့်ယူခဲ့တဲ့ယောကျ်ားတွေဟာအချိန်မရွေးကိုယ့်ထက် လှတာအာရုံအသစ်အဆန်းဖြစ်တာတွေ့နိုင်လို့ပဲ။နောက်ပြီးကိုယ် နဲ့ရပြီးမှသူ့မှာချစ်တဲ့သူတွေ့နိုင်သေးတယ်။ချစ်တယ်ဆိုတာ လှတာ ချမ်းသာတာနဲ့မဆိုင်ဘူးလို့ လေးလေးပြောပြခဲ့ပြီးပြီပဲ။ ဒါကြောင့် တစ်ချို့ယောကျ်ားတွေဟာချမ်းသာတဲ့မိန်းမ၊ဥစ္စာပေါရပ်ချောခံ့ခံ့ ကြီးရထားပြီးတိုက်နဲ့ကားနဲ့ဇိမ်နဲ့နေတဲ့ကြားက အရပ်ထဲက ဈေးထဲ က သူ့မိန်းမလောက်မလှတဲ့ မပြည့်စုံတဲ့ ကောင်မလေးတွေကို ထပ်ယူကြတာတွေ ဖြစ်ကုန်တာပေါ့။

တစ်ချို့ယောကျ်ားတွေကတော့ နောက်ထပ်ချစ်တဲ့သူတွေ့ လို့မဟုတ်ဘူး။ အကြိုက်တွေ့လို့ ပြောင်းတာတွေရှိသေးတယ်။ ရိုးသွားလို့ပြောင်းတာရှိသေးတယ်။ နောက်မိန်းမ ယူတတ်တဲ့ ယောကျ်ားအတော်များများဟာအိမ်ထောင်သက်ငါးနှစ်နဲ့ဆယ်နှစ် အတွင်းမှာယူတတ်တာများတယ်။ အဲသလောက် ရောက်သွား တော့ ကိုယ်ယူထားတဲ့မိန်းမကို ရိုးသွားပြီလေ။ လှတယ် မထင်တော့ဘူး။ သားသမီး မရှိရင် ပိုဆိုးသေးတယ်။

အဲ အိမ်ထောင်သက်ဆယ်နှစ်ဆယ့်ငါးနှစ်ရောက်သွားပြန် တော့လည်းချစ်လို့ယူခဲ့တာမဟုတ်ပေမယ့်ကိုယ့်အပေါ်အနစ်နာခံခဲ့ တာတွေအလိုလိုက်ခဲ့တာတွေကြောင့်'သနား' လို့ဆိုပြီးစည်းစောင့် သွားပြန်ရော။ယောကျ်ားတိုင်း ဒီလိုအမူအကျင့်ရှိတယ်လို့ဆိုလိုတာ

http://www.cherrythitsar.org



မဟုတ်ဘူးနော်။ သူက ကိုယ့်ကိုမချစ်ဘဲယူခဲ့တဲ့ ယောကျ်ားမျိုးတွေ ဖြစ်လေ့ဖြစ်ထရှိတာကိုလေးလေးကပြောပြတာပါ။ဒါကြောင့်အိမ်ထောင်ပြုတော့မယ်ဆိုရင် ရှေးလူကြီးတွေက ပြောကြတယ်မဟုတ်လား။

'ဟဲ့ ကိုယ်ချစ်မရှာနဲ့ သူချစ်ရှာ' ဆိုပြီးတော့။

အဲဒါအိမ်ထောင်ရေးဖောက်ပြန်မှုမဖြစ်အောင်ပြောတဲ့စကားပဲ။ကိုယ့်လက်ထဲကနေနောက်မိန်းမယူသွားတာမျိုးမဖြစ်စေချင်ရင်တော့ရှေးလူကြီးတွေပြောသလို 'သူချစ်' ကို ဦးစားပေးပေတော့။

ဒါက နောက်မိန်းမယူတတ်တဲ့ ယောကျ်ားမျိုးနဲ့ ပထမအမျိုးသမီးအဖြစ်မကြုံရဖို့ လေးလေးပထမပြောချင်တာပါ။ ကဲ ကိုယ့်ကိုဒုတိယအမျိုးသမီးအဖြစ် အယူခံရခြင်းမရှိဖို့ ဆက်ဆွေးနွေးချင်တယ်။

မိန်းမရှိတဲ့လူတစ်ယောက်ဟာ နောက်ထပ်မိန်းမလိုချင်ပြီဆိုရင်သူ့မိန်းမမကောင်းကြောင်း၊အသုံးမကျကြောင်းတွေပြောလာတော့တာပဲ။ အိမ်ထောင်သက်လေးငါးနှစ်ဝန်းကျင်ရှိတဲ့ယောကျ်ားတစ်ယောက်ကကိုယ့်ရှေ့မှာလာပြီးသူ့ဇနီးမကောင်းကြောင်း၊အသုံးမကျကြောင်း၊ ကိုယ့်လောက်မလှကြောင်းတွေပြောလာပြီဆိုရင်ဝေးဝေးကိုထွက်ပြေးပေတော့ငါ့တူမ။ အဲသလိုသူ့မိန်းမ မကောင်းကြောင်းပြောလာတဲ့ ယောကျ်ားကို သနားလိုက်မယ်ဆိုရင်၊အလိုက်အထိုက်ပြန်ပြောဆက်ဆံလိုက်မယ်ဆိုရင် မကြာခင်မှာကိုယ်က ဒုတိယ မိန်းမဖြစ်သွားရလိမ့်မယ်။

နောက်မိန်းမယူချင်တဲ့ယောကျ်ားများရဲ့ အဓိကအပြောအဆိုကတော့ သူ့မိန်းမကိုစိတ်ပျက်တဲ့အကြောင်းပဲ။ သူ့မိန်းမ အသုံးမကျကြောင်းပဲ။ သူယူထားတာ သူ့ဒွေးသမီးဖြစ်နေရင် ငွေပဲအဓိကထား

http://www.cherrythitsar.org



နေကြောင်း၊သူ့ကိုဂရုမစိုက်ကြောင်း၊အိမ်ထောင်ရေး မသာယာကြောင်းပြောမယ်။

သူက လုပ်ကျွေးနေရရင် အိမ်ထောင်မှု မထိန်းသိမ်းတတ်ကြောင်း၊ အသုံးအဖြုန်းကြီးကြောင်း ပြောမယ်။

သားသမီးတွေရှိနေရင် သူ့ကလေးတွေကို အသိဉာဏ်ရှိတဲ့မိခင်မျိုးနဲ့ တွေ့စေချင်ကြောင်း၊ မအေရင်းဖြစ်ပြီး မိခင်စိတ်မရှိကြောင်းဆိုတာမျိုးတွေ ပြောမယ်။

ပြောတဲ့ပုံစံ

ပြောတဲ့လေသံ

ဘယ်လိုကွဲကွဲအဓိကကတော့သူ့ဇနီး အသုံးမကျကြောင်းဖြစ်မှာပဲ။ အဲသလိုပြောလာတဲ့ယောကျ်ားများရဲ့စကားကို အချိန်ပေးပြီးနားမထောင်ပါနဲ့လို့ငါ့တူမများကို လေးလေးသတိပေးချင်တယ်။ အဲဒီအိမ်ထောင်သည်ယောကျ်ားဟာ ချမ်းသာချင်ချမ်းသာမယ်၊ ဆင်းရဲချင်ဆင်းရဲမယ်။ ဆင်းရဲဆင်းရဲ ချမ်းသာချမ်းသာ အဲသလို ကိုယ့်မိန်းမ မကောင်းကြောင်း အခြားမိန်းကလေးတွေကို လာပြောပြီဆိုရင် နောက်မိန်းမယူချင်လို့ပဲ။

မယားရှိတဲ့ယောကျ်ားတစ်ယောက်ကို သနားလိုက်ခြင်းဟာ ကိုယ့်မိဘ အသိုင်းအဝိုင်းတစ်ခုလုံးကို ရက်စက်လိုက်ခြင်းပဲဆိုတာ သိထားပါ။

နောက်တစ်မျိုးရှိသေးတယ်။ အဲဒါကတော့အသိဉာဏ်နည်းနည်းနဲ့နောက်မိန်းမယူဖို့ဝန်မလေးတဲ့လူမျိုးတွေပဲ။ သူတို့ကတော့နီးစပ်မှုလေးရတာနဲ့သိပ်ပြောဆိုမနေဘူး။လက်ကိုင်လို့ရလက်ကိုင်မယ်၊ကျောပုတ်လို့ရကျောပုတ်မယ်၊ ခေါင်းထိလို့ရ ခေါင်းထိမယ်။

# ဗွီဒီယိုထဲကယောက်ျားချိုး

## ဝတ္ထုထဲကယောက်ျားချိုး



http://www.cherrythitsar.org



လူလစ်ရင်လစ်သလို လက်တော်တင် ခြေတော်တင်နဲ့ အခြေအနေတွေ လွန်ကျွံအောင် ဖန်တီးပြီး ယူလိုက်ကြတာပဲ။

ဒါကြောင့်

'ဟာ ဒီလူကြီးက မိန်းမရှိပါတယ်၊ ရိုးရိုးပါ'

ဆိုပြီး ရောရောနှောနှောမနေဖို့ လေးလေး သတိပေးချင်တယ်။ ကဲ ဒီတော့ ဒီအခန်းကို နိဂုံးချုပ်လိုက်ရအောင်။ နောက်မိန်းမယူတဲ့ ယောကျ်ားမျိုးနဲ့ မတွေ့ချင်ရင်

(၁) ကိုယ်အိမ်ထောင်ပြုမယ့် ယောကျ်ားဟာကိုယ့်ကို တကယ် ချစ်ရဲ့လားဆိုတာ သိဖို့လိုပါတယ်။ သူချစ်ကိုယ်ချစ် ဖြစ်ရပါမယ်။ သူကကိုယ့်ကိုချစ်တာ မဟုတ်ဘဲကြိုက်တာ ဆိုလို့ကတော့ အချိန်မရွေး အကြိုက်ပြောင်းသွား နိုင်ပါတယ်။ သံယောဇဉ်ရှိမယ် မဟုတ်ပါဘူး။

(၂) အိမ်ထောင်ရှိတဲ့ ယောကျ်ားတစ်ယောက်ဟာ ကိုယ့်ရှေ့မှာလာပြီး သူ့မိန်းမမကောင်းကြောင်း ပြောရင် ဝေးဝေးက ရှောင်ပါ။

(၃) မိန်းမရှိတဲ့ယောကျ်ားတွေနဲ့ ရောရောနှောနှော မနေပါနဲ့။ ဒါမှ စိတ်မညစ်ရမှာ။

## ဗွီဒီယိုထဲက ယောကျ်ားမျိုး ဝတ္ထုထဲက ယောကျ်ားမျိုး

ခေတ်ကပြောင်းနေပုံများမြန်လိုက်တာ။အမူအကျင့် အပြောအဆို တွေဟာညေ့်သည်ကျနေတာပဲ။ခုရောက်လာလိုက်၊ တော်ကြာ ပျောက်


ဝိုင်းတော်သား
ဝတ်စားဆင်ယင်မှုကို
အားကျတာက ဖြစ်ရပေမယ့်
ဝိုင်းတော်သား အမူအကျင့်ကို
အားကျတဲ့ စိတ်က မဖြစ်နိုင်ဘူး
ပိုပြီး ကြောက်စရာ
ကောင်းတယ်

http://www.cherrythitsar.org



သွားလိုက်။ဒီနေ့လက်ခံကျင့်သုံးလိုက်၊ နက်ဖြန် ပစ်ထားလိုက်။ တစ်ချို့အမူအကျင့်တွေကိုတော့ လူငယ်တွေက လက်ခံ ထိန်းသိမ်းထားတာလေးလေးသတိထားမိတယ်။ ဘယ်က အမူအကျင့်တွေလဲဆိုတော့ နိုင်ငံတကာ အမူအကျင့်တွေပေါ့။ လူငယ်နဲ့လူကြီးဆက်ဆံတာ၊ လူငယ်လူငယ်ချင်း ဆက်ဆံတာ၊ ကောင်လေးနဲ့ကောင်မလေးဆက်ဆံတာ။ ငါ့တူမများနဲ့ တိုက်ရိုက် ပတ်သက်နေမယ့်ကောင်လေး ကောင်မလေး ဆက်ဆံရေးကိုပဲ လေးလေး ဆွေးနွေးချင်တယ်။

တိုင်းတစ်ပါးအမူအကျင့်တွေ ရောက်လာပုံကဗွီဒီယိုခေတ်မှာပိုပြီးများတယ်။ဟိုးအလျင်ကနိုင်ငံခြားအပြုအမူဆိုတာသူတို့စာပေတွေထဲဝတ္ထုတွေထဲရေးဖွဲ့ထားတာကိုအင်္ဂလိပ်စာတတ်သူများဖတ်မှသိရတာကွယ့်။အင်္ဂလိပ်စာတတ်သူကလည်း အနည်းသား။

'ဟော့ ဘာစာလဲကွ'

'ဘာစာမှန်းမသိဘူး အင်္ဂလိပ်လိုရေးထားတာ'

'ဟုတ်လား၊ ဒါဖြင့် ငါ့ပေး'

'မင်းက ဖတ်တတ်လို့လား'

'ဟင့်အင်း၊ ရုံပိုင်ကြီးသွားပြမလို့'

ဆိုတဲ့ပြက်လုံးမျိုးတောင်ရှိသေးတယ်။ဒါကြောင့်အဲဒီတုန်းကအင်္ဂလိပ်စာတတ်သူများဖတ်ပြီးမှသိကြရတာဆိုတော့တိုင်းတစ်ပါးရဲ့အမူအကျင့်တွေဟာ လေးလေးတို့မြန်မာ့ဓလေ့စရိုက်ထဲ များများစားစားထိထိရောက်ရောက်မထိုးဖောက်နိုင်ပါဘူး။ ခုဗွီဒီယိုခေတ်မှာတော့တိုင်းတစ်ပါးအမူအကျင့်ကကျေးလက်ထိ ဝင်ရောက်ထိုးဖောက်သွားပြီလေ။ အဲဒီအတွက် ကောင်းတာတွေ ခေတ်မီတိုးတက်သွားတာတွေရှိသလို ဆိုးတာတွေ ဆုတ်ယုတ်ပျက်စီး သွားတာတွေလည်း

http://www.cherrythitsar.org



ရှိလာတယ်။ ကောင်းတာတွေအတွက်က ပြဿနာမဟုတ်ပေမယ့် ဆိုးတာတွေအတွက်က ပြဿနာပဲ။

ဒီနေ့တိုင်းတစ်ပါးအမူအကျင့်တွေတိုးဖောက်ဝင်ရောက်လာတာမှာစိတ်ပိုင်းနဲ့ပတ်သက်တာရော၊ရုပ်ပိုင်းနဲ့ပတ်သက်တာရောတစ်ပြိုင်တည်းလို့ပြောရမှာပေါ့။ဘာလို့လဲဆိုတော့ ဗွီဒီယိုနဲ့အပြိုင်လေဘောဆိုင်တွေကပါကျေးလက်အထိမှီပေါက်သလိုအစုလိုက်အပြုံလိုက်ရောက်နေတာကိုးဟန်ကျလိုက်ပုံများ၊ဆိုက္ကားဆရာလည်းဂျင်းပင်(န်)နဲ့။ပန်းရံသမလေးကလည်းစကတ်နဲ့။လမ်းဘေးအကြော်သည်ကလည်းဝိုက်စကတ်နဲ့။ တစ်ရာဖိုးသုံးထည်ရော၊ တစ်ထည်တစ်ရာရော၊ဈေးကလည်းချိုတော့အဆင်ကိုပြေချင်တိုင်း ပြေနေတာ။ဟိုးအလျင်ကတော့မြို့ကလာတဲ့လူတစ်ယောက်ယောက်များခေတ်ဆန်ဆန်ဝတ်လာရင်တောမှာဝိုင်းကြည့်ခံရမှာပဲ။သူတစ်ယောက်တည်းကြောင်စီစီဖြစ်နေမယ်။ရွာမှာရှိသမျှအောင်နက်တို့ကုတ်ကျားတို့မိုးမှောင်တို့ရန်လုံတို့ရဲ့ဝိုင်းဝန်းဩဘာပေးခြင်းခံရမှာပဲ။

ဒီနေတော့ အဲသလို မဟုတ်တော့ဘူး။ အေးသာကလည်း စကတ်နဲ့၊ သာဂိကလည်း ရှော့ပင်(န်)နဲ့။ ဒီဝတ်စား ဆင်ယင်မှုတွေကို ကျေးလက်ရောက် ဗွီဒီယိုများမှတစ်ဆင့် အမြင်ကရင်းနှီးပြီးသားကိုး။ ဒီတော့ မင်းသား မင်းသမီးများဝတ်သောအဝတ်အထည်များကို တစ်ရာဖိုးသုံးထည် အပုံထဲကနေ ရှာဖွေဝတ်တော့တာပဲ။ ဒါက မြင်ရတဲ့ ရုပ်ပိုင်းပြောင်းလဲမှု။ မမြင်ရတဲ့ စိတ်ပိုင်းပြောင်းလဲမှုရှိသေးတယ်။

နိုင်ငံခြားအမူအကျင့်ကိုစိတ်ထဲမှာနှစ်ခြိုက်လက်ခံလိုက်တာကျတော့မမြင်ရတဲ့ကိစ္စမို့ တော်တော်နဲ့ မသိကြဘူးလေ။ အမူမဲ့အမှတ်မဲ့ပဲ။ လေးလေးတို့က တစ်ဦးချင်းလိုက်ပြီး စိတ်ပညာရှင်များလို

http://www.cherrythitsar.org



ခေါ်လို့မေးခွန်းထုတ်နိုင်တာမှမဟုတ်ဘဲ။ဘယ်လိုအခါ ဘယ်လိုနေရာမှာသိသာလာသလဲဆိုရင်နိုင်ငံခြားတိုင်းတစ်ပါး အမူအကျင့်အယူအဆကိုအနုပညာသမားတွေကလက်ခံလိုက်တဲ့အခါမှာတော့သိသာလာတယ်။ ဘာလို့လဲဆိုတော့သူတို့ပြန်ဖန်တီးတဲ့အနုပညာမှာထင်ဟပ်လာကာကိုး။ အဲဒီတိုင်းတစ်ပါးအယူအဆက လွှမ်းမိုးလာတာကိုး။

ငါ့တူမများကို လေးလေး အဓိကထားပြီး ဆွေးနွေးချင်တာကတော့ ယောကျ်ားတွေနဲ့ပတ်သက်ပြီး နိုင်ငံခြားက မိန်းကလေးတွေလက်ခံသဘောထားပုံဟာ လေးလေးတို့မြန်မာ့ဓလေ့စရိုက်နဲ့ လုံးဝအံမဝင်ဘူးဆိုတာပဲ။ နိုင်ငံခြားသူတွေရဲ့ အပြုအမူမျိုးမြန်မာမိန်းကလေးများ လိုက်အတုယူလို့ မရပါဘူး။ ဒီနေ့အတုယူချင်တဲ့ မိန်းကလေးများစာရေးဆရာမငယ်အချို့ကတော့တိုင်းတစ်ပါးရဲ့ ဖိုမဆက်ဆံရေးပုံစံတွေကို ဝတ္ထုတွေထဲမှာ ရေးဖွဲ့နေကြတာစိတ်မကောင်းစရာတွေ့ရတယ်။ တိုင်းတစ်ပါးရဲ့ ဖိုမဆက်ဆံရေးသဘောထားကို ခေတ်မီတဲ့ ဆက်ဆံရေးလိုလိုရေးပြနေတာဟာ နိုင်ငံခြား ဗွီဒီယိုတွေထက် အန္တရာယ်ပိုကြီးပါတယ်။

ပထမဆုံး စပြောချင်တာကတော့ လေးလေးတို့ မြန်မာနဲ့တိုင်းတစ်ပါးဟာ ဓလေ့ထုံးစံအမူအကျင့်ချင်း လုံးဝကွဲပြားခြားနားတယ်။ မိန်းကလေးနဲ့ယောကျ်ားလေးရဲ့ ဆက်ဆံရေးမှာသဘောထားပုံချင်း လုံးဝမတူဘူး။

နိုင်ငံခြားသူမိန်းကလေးတစ်ယောက်ဟာအနမ်းခံဖို့ရာအတွက်ဝန်မလေးသလိုအနမ်းခံလိုက်ရတဲ့အတွက်လည်းပြင်းပြင်းထန်ထန်လှုပ်ရှားမသွားပါဘူး။လေးလေးတို့ မြန်မာမိန်းကလေးများမှာကလက်ဖျားကလေးအကိုင်ခံရရုံနဲ့ရင်တွေဖိုပြီး ကြက်သီးထနေတာ။

http://www.cherrythitsar.org



ဓလေ့ချင်းကမတူဘဲကိုး။အနောက်တိုင်းမှာကနမ်းတာဟာရင်းနှီးစွာ နှုတ်ဆက်ခြင်း အမူအကျင့်လို့ သဘောထားတာ။

အဖေက သမီးကိုနမ်းမယ်၊
သားက အမေကိုနမ်းမယ်၊
အစ်ကိုက နှမကိုနမ်းမယ်၊
ဦးလေးက တူမကိုနမ်းမယ်၊
သူငယ်ချင်းချင်း နမ်းမယ်၊

ဒါဟာ သိပ်ရင်းနှီးလာရင် ခွင့်ပြုကြတာပဲ။ ကားဆိပ်မှာဖြစ်ဖြစ်၊ဈေးထိပ်မှာဖြစ်ဖြစ်၊လမ်းလယ်မှာပဲဖြစ်ဖြစ်ခွဲခွာရမှာမို့ဒါမှမဟုတ်ပြန်ဆုံကြလို့ဝမ်းသာလို့ ဝမ်းနည်းလို့ နှုတ်ဆက်တဲ့အနေနဲ့ နမ်းကြတာဟာဘာမျှမဆန်းဘူး။ဝန်းကျင်ကလည်း အထူးအဆန်း လုပ်ပြီးကြည့်မနေဘူး။လေးလေးတို့ဆီမှာကတော့ ပန်းရုံကွယ်ထိုင် စကားပြောနေတာကိုပဲချောင်းကြည့်မယ့်လူတွေကတန်းစီနေတာ။ ပတ်ဝန်းကျင်ချင်းတူတာမဟုတ်ဘူး။သူတို့ဆီမှာကတော့နဖူးနမ်း နမ်း၊ပါးနမ်းနမ်း၊နှုတ်ခမ်းနမ်းနမ်းအဆန်းမဟုတ်ပါဘူး။သူတို့ရဲ့ အလေ့အထကိုး။ထမင်းစားပြီးရေသောက်သလိုပါပဲ။လေးလေးတို့ ဆီမှာကအဲသလိုအထိအတွေ့ဟာတစ်သက်မမေ့စရာဖြစ်နေတယ်။ ဒီကွာဟမှုကိုဘယ်လိုမှဆက်စပ်လို့မရပါဘူး။ ကျင့်သုံးဖို့ကြိုးစားလို့ မရပါဘူး။ မြန်မာမိန်းကလေးတစ်ယောက်ဟာလူလယ်ကောင်မှာ အနမ်းခံလိုက်ရမယ်ဆိုရင် ပတ်ဝန်းကျင်က သူ့ကိုတန်ဖိုးထားဖို့ အတော်ခက်သွားပြီ။ဒီလိုအခြေအနေမျိုးမှာ ခေတ်မီမှုဆိုတဲ့မခိုင်မာ တဲ့အကြောင်းပြချက်နဲ့ မိဝေးဖဝေးနေရတဲ့မိန်းကလေးနဲ့ယောကျ်ား လေးဟာတစ်အိမ်တည်းမှာအတူစားအတူအိပ်နေတာတို့၊အိမ်ထောင် ကျပြီးမှတွေ့ရတဲ့ ချစ်သူဟောင်းရဲ့ အနမ်းကို တမ်းတမ်းတတ


ဝတ္ထုတွေမှာလည်း ဒီလို့ရေးတာပဲဆိုပြီး ' ....
ဝတ္ထုက စာမျက်နှာကုန်တော့ ရပ်သွားတာ - ခုနင့်ကဝ က ဝတ္ထုလို ရပ်မရတော့ ဘယ်လိုလုပ်မလဲ

http://www.cherrythitsar.org



ဖွဲ့ပြတာဟာအနောက်တိုင်းအမူအကျင့်လွှမ်းမိုးမှုခံရတဲ့အနုပညာရှင်ရဲ့လုပ်ရပ်တွေပဲ။အဲဒါမျိုးတွေဟာငါ့တူမများအတွက်အန္တရာယ်ပဲ။

ဘာလို့လဲဆိုတော့

ဒီနေ့ငါ့တူမတွေက ဝတ္ထုဖတ်မယ်၊ ဝတ္ထုတွေမှာက ခေတ်မီအောင်ဆိုပြီး ချစ်မှုနည်းပညာတွေရေးပြထားကြလေတော့ ကိုယ့်ချစ်သူကို ဝတ္ထုထဲကလို ချစ်တုံ့ပြန်မိပါပြီတဲ့

အပြင်လက်တွေ့မှာတွေ့နေရတာကဝတ္ထုထဲကယောကျ်ားမဟုတ်ဘူး၊ဗွီဒီယိုထဲကမင်းသားမဟုတ်ဘူး။ ဝတ္ထုထဲမှာယောကျ်ားလေးနဲ့အတူအိပ်လိုက်တာဘာမှမဖြစ်နိုင်ပေမယ့် အပြင်လက်တွေ့မှာက ပြဿနာတွေတက်ပြီး ဘဝပျက်သွားနိုင်တယ်။ ဒါကြောင့်ငါ့တူမများကိုလေးလေးသတိပေးချင်တယ်။ဗွီဒီယိုထဲက၊ဝတ္ထုထဲကယောကျ်ားတွေဟာလည်း ငါ့တူမများအတွက် အန္တရာယ်ပဲဆိုတာသတိထားပါ။ဗွီဒီယိုကြည့်ရင်း ဝတ္ထုဖတ်ရင်းစိတ်ကူးယဉ်ရင်ဖိုခဲ့တဲ့မင်းသားတွေကို အပြင်လောကနဲ့ မဆေါင်းစပ်လေနဲ့။

လက်တွေ့ဘဝဆိုတာ
ဝတ္ထုလို ပြီးပါပြီစာတန်းထိုးပြီး
အဆုံးသတ်လို့မရဘူး။

## ချစ်မေတ္တာနဲ့ သွေးသားဆန္ဒ

တစ်လက်စတည်းလေးလေးတို့ မြန်မာဓလေ့စရိုက်နဲ့ တိုင်းတစ်ပါးဓလေ့စရိုက်အယူအဆချင်း မတူတာကို ပြောပြချင်သေးတယ်။

ဒီနေ့မြန်မာ့ဝတ္ထုတွေမှာရော ရုပ်ရှင်ကားကြီးတွေမှာရောအိမ်ထောင်ကျပြီးမှ ချစ်သူဟောင်းနဲ့ပြန်တွေ့တာတွေ ရေးကြ ပြကြ

http://www.cherrythitsar.org

# ချစ်တာလား

# ကြိုက်တာလား



http://www.cherrythitsar.org



လုပ်နေလို့ပဲ။အဲဒီလိုအိမ်ထောင်သည်တစ်ယောက်ဟာရည်းစား ထားတာမျိုးလေးလေးတို့မြန်မာမှာလူမှုဖောက်ပြန်တာလို့သတ်မှတ် ထားတာကွယ့်။

လေးလေးတို့မြန်မာမှာ တစ်လင်တစ်မယားစနစ်ကို အစဉ် အလာအဖြစ်ကျင့်သုံးခဲ့ကြတာ။ ချစ်ခြင်းမေတ္တာနဲ့သွေးသားဆန္ဒ ကိုခွဲခြားမထားဘူး။ကိုယ့်ချစ်သူဒါမှမဟုတ်ကိုယ့်အိမ်ထောင် ဖက်အပြင်အခြားယောက်ျားလေးတစ်ယောက်ယောက်ကို ချစ်ရင် အတူနေရင်ဖောက်ပြန်တာပဲ။ အိမ်ထောင်ကျပြီးမှ ရည်းစားထား တာဟာမိန်းကလေးရဲ့အခွင့်အရေးမဟုတ်ဘူး။ ဖောက်ပြန်တာပဲ။

ချစ်သူကို အိမ်ထောင်ပြုနိုင်ဖို့ ကြိုးစား။
အိမ်ထောင်ပြုသူကို ချစ်နိုင်ဖို့ ကြိုးစား။
အိမ်ထောင်မပြုဘဲ အတူနေတာတို့
အိမ်ထောင်ပြုပြီးမှချစ်သူ ရှာတာတို့ဟာ ဖောက်ပြန်တာပဲ။

## လင်ကိုဘုရား သားကိုသခင်

လေးလေးဆွေးနွေးခဲ့တာ အတော်များများမှာ ငါ့တူမတို့အတွက် ယောက်ျားဆိုတာ ယုံကြည်စရာမကောင်းတဲ့ ကြောက်စရာကောင်းတဲ့ အမျိုးအစားတွေပါလားလို့များ ထင်စရာဖြစ်နေမလား မပြောတတ်ဘူး။ အမှန်ကတော့ ယောက်ျားပဲဖြစ်ဖြစ် မိန်းမပဲဖြစ်ဖြစ် ကောင်းတဲ့သူရှိသလို ဆိုးတဲ့သူလည်းရှိတာပါပဲ။ ဒါပေမဲ့လေးလေး ကအန္တရာယ်ဖြစ်နိုင် တာတွေကိုဦးစားပေးပြောခဲ့တာပါ။ ကောင်းတဲ့ယောက်ျားတွေရှိလို့ လည်း 'လင်ကိုဘုရား၊ သားကိုသခင်' ဆိုတဲ့ စကားရှိခဲ့တာပေါ့။

# ပင်ကိုဘုရား

သားကိုသခင်



http://www.cherrythitsar.org



မကောင်းတာရှောင်နိုင်မှ ကောင်းတာနဲ့တွေ့မယ်။ မဟုတ်လားကွယ့်။ ယောက်ျားလေးတွေနဲ့ပတ်သက်လာရင် ပတ်သက်ပြီဆိုကတည်းကသူကလည်းလူပျို ကိုယ်ကလည်းအပျိုဆိုလို့ကတော့ 'အစကရှိုးရှိုးနောက်တော့တစ်မျိုးတိုးလို့'တွေဖြစ်တတ်တယ်မဟုတ် လား။ တို့က ခင်တာပါ၊ တို့က စီးပွားရေးအရပါ၊ သူက တို့အစ်ကိုရဲ့သူငယ်ချင်းပါဆိုပြီး ပြောနေရင်းက ညားကုန်ကြတာ တွေအများ ကြီးပဲ။ ဒါကြောင့်ပတ်သက်လာရတာနဲ့ အချစ်ကိစ္စက ကပ်ပါလာတတ်လို့ သတိထားစရာတွေကို အလျင်ပြောပြနေတာပါ။ မိန်းကလေးတစ်ယောက်ဟာ ယောက်ျားလေးတစ်ယောက်ကို စစိတ်ဝင်စားပြီဆိုတာနဲ့ လှတာ၊ ချောတာ၊ ကိုယ့်အပေါ်သည်းခံတာ ကိုယ့်အကြိုက်လိုက်နေကြတာလေးတွေကိုပဲ ကျေနပ်သွားကြတာများတယ်။ သူတို့က ဘာကိုလိုချင်လို့ ကိုယ့်အကြိုက်ကို ပေးနေတာလဲဆိုပြီး စဉ်းစားဖြစ်ခဲတယ်။

ယောက်ျားလေးတွေရဲ့အဆိုးအကောင်းကိုခွဲခြားနိုင်ပြီဆိုရင် ပတ်သက်လာရလည်းကိုယ့်ဘဝအတွက်စိတ်အေးစရာပဲဖြစ်တော့တာပေါ့။ ယောက်ျားလေးတွေဆိုတာ မိန်းကလေးတွေအတွက် လုံးဝကင်းရမယ့် ရှောင်ရမယ့် အမျိုးအစားမဟုတ်ပါဘူး။ ဒါကြောင့်လည်း လောကကြီးမှာ တင့်တယ်မှုကင်းတာနဲ့ ပတ်သက်လို့

'တံခွန်မရှိသောဘုရား
လင်သားမရှိသော မိန်းမ' ဆိုပြီး ပြောထားခဲ့တာပေါ့။

မိန်းမသားတစ်ယောက်ရဲ့ဘဝတင့်တယ်ရေးမှာ ယောက်ျားဟာသိပ်ကိုလိုအပ်ပါတယ်။ ယောက်ျားကောင်း ယောက်ျားမြတ်ကိုရပြီဆိုရင် မိဘအတွက် သားသမီးဝတ္တရားကျေပွန်တဲ့ သားသမီးတွေ

http://www.cherrythitsar.org



ရပြီဆိုရင် အဲဒီမိန်းမသားဟာ အလွန်ကံကောင်းသော မိန်းမသား ဖြစ်ပြီပေါ့။

'လင်ကိုဘုရား

သားကိုသခင်'အရာထားပြီးလေးစားချစ်ခင်ရပြီပေါ့။ကိုယ့်ဘဝအတွက် ကိုးကွယ်အားထားထိုက်သောလင်ယောကျ်ား၊ကိုယ့်ဘဝအတွက်စောင့်ရှောက်ပေးမယ့် သခင်လို သားတွေဟာလည်း ယောကျ်ားတွေပဲပေါ့။ ယောကျ်ားတွေထဲမှာလည်း

အနစ်နာခံသော ယောကျ်ား

ကိုယ်ကျိုးစွန့်သော ယောကျ်ား

သစ္စာရှိသော ယောကျ်ား

မြင့်မြတ်သော ယောကျ်ားဆိုတာတွေ ရှိပါတယ်။ ဒီတော့ ငါ့တူမများက မေးချင်လိမ့်မယ်။အဲသလိုယောကျ်ားမျိုးတွေ့အောင် ဘယ်လိုရှာရမလဲ၊ဘယ်လိုရွေးချယ်ရမလဲ၊ဘယ်လို ဆုံးဖြတ်ရမလဲ လို့။ လေးလေး ပြောမယ် –

## အထင်ကြီးတာနဲ့ လေးစားတာ

ယောကျ်ားတွေကို အထင်ကြီးဖို့မလိုဘူး။ လေးစားတတ်ဖို့ပဲလိုတယ် ကွယ့်။ လေးစားတာနဲ့ အထင်ကြီးတာ မတူဘူး။ ကွဲပြားတယ်။ လေးလေးအချိန်ကုန်ခံပြီး စဉ်းစားထားတာ ငါ့တူမများ အချိန်မကုန်ဘဲ သိရအောင် ပြောပြချင်တယ်။

အထင်ကြီးတယ်ဆိုတာက တိကျရေရာမှုမရှိဘူး။ တစ်ဖက်လူရဲ့ အခြေအနေမှန်ကို တိတိကျကျသေသေချာချာမသိဘဲ တဒင်္ဂအမြင်နဲ့ဟုတ်လှပြီထင်လိုက်တာ။ အပေါ်ယံကြည့်ပြီး တတ်လှပြီ တော်လှပြီ

http://www.cherrythitsar.org

# အာဆင်ကြီးတာ နဲ့

လေးစားတာ



http://www.cherrythitsar.org



ထင်လိုက်တာ။အထင်ကြီးခံရဖို့အတွက်က ဖန်တီးလို့လွယ်တယ်လေ။လေးလေးတို့ငယ်ငယ်ကလေးလေးတို့သူငယ်ချင်းတွေထဲမယ် အထင်ကြီးခံရအောင် ဖန်တီးပြီး မိန်းမပိုးတဲ့လူတွေ အများကြီးရှိခဲ့တာပေါ့။သူများအင်္ကျီငှားဝတ်၊သူများဘောင်းဘီငှားဝတ်၊ဝပ်ရှော့က လူနဲ့ပေါင်း ပြင်ဖို့အပ်ထားတဲ့ ဆိုက်ကယ်ငှားစီးပြီး ရည်းစားတွေဟောတစ်ယောက် ဟောတစ်ယောက်ထားတဲ့ ယောကျ်ားလေးတွေ ရှိဖူးတယ်။ ဒီနေ့လည်းရှိတာပါပဲ။ သဘော်သားလိုလို အေးဂျင့်က လိုလို ကုမ္ပဏီက လိုလိုနဲ့။

မြင်မြင်ချင်း အထင်ကြီးတယ်ဆိုတာ ကိုယ်ညံ့တာပဲ မလေ့လာတဲ့သူတွေ အများတွေနဲ့တွေ့မှာပဲ။ အထင်ကြီးအောင် ဟန်ဆောင်ဖန်တီးထားတဲ့သူဟာ သူ့ဘဝမှန်၊ အဖြစ်မှန်၊ အခြေအနေမှန်ပေါ်လာတဲ့အချိန်မှာ အထင်သေးစရာ ပြန်ဖြစ်ရရော။ ယောကျ်ားလေးတစ်ယောက်ကို အထင်ကြီးမိပြီဆိုရင် သူ့ဘဝမှန်မပေါ်ခင်မှာ ကိုယ့်ဘဝက နစ်မွန်းသွားတတ်တယ်။ အထင်ကြီးတယ်ဆိုတာ သူ့မှာရှိတာထက် ပိုပြီးထင်ထားတာကိုး။ ဒါကြောင့် ကိုယ်ထင်ထားသလောက် မရှိမှန်းသိတဲ့အချိန်မှာ ပြန်ပြီးနောက်ဆုတ်ဖို့ ခက်တတ်တယ်။

'တော့်ကို အထင်ကြီးလို့ ယူမိတာ'

'အဲဒါ မင်း အ လို့ ပေါ့'

'ဟုတ်ပါတယ်၊ ကျုပ်ကဒါကြောင့် နောင်တရလို့ မဆုံးတော့ဘူး'

ဆိုတဲ့ စကားမျိုးတွေဟာ ယောကျ်ားကို အထင်ကြီးမိတဲ့ မိန်းကလေးတွေဆီက ထွက်လာတဲ့အသံတွေပဲ။ ယောကျ်ားတစ်ယောက်

http://www.cherrythitsar.org



ရဲ့အရည်အသွေး ဘဝအခြေအနေကို ခြေခြေ မြစ်မြစ် မလေ့လာဘဲ ကိုယ့်အတွေးနဲ့ကိုယ် အနေအထား တစ်ခု ထိသတ်မှတ်ခြင်းဟာ အထင်ကြီးခြင်း အထင်သေး ခြင်းရဲ့ အခြေခံပဲ။

ယောကျ်ားလေးတွေနဲ့ ပတ်သက်လာရင်အထင်ကြီးမိလို့ မှားတတ်သလိုအထင်သေးမိလို့ မှားတတ်တာတွေလည်းရှိတယ်။ အထင်သေးတယ်ဆိုတာလည်းတစ်ဖက်လူရဲ့အရည်အချင်းအခြေအနေကိုမလေ့လာဘဲ အပေါ်ယံအနေအထားကိုကြည့်ပြီးဆုံးဖြတ်ခြင်းပဲကိုး။ ဒါကြောင့် အထင်ကြီးခြင်း အထင်သေးခြင်းဆိုတာ ယောကျ်ားလေးတွေနဲ့ ပတ်သက်မှ မဟုတ်ဘူး၊ တခြားစီးပွားရေး လူမှုရေးအတွက်ပတ်ဝန်းကျင်နဲ့ဆက်ဆံရာမှာလည်းမထားသင့်ဘူး။ အထင်ကြီးခြင်း အထင်သေးခြင်းဆိုတာရေရာသေချာခြင်း မရှိတဲ့ ဆုံးဖြတ်ချက်ပဲ။

ကဲ ဒီတော့ အထင်ကြီးမှုကို အထူးပြုပြီး ရှောင်ကြပါလို့ လေးလေးသတိပေးချင်တယ်။ တစ်လက်စတည်းမှာ လေးစားသင့်သူကို လေးစားတတ်ဖို့ပါ အကြံပြုချင်တယ်။

လေးစားတယ်ဆိုတဲ့စကားကို သေသေချာချာသတိထားကြည့်စမ်းပါ။ 'ရိုသေလေးစား'ဆိုပြီး 'ရိုသေ'ဆိုတဲ့စကားလုံးနဲ့စကားတွဲအဖြစ်သုံးထားတာတွေ့ရလိမ့်မယ်။လေးစားထိုက်သူဆိုတာ အရည်အချင်းရှိတဲ့လူ၊သစ္စာရှိတဲ့သူ၊မှန်မှန်ကန်ကန်ပြောဆိုတဲ့သူ။ လေးစားထိုက်သူရဲ့ အရည်အချင်းတွေဟာ အကောင်းတွေချည်းပါပဲ။ လေးစားထိုက်သူဆိုတာဟန်မဆောင်တတ်ဘူး၊ အရှိကိုအရှိအတိုင်းနေပြတယ်၊သူ့ကိုအထင်ကြီးမှာအထင်သေးမှာမစိုးရိမ်ဘူး၊ အနစ်နာခံတယ်၊ ကိုယ်ကျိုးစွန့်တယ်။

http://www.cherrythitsar.org



ယောကျ်ားတွေထဲမယ်အဲသလိုလေးစားထိုက်တဲ့ယောကျ်ားတွေ အများကြီးရှိပါတယ်။ လေးစားထိုက်တဲ့ ယောကျ်ားမျိုးဟာ မိန်းကလေးများအတွက်'လင်ကိုဘုရား' ဆို တင်စားထပ်တူပြုခဲ့တဲ့ စကားအတွက် ရွေးချယ်ရမယ့် ယောကျ်ားမျိုးပေါ့။ အဲသလို ယောကျ်ားမျိုးကိုရှာဖွေဖို့အတွက်ကိုယ့်မှာအထင်ကြီးတတ်မှုအထင်သေးတတ်မှုကိုပထမဆုံးကင်းအောင်လုပ်ရမယ်။ ယောကျ်ားတစ်ယောက်ကို မြင်မြင်ချင်းမလေ့လာဘဲ အထင်ကြီးတာမျိုး အထင်သေးတာမျိုးမရှိတော့ဘူးဆိုရင်သူ့အရည်အချင်းမှန်ကို လေ့လာလို့ရမယ်၊ မှန်းဆလို့ရမယ်။ ဒါဆိုကိုယ်လေးစားထိုက်တဲ့ ယောကျ်ားဟုတ်မဟုတ်၊ ကိုယ့်ဘဝကို ဦးဆောင်နိုင်တဲ့ ယောကျ်ား ဟုတ် မဟုတ် ဆုံးဖြတ်နိုင်ပြီပေါ့။

ပြီးတော့ မိန်းကလေးများ ဘဝတစ်လျှောက်လုံးမှာ အဓိကရှောင်သင့်တာ တစ်ခုပြောချင်တယ်။

အဲဒါကတော့ 'အားမနာ' တတ်ဖို့ပဲ။

\+ + +

'အားနာတယ်'ဆိုတဲ့စကားလုံးရဲ့အဓိပ္ပါယ်ကို ငါ့တူမများစဉ်းစားမိရဲ့လား။ အားနာတယ်ဆိုတာ ကိုယ်က မှန်နေလျက်နဲ့အလျှော့ပေးလိုက်တာ၊ အရှုံးပေးလိုက်တာ။ တစ်ဖက်ကကျူးလွန်တာ ပြုမူတာကို ကြည့်နေလိုက်တာဆိုတဲ့ အဓိပ္ပါယ်ရတယ်။

လေးလေးဟာဟိုအလျင်က အလွန်အားနာတတ်တာပေါ့။ အားနာလို့ ဆုံးရှုံးရတာတွေ မနည်းပါဘူး။ နည်းနည်းပြောပြချင်တယ်။ လေးလေးအလုပ်လုပ်နေတယ်။ စာရေးနေတာပေါ့။ အဲဒါသူငယ်ချင်း

# အားနာတတ်ဂျင်

အားပါးပီမြိုးဝယ်



http://www.cherrythitsar.org



ကရောက်လာတယ်။ ပျင်းလို့လာတာ။ တစ်ချို့ကတော့ လမ်းကြုံလို့ ဝင်လာတာ။ဝင်ထိုင်စကားပြောတော့အားနာပြီး အလိုက်အထိုက် ပြန်ပြောနေရရော။ ကိုယ်လုပ်လက်စတွေရပ်ထားရရော။ ဒီတော့ အလုပ်တွေပြီးရမယ့်အချိန်မှာမပြီးတော့ဘူး။အဲဒီ စကားပြောနေတဲ့ အချိန်တွေဟာ အလဟဿ ဆုံးရှုံးရတဲ့အချိန်တွေပဲ။ 'သူငယ်ချင်း ငါအလုပ်လုပ်နေတယ်ကွာ၊စကားမပြောအားဘူး' ဆိုပြီးပြောရမှာ အားနာလို့ဆုံးရှုံးရတာ။ကိုယ့်ဘက်ကမှန်နေသားနဲ့အလျှော့ပေး လိုက်ရလို့ နစ်နာတာ မဟုတ်ဘူးလား။

တစ်ချို့ရှိတယ်။ ပိုက်ဆံချေးသွားတယ်။ ပြန်မပေးဘူး။ ပြန်တောင်းရမှာ အားနာလို့ဆိုပြီး အဆုံးခံလိုက်တယ်။

ငါ့တူမများလည်း ကြုံဖူးမှာပါ။ ကိုယ်ဝယ်ထားတဲ့ ဖိနပ် ကလေး၊ ကိုယ်ကမှ မစီးရက်လို့ စင်ပေါ်တင်ထားတာ။ မင်္ဂလာ ဆောင်သွားချင်လို့ပါဆို အတင်းလာငှားစီးသွားတာမျိုး။ အားနာလို့ ဆို ကြည့်နေလိုက်ရတာ။

အဲသလိုပါပဲ။

ကိုယ်က မှန်နေလျက်နဲ့ အလျှော့ပေးလိုက်ရတဲ့ အခါတိုင်း 'အားနာလို့မပြောတာ' 'အားနာလို့ ကြည့်နေလိုက်တာ' 'အားနာ လို့မတောင်းတာ' 'အားနာလို့ ပေးလိုက်ရတာ' ဆိုတဲ့ စကားတွေ သုံးလေ့ရှိတယ်။ ဒီတော့အားနာတယ်ဆိုတာ အမှန်တရားကို မျက်ကွယ်ပြုတာလို့ အဓိပ္ပါယ်လည့်ကောက်ရင် မဖြစ်ဘူးလား။

အားနာလို့ဆုံးရှုံးရတာ အလျှော့ပေးရတာဟာ အသေးအဖွဲ ဆိုရင်ကိစ္စမရှိပေမယ့် ဘဝနဲ့ ပတ်သက်တာမျိုးမှာ အားနာမိရင် အချစ်ရေးအိမ်ထောင်ရေးမှာ အားနာမိရင်၊ ယောကျ်ားလေးတွေနဲ့

http://www.cherrythitsar.org



ဆက်ဆံတဲ့ဆီမှာ အားနာမိရင် ဆုံးရှုံးမှုအတိုင်းအတာဟာ ကိုယ့်အသက် ထက်ဆိုး ဖြစ်သွားနိုင်တယ်။ ရှိတယ်။

'အဲဒီကောင်ပေါ့၊ ငါ့လက်လိုက်ပြီး အတင်းထိနေတာ'

'နင်ကအော်ဟစ်လွှတ်လိုက်ပါလား၊ ပါးရင်လဲရိုက်လိုက်ပေါ့'

'သူ့အစ်မတွေနဲ့က ရင်းနှီးနေတော့ အားနာလို့'

ဆိုတာမျိုးတွေ။

တစ်ချို့ယောကျ်ားလေးတွေက'အားနာ'အောင်ကြံပြီးဖန်တီး တတ်ကြသေးတယ်။ဘာအခွင့်အရေးမှမတောင်းခင်ဟိုဟာဝယ်ပေး၊ ဒီဟာဝယ်ပေး၊ကိုယ့်မိသားစုနဲ့ရင်းနှီးအောင်လုပ်။လူကြီးနဲ့ရင်းနှီးမှု ယူ။ သူတို့ကူညီတာတွေကြည့်လိုက်ရင် ကိုယ့်မိသာစုအတွက် လိုနေ လို့သာ။တန်ဖိုးကြီးတာလည်းမဟုတ်ဘူး။အဲသလိုတွေလုပ်ပြီးမှ ကိုယ့် မေတ္တာကို တောင်းတော့တာ။ လက်ထပ်ပါရစေဆို ပူဆာတော့တာ။

'မချစ်ပြန်ရင်လဲ အားနာစရာ' ဖြစ်ရရော။

ပေးတာနဲ့တောင်းတာတန်သလားဆိုတော့တန်တာလည်း မဟုတ်ဘူး။ထောင်မြင်ရာစွန့်ဆိုသလိုမိန်းမတစ်ယောက်ရဖို့ အတွက်ဘားပလက်ဝယ်ပေး၊ပေါင်မုန့်ဝယ်ပေး၊ စွပ်ကျယ် ဝယ်ပေးနဲ့။

'မယူလိုက်က မိုက်လို့ထင်၊ ယူလိုက်ပြန်ကကြိုက်လို့ထင်' ဖြစ်ရတာ။

အဲသလို လူကြီးတွေဝင်ပူးပြီး အားနာမှုကိုမွေးယူတတ်တဲ့ ယောကျ်ားမျိုးလည်း ရှိတယ်။

မိန်းကလေးတွေအနေနဲ့ကတော့ ကိုယ့်ဘဝနဲ့ပတ်သက်လာရင်၊ ကိုယ့်အိမ်ထောင်ရေးနဲ့ပတ်သက်လာရင် အမှန်ကန်ဆုံးဆုံးဖြတ်နိုင်ဖို့ အတွက်အားမနာတတ်ဖို့လိုတယ်။ အဲသလိုအားနာလောက်အောင်

http://www.cherrythitsar.org



http://www.cherrythitsar.org



ဖန်တီးပြီးမှ မိန်းမတစ်ယောက်ကို ယူဖို့ကြိုးစားတယ်ဆိုတာ မသမာ တာပဲ။ လေးလေးကတော့ အဲသလိုယောက်ျားမျိုးကို အားမပေးဘူး။

တကယ်ယောက်ျားပီသတဲ့၊ ရိုးသားတဲ့လူမျိုးဟာကူညီတာ ကိုအခွင့်အရေးယူစရာအဖြစ်ပြောင်းလဲမပစ်တတ်ပါဘူး။ သူ တကယ် မေတ္တာရှိနေရင်သူ့မေတ္တာနဲ့ပတ်သက်ပြီး လွတ်လွတ် လပ်လပ်စဉ်းစားပေးပါဆိုပြီး ဖွင့်ပြောမှာပါပဲ။

အသီးလိုချင်လို့ အပင်ရိုင်တာမျိုး၊

သမီးလိုချင်လို့အမေကိုင်တာမျိုးဟာမရိုးသားတဲ့ အပြုအမူ အခွင့်အရေးသမားတွေရဲ့ လုပ်ရပ်ပဲ။

ဒါကြောင့် ငါ့တူမများကို လေးလေးမှာချင်တယ်။

အားမနာပါနဲ့။အားနာတယ်ဆိုတာ ကိုယ်ကမှန်နေလျက်နဲ့ အလျှော့ပေးရတဲ့ သဘောပဲ။ အထူးသဖြင့် ယောက်ျားလေးတွေနဲ့ ပတ်သက်လာရင်

အားနာတတ်ရင်

အားပါတတ်တယ်ကွယ့်။

## ချက်ဆိုနားခွက်က မီးတောက်ပါမှ

ငါ့တူမများကတော့ဒီတစ်ခါ ယောက်ျားတွေအကြောင်းထက် တွေး စရာ စဉ်းစားစရာ အသိဉာဏ်ပိုင်းဆိုင်ရာတွေ ပြောတာတွေ များနေ တယ်လို့ထင်မှာပဲ။မိန်းကလေးဆိုတာ ချက်ဆိုနားခွက်ကမီးတောက် အောင်လည်ပါမှ အန္တရာယ်ကင်းမှာကြောင့်ပါ။ ထူတူတူ အူတူတူ အတတ နတတ ဆိုရင် ဆုံးရှုံးလို့ကို လက်စသတ်နိုင်တော့မှာ မဟုတ်ဘူး။ လေးလေးတို့ငယ်ငယ်က တောင်ပေါ်သူ အမျိုးသမီးကြီး

http://www.cherrythitsar.org

## ချက်ညှိုးအားချက် ၈

ဖိုးတောက်ပိုဖြ



http://www.cherrythitsar.org



တစ်ယောက် လေးလေးတို့အရပ်ထဲ လာနေတာနဲ့ကြုံဖူးတယ်။ အဲဒီတုန်းက လေးလေးတို့က ဆယ်နှစ်ဝန်းကျင်။ လေးလေးတို့ရဲ့ ဦးလေးများ ကလူပျိုပေါက်တွေပေါ့။ လေးလေးတို့က သူတို့လူပျိုများပြောဆိုနေထိုင်ပုံကို အနီးကပ်သင်တန်းတက်နေတဲ့အချိန်။

အဲဒီမှာ လေးလေးရဲ့ ဦးလေးတစ်ယောက်က တစ်ယောက်တည်းလာနေတဲ့ အမျိုးသမီးကြီးနားကပ်ပြီး

'ခင်ဗျားတစ်ယောက်တည်း ခုလိုရှာဖွေစားသောက်နေရတာ သနားတယ်ဗျာ'

လို့ပြောတယ်။ ဒီတော့ အမျိုးသမီးကြီးက မျက်စောင်းထိုးကြည့်လိုက်တယ်။ သူက ကြက်မွေးတံမြက်စည်းလုပ်ရောင်းတာ။ သူ့အလုပ် သူလုပ်နေရင်းကနေ

'ဟေ့ နင်တို့ ယောကျာ်းတွေ သနားတာ ငါသိတယ်'

ဆိုတဲ့ တစ်ခွန်းပဲပြန်ပြောတယ်။ သူ့ကို ဘယ်ယောကျာ်းကမှ ရိုးရိုးမသနားဘူးတဲ့လေ။ တကယ်လည်တာပဲ။ သူလိုလည်တဲ့ တေးသံရှင်တစ်ယောက်တွေ့ဖူးတယ်။ အသက်နှစ်ဆယ်ကျော်ရုံလေးရှိသေးတယ်။ အမေမုဆိုးမနဲ့နေရတာ။ ကောင်မလေးကရုပ်တော်တော်ချောတယ်။ထားပါတော့တီးဝိုင်းနာမည်တွေ လူနာမည်တွေ။ လေးလေးကသူ့အကြောင်းအင်တာဗျူးလုပ်ဖူးလို့သိလိုက်ရတာ။သူပြောပြတဲ့ယောကျာ်းတွေအကြောင်းကလည်းစိတ်ဝင်စားစရာကောင်းသလိုငါ့တူမများ မှတ်သားဖို့လည်းကောင်းပါတယ်။

သူပြောပြတာက

'လေးလေးရယ်၊ သမီးရဲ့အမေကအငြိမ့်မင်းသမီးကြီးပါ။ ငယ်ငယ်က ကတာပေါ့လေ၊ ခုတော့ မကတော့ပါဘူး၊ ယောကျာ်းတွေနဲ့ပတ်သက်လို့ မေမေကပဲပြောပြထားတာပါ။ မေ့မေ့ကျေးဇူး ကြောင့်

http://www.cherrythitsar.org



သမီး ကိုယ့်ဘဝကိုယ် ထိန်းနိုင်တာပါ သမီး သီချင်းဆိုပြီ ဆိုကတည်းက အများကြီးတွေ့ဖူးပါတယ်။ သမီးတွေ့ဖူးတဲ့တီးဝိုင်း ထောင်တစ်ယောက်ဆိုရင် သမီးထက် အသက်နှစ်ဆယ်ကျော်ကြီး တာပေါ့။ သူသမီးကို ရီညဲ့ညဲ့နဲ့ မထိတထိ လက်မောင်းကိုင်လိုက် ကျောပုတ်လိုက်နဲ့ စကားပြောလာပြီ၊ သမီးက အဲ့သလိုလုပ်တာကို မေမေ့ပြန်ပြောပြတော့တာပေါ့။ အဆိုတော်ကလဲဖြစ်ချင်တယ်၊ သူ့အန္တရာယ်လည်းကြောက်တယ်၊ မသွားဘဲလဲ မနေနိုင်ဘူးလေ၊ ဒီတော့ မေမေကသင်ပေးတယ်၊ သမီးသူ့ရှေ့ရောက်တာနဲ့ ကန်တော့တဲ့၊ ပြန်ခါနီးလဲ ကန်တော့တဲ့။ ဆရာဆိုတာ ဘုရားနဲ့ တစ်ဂိုဏ်းတည်းပါလားဆိုတာ သူ့ဟာသူသတိရပြီး သူ့ကိုယ့်ကျင့် တရား သူ့ဟာသူထိန်းသွားလိမ့်မယ်တဲ့။ အဲဒီလို မေမေပြောလိုက်တဲ့ နေ့ကစပြီး ရောက်တာနဲ့ ကန်တော့ပြန်တော့မယ်ဆိုတာနဲ့ ကန်တော့လိုက်တာ သမီး အန္တရာယ်ကင်းသွားတယ်။ အဲဒါက ကြိုးစားနေတုန်းနော်'

'အဆိုတော်ဖြစ်ပြီးမှ ကြုံရတဲ့ ယောကျ်ားတွေအကြောင်း ပြောပြစမ်းပါဦး'

'တကယ်ရယ်ရတယ်လေးလေးရဲ့၊သမီးကိုသမီးရဲ့အနုပညာ သဘောကျလွန်းလို့သူတို့ကအနုပညာကို အလွန်မြတ်နိုးသူတွေမို့ ထမင်းကျွေးချင်လို့ဆိုတာမျိုးတွေရှိသေးတယ်။စီးလာတဲ့ကားက တော့ဆယ့်ငါးသိန်းဝန်းကျင်တန်တဲ့ ကားပါပဲ။ သူတို့အမူအရာနဲ့ လုပ်ရပ်ကတော့ ဆယ့်ငါးကျပ်တောင်မတန်ဘူး'

'သမီး သူတို့ကိုတော့ ဘယ်လိုခါထုတ်လိုက်သလဲ'

'သမီး သူတို့ကို သေသေချာချာမေးရတာပေါ့၊ အနုပညာ ကိုတကယ်ချစ်လို့မြတ်နိုးလို့ဟုတ်ရဲ့လားလို့၊ဟုတ်ပါတယ်ဆိုတော့

http://www.cherrythitsar.org

# ရှက်ကျကာ

ဆရာ: ဂျူနီယာဘား



http://www.cherrythitsar.org



ဒါဖြင့် ဒိုးတီးတဲ့ဦးလူကလေးနဲ့သီချင်းရေးတဲ့ကိုသာယာက သမီး ထက် အနုပညာအရ ဝါလဲကြီးပါတယ်၊ တော်လဲ တကယ်တော် ပါတယ်၊ လေးလဲ လေးစား ထိုက်ပါတယ်။ အစ်ကိုကြီးတို့က အနုပညာကိုမြတ်နိုးတတ်တယ်ဆိုရင် ဦးလူကလေးနဲ့ကိုသာယာကို ခေါ်ပြီးထမင်းကျွေးလိုက်ပါလို့ပြောလိုက်ရတာပေ့ါ၊ သူတို့မျက်နှာ ကြီးတွေ ဖြစ်သွားပုံကို လေးလေးမြင်စေ့ချင်တယ်။ မျက်နှာကြီး တွေနီရဲပြီး လူစင်စစ်ကနေ ချက်ချင်း လဒပုံ ပေါက်ကုန်ကြတာပဲ။ အဲသလိုပြောတတ်ဖို့ကတော့ မေမေ့သူငယ်ချင်းဒေါ်ဒေါ်ညွန့်သင် ပေးတာပေ့ါ။ဒေါ်ဒေါ်ညွန့်ဆိုတာ အငြိမ့်မင်းသမီးကြီးမအေးညွန့် လေ၊ လေးလေးသူ့တွေ့ပြီးမေးကြည့်ရင်လဲ ယောကျ်ားတွေ အကြောင်း အများကြီးပြောနိုင်မှာ’

‘ကျေးဇူးပါပဲသမီးရယ်၊ မအေးညွန့်အကြောင်းကို လေးလေး မေးဖူးရေးဖူးပါတယ်။ မောင်ခေါ်ချင်ပါတယ် ကိုကိုခေါ်ချင်ပါတယ် ဆိုတဲ့ ဝတ္ထုက မအေးညွန့်အကြောင်းပဲ’

အဲသလိုစကားဖြတ်ခဲ့ရတယ်။ ဒါက ဒီနေ့သီချင်းဆိုနေတဲ့ ကောင်မလေးတစ်ယောက်ပြောပြတဲ့ ယောကျ်ားတွေအကြောင်းနဲ့ သူ့ ရဲ့အရောင်အတိမ်းပညာတွေပဲ။သူပြောတဲ့အထဲမှာပါတဲ့ မအေးညွန့် ဆိုတာက အငြိမ့်မင်းသမီးကြီးပါပဲ။ လေးလေးရေးခဲ့တဲ့ စာအုပ်ကို ငါ့တူမများ ဖတ်ဖူးချင်မှ ဖတ်ဖူးမှာမို့ သူတွေ့ဖူးတဲ့ ယောကျ်ားတွေ အကြောင်းထဲက ဖြစ်ရပ်တစ်ခုကိုတော့ ပြန်ပြောချင်တယ်။

## ရှက်ရမှာက သူလား ကျွန်မလား

မအေးညွန့်ဆိုတာ လေးတန်းတောင်မအောင်ရှာပါဘူး။ တောကပါ။ နှစ်တန်းလောက်ထိပဲပညာသင်ဖူးတယ်။ မန္တလေးမှာပန်တျာကျောင်း

http://www.cherrythitsar.org



ဖွင့်တော့ ပန်တျာသင်တန်းတက်ဖို့ လေးတန်းအောင်မှ လက်ခံမယ် ဆိုလို့ သူ့သူငယ်ချင်း မအေးညွန့်ရဲ့ လေးတန်းအောင်လက်မှတ်နဲ့ ပန်တျာမှာ အကသင်တန်း လာတက်ရှာတယ်။ အဲဒီကတည်းက သူ့နာမည်ရင်းပျောက်ပြီး မအေးညွန့်နာမည်တွင်ခဲ့တာ။ အဲဒါ မအေးညွန့်ရဲ့အခြေအနေပဲ။ အတန်းပညာချို့တဲ့တယ်။ တောက။ ရိုးတယ်။ အတယ်။ အဲဒီမအေးညွန့်ဟာ အနုပညာမှာတော့ ပါရမီ ပါလာတယ်ပြောရမှာပဲ။ သူပန်တျာကဆင်းလို့ စင်ပေါ်တက် တာနဲ့ တစ်ရှိန်ထိုးနာမည်ကြီးတော့တာ။

မအေးညွန့်ရဲ့ပွဲကပြီဆိုလို့ကတော့ စင်နောက်မှာ'ငါး'တွေမှ တစ်သီကြီး။ 'ငါး'ဆိုတာသဘင်သည်တွေရဲ့စကား။ ကောင်လေး တွေကိုပြောတာ။ အေးညွန့် မတ္တရာကသလား၊ မတ္တရာ လိုက် မယ်။ ကျောက်ဆည်ကမလား၊ ကျောက်ဆည်လိုက်မယ်။ မြစ်ငယ်၊ အမရပူရ၊ စစ်ကိုင်း၊ မန္တလေး ရဲ့နီးနားဝန်းကျင်တွေမှာ အေးညွန့် တို့က ကိုယ့်ပရိတ်သတ်နဲ့ ကိုယ်သွားကသလိုကို ဖြစ်နေတာ။

အဲသလို အေးညွန့်နောက်လိုက်နေတဲ့အထဲမှာ သူဌေးသား လေးလည်းပါတယ်။ ဆရာဝန်ပေါက်စဆိုပါစို့။ မအေးညွန့်နဲ့ အဲဒီကောင်လေးနဲ့ ရည်းစားဖြစ်၊ ခိုးရာတွေဘာတွေလိုက်ပြေး၊ မိဘတွေက သူတို့သားနဲ့ သဘောမတူပါဘူးဆို အတင်းလိုက်ခွဲ၊ ဒီလိုနဲ့ကောင်လေးနဲ့ကွဲသွားရော။ အဲဒီမှာ သတင်းဆောင်းပါးရေးချင် တဲ့သူတွေက မအေးညွန့်ကိုတွေ့မေးပြီး အငြိမ့်မင်းသမီးလေးနဲ့ ရွှေမင်း သားလေးတို့သတင်းက စာစောင်တိုင်းမှာပါခဲ့ဖူးတယ်။ အဲသလို ပါ လာတော့ ကောင်လေးဘက်က အငြိမ့်သမဆိုတော့ အရက်မရှိဘူးပေါ့။ သူ့သားကမယူချင်လို့ပစ်ထားခဲ့တာကို တိုင်းသိပြည်သိ ပြောရတယ်လို့ဆိုပြီး

http://www.cherrythitsar.org



ပြောရော။ အဲသလိုအချိန်မှာ မအေးညွန့်ပြေတဲ့စကားက သိပ်ကို ကောင်းတယ်။ အလွန်တန်ဖိုးရှိတဲ့စကားကို သူပြောခဲ့တယ်။

သူက

'ကျွန်မဟာ တောသူမပါ၊ ပညာမတတ်ပါဘူး၊ အငြိမ့်သမပါ၊ ပညာမတတ်တဲ့ အငြိမ့်သမတောသူမတစ်ယောက်ကို ပညာတတ်တဲ့ မြို့ကြီးသားသူဌေးသားက စော်ကားပြီးသွားတဲ့အကြောင်းပြန်ပြောလို့ ကျွန်မကို အရှက်မရှိ ဘူးလို့ပြောကြတယ်၊ စဉ်းစားကြည့်စမ်းပါ၊ ယောကျ်ားတစ်ယောက်က မိန်းကလေးတစ်ယောက်ကို စော်ကားလိုက်တဲ့အကြောင်း အစော်ကားခံရတဲ့မိန်းကလေးကပြန်ပြောတာနဲ့ အရှက်နည်းတယ်လို့ဆိုမှာလား၊ ကျွန်မတော့နားမလည်နိုင်တော့ဘူး၊ စော်ကားတဲ့လူကရှက်ရမှာလား၊ စော်ကားခံရတဲ့လူကရှက်ရမှာလား'

တဲ့လေ။ အဲဒီမေးခွန်းဟာ ဘဝနဲ့ရင်းပြီးမေးလိုက်တဲ့မေးခွန်းပဲ။ ဒီနေ့ထိ အဲဒီမေးခွန်းကို လွဲမှားစွာဖြေဆိုနေတဲ့ပတ်ဝန်းကျင်ကြီး ရှိနေသေးတယ်။ယောကျ်ားလေးတစ်ယောက် မိန်းကလေးတစ်ယောက်ကို စော်ကားသွားပြီဆိုတာနဲ့ လိမ်ညာလှည့်ဖျားသွားပြီဆိုတာနဲ့ဘဝရေစတိမ်နစ်ရပြီဆိုတာနဲ့ အဲဒီမိန်းကလေးဟာ ဝန်းကျင်မှာ မျက်နှာမပြရဲအောင်ဖြစ်ရတယ်။ တကယ်ဖြစ်သင့်တာကစော်ကားတဲ့လူရှက်ရမှာ။ လိမ်ညာလှည့်ဖျားတဲ့ယောကျ်ားလေးက ရှက်ရမှာ။ ပတ်ဝန်းကျင်ကလည်း ဒဏ်ခတ်ရမှာ။

မိန်းကလေးနဲ့ယောကျ်ားလေး ပတ်သက်လာရတဲ့ပြဿနာမှာ ဒီနေ့ထိ မအေးညွန့်ရဲ့မေးခွန်းက အသုံးဝင်နေတုန်းပဲ။ငါ့တူမများရေ မိန်းကလေးဆိုတာ တစ်ခါတစ်လေ ကိုယ်ကမှန်နေလျက်နဲ့ ရှုံးရတယ်နော်။

http://www.cherrythitsar.org

# အပျိုစင်မှ

## အပျိုစင်သို့



http://www.cherrythitsar.org



မအေးညွန့်ကတော့ သူအလိမ်ခံရပုံတွေ စော်ကားပုံတွေ ဖွင့်ပြောပြီး မေးခွန်းတွေ မေးသွားခဲ့တာပဲ။

'ရှက်ရမှာက ကျွန်မလား သူလား' တဲ့။

ယောကျ်ားလေးတွေစော်ကားလို့ အရှက်တကွဲခေါင်းမဖော်ရဲဖြစ်နေရတဲ့ မိန်းကလေးတွေနဲ့ မိန်းကလေးရဲ့အသိုင်းအဝိုင်း ရှိနေသမျှ မအေးညွန့်ရဲ့မေးခွန်းကို မေးနေရဦးမှာပါပဲ။

စော်ကားတဲ့လူက ရှက်ရမှာလား။

အစော်ကားခံရတဲ့လူက ရှက်ရမှာလား။

ကဲမှန်တာမှားတာတစ်ကလွှာထား၊ ငါ့တူမများ'ရှက်ရခြင်း'နဲ့ ကင်းဝေးကြပါစေ။

## အပျိုစင်မှ
## အပျိုစင်သို့

လေးလေးရဲ့ စာအုပ်ကိုဖတ်ပြီး လေးလေးဆီကတစ်ဆင့် တခြား အပျိုစင်တွေသိစေချင်လို့ဆိုပြီးသူတို့အတွေ့အကြုံတွေပြောပြတဲ့ အပျိုစင်တွေဆီက စာတွေလည်းလေးလေးရပါတယ်။ လိုအပ်မယ်ထင်တာတွေစုပြီး ငါ့တူမများသိဖို့ လေးလေးပြန်ရေးပြချင်တယ်။

\+ + +

လေးလေး

လေးလေးရဲ့စာအုပ်ကို သမီးဖတ်ရတာ နည်းနည်းနောက်ကျသွားပါတယ်။ ဒါကြောင့် သမီးဟာ ယောကျ်ားတစ်ယောက်ရဲ့လိမ်ညာမှုကိုခံလိုက်ရပါတယ်။ သူ့မှာဇနီးကြီး

http://www.cherrythitsar.org



ရှိနေတာကို ချစ်ပြီးမှ ဖွင့်ပြောတယ်။ စိတ်သဘောချင်း မတိုက်ဆိုင်လို့ ကွာပစ်မှာပါလို့လည်း ပြောပါတယ်။ ချစ်မိပြီးမှဆိုတော့ သမီးကယုံမိတာပေါ့။ သူ့အလျှင်မိန်းမက ဖေါက်ပြန် တဲ့အကြောင်းတွေလည်း ပြောတာကိုး။

အဲသလို သမီးနဲ့ချစ်ပြီးမှ သိပ်မကြာခင် သူ့မှာ နောက်ထပ်ရည်းစားရှိတာကို သိရပြန်တယ်။ ဒီတော့ သမီး တအားစိတ်ဆိုးပြီး ခုတော့အဆက်ဖြတ်လိုက်ပါပြီ။ အဲဒါ လေးလေးအနေနဲ့ တခြားအပျိုစင်တွေသိဖို့ ရေးပြပေးပါ။ သမီးတို့ မိန်းကလေးတွေကျတော့ 'ခံခုန်စရှိတဲ့နွား ခံခုန် မှာပဲ' ဆိုပြီး မတရားပြောကြတယ်။ ယောကျ်ားလေး တွေလည်း အတူတူပါပဲ။

သစ္စာဖောက်လာတဲ့ ယောကျ်ားဟာ ကိုယ့်လက်ထဲ ရောက်ပြီးရင်လည်း နောက်ထပ်သစ္စာဖေါက်ဦးမှာပဲ။ မယုံ ရဘူးဆိုတာ ပြောပေးပါ။

\+ \+ \+

ဦး

ဦးရေးသောအပျိုစင်တို့သိဖို့ကို ဖတ်ရ၍ ကျေးဇူးတင်ပါသည်။ မိန်းကလေးတစ်ယောက်အတွက် ကောင်းမွန်သောအသိဉာဏ် ရှိသောအိမ်ထောင်ဖက်ရရန်အတွက် ကာယကံရှင်မိန်းကလေး မှာအသိဉာဏ်ရှိရုံနှင့် မလုံလောက်ပါ။ မိန်းကလေး၏ အဖေနှင့်အစ်ကိုများ မောင်များ အသိဉာဏ်ရှိရန်လည်း လိုပါသည်။ အဖေနှင့်အကိုများ မောင်များက မူးရူး

http://www.cherrythitsar.org



ရမ်းကားကာ လူအထင်သေးစရာဖြစ်နေပါက သူတို့၏နှမဖြစ်သူကိုလည်း အထင်သေးကြပါသည်။

မည်သို့မျှမသက်ဆိုင်သော်လည်း လက်တွေ့ဖြစ်ရပ်များရှိပါသည်။ မိန်းကလေးတစ်ယောက် လင်ကောင်းသားကောင်းရရန် သူ၏ဖခင်နှင့်အစ်ကိုများအပေါ်တွင်လည်း မူတည်ပါသည်။ ပြီးတော့ အတွေးအခေါ်အတွေ့အကြုံပြည့်စုံသော ဖခင်တို့သည် သမီးတို့၏အိမ်ထောင်ရေးမှာ စိတ်ဝင်စားမှုရှိသည်က များပါသည်။ (ဖခင်အတော်များများရက်တာလည်း ပါလိမ့်မည်ဟုထင်ပါသည်) မိခင်တစ်ဦးတည်းနှင့်ပစ်ထားတတ်တာလည်းများပါသည်။ သမီး၏အိမ်ထောင်ရေးမှာသူ၏တာဝန်မဟုတ်သလို နေတတ်တာတွေကြောင့် မဖြစ်သင့်တာ ဖြစ်ရသည်များရှိပါသည်။

ထိုသို့သောအစ်ကိုများအဖေများသည်လည်း ယောကျ်ားများပင်ဖြစ်၍ သူတို့အကြောင်းလည်း ရေးသင့်ပါသည်။

\+ + +

အဲဒီစာဖတ်ပြီးလေးလေး ဖြည့်စွက်ရေးပြချင်တာတွေရှိလာပါတယ်။ ငါ့တူမများကိုလည်း ပြည့်ပြည့်စုံစုံအကြံပြုချင်လို့ပါ။

လေးလေးက သမီးငယ်ငယ်လေးကတည်းက နှစ်ပေါင်းနှစ်ဆယ်ကျော်သမီးနဲ့ လေးလေးနဲ့နေခဲ့ရတာပါ။ သမီးကို အန္တရာယ်ကင်းစေချင်တော့ သမီးအသိဉာဏ်ရှိအောင် ဆုံးမသလို လေးလေးကသမီးအရွယ်လေးတွေကို ကြုံရင်ကြုံသလို ကူညီခွင့်ရရင် ကူညီတယ်။



http://www.cherrythitsar.org



စောင့်ရှောက်ခွင့်ရရင် စောင့်ရှောက်တယ်။ တုံ့သောအကျိုးပေးလိမ့်မယ်ဆိုတာကိုယုံတယ်လေ။လေးလေးကလည်း အခါအားလျော်စွာ ခရီးတွေထွက်နေရတာပဲ။ အနည်းဆုံးတစ်လမှာ ရက်တစ်ပတ်တော့ ရန်ကုန်ဆင်းနေရတယ်လေ။အဲသလိုရက်တွေမှာ သမီးတစ်ယောက်တည်းထားခဲ့ရတာ။ ကိုယ်ကသူများသားသမီးငယ်တွေကို ကူညီစောင့်ရှောက်ရင် ကိုယ့်သမီးကိုလည်း ကူညီစောင့်ရှောက်တဲ့သူနဲ့တွေ့မှာပဲ။ ကိုယ်ကသူများသမီးပျိုကို စော်ကားဖျက်ဆီးရင် ကိုယ့်သမီးငယ်လည်း ဖျက်ဆီးသူနဲ့ တွေ့လိမ့်မယ်ဆိုပြီး ယုံတာကိုး။

ဒီတော့ငါ့တူမများမှာ မမျှော်လင့်ပဲ ခပ်ပေါ့ပေါ့ ခပ်ဆိုးဆိုးနေတဲ့အစ်ကိုတွေ အုပ်ထိန်းသူတွေရှိရင် သူတို့ကို 'ဝဋ်ဆိုတာလည်တတ်ပါတယ်'လို့ပြောပြပေါ့။သူတို့က အရက်ဆိုင်သွားနေရင် အရက်သောက်တဲ့လူချင်း မိတ်ဆွေဖြစ်မှာပဲ။ ကိုယ့်အိမ်ကိုဝင်ထွက်သွားလာသူဟာလည်း အရက်သမားပဲဖြစ်မှာပေါ့။ သူတို့က စီးပွားရေးသမား တရားသမားဆိုရင် ကိုယ့်အိမ်ကိုဝင်ထွက်သွားလာသူဟာစီးပွားရေးသမား တရားသမားတွေ ဖြစ်မှာပေါ့။ ကိုယ့်သမီးကိုယ့်တူမ ကိုယ့်နှမကို ဘယ်လိုလူတွေနဲ့ နီးစပ်စေချင်သလဲဆိုတာကိုယ့်ဟာကိုယ်စဉ်းစားဖို့ ငါ့တူမများက စိတ်အေးလက်အေး စိတ်ရှည်လက်ရှည် ရှင်းပြပေရော့။

သမီးအပျိုဖြစ်လာလို့ လိမ္မာသွားတဲ့ အစ်ကိုတွေ အဖေတွေအများကြီးရှိဖူးပါတယ်။ မိန်းကလေးတစ်ယောက် လင်ကောင်းသားကောင်းရဖို့ အစ်ကိုများနဲ့အဖေပေါ်မှာ မူတည်တယ်ဆိုတာလည်း ဟုတ်ပါတယ်။ ကဲ နောက်စာတစ်စောင်ကတော့

\+ \+ \+

http://www.cherrythitsar.org



ဦး

သမီးတို့ မြန်မာမိန်းကလေးများ လူမျိုးခြားနှင့် ရည်းစားထားကြသည်များ များလာပါသည်။ ထိုသို့ မထား သင့်ကြောင့် ရေးပြပေးစေလိုပါသည်။သမီးသူငယ်ချင်း ဆိုလျှင် ဘာသာမတူသူနှင့် ရည်းစားဖြစ်နေပါသည်။ သမီး ကပြောသောအခါ အချစ်မှာ လူမျိုးဘာသာမရှိဘူးဟု ပြောပါသည်။ထိုသို့မဖြစ်သင့်ကြောင်း ရေးစေလိုပါသည်။

+ + +

လူမျိုးခြား ဘာသာခြားဆိုတာကတော့ အပြန်အလှန် ရင်းနှီးလေးစား စွာဆက်ဆံပါ။ အိမ်ထောင်ရေးမှာတော့ ကိုယ့်ဘာသာတူကိုပဲ လက်တွဲဖို့ ဆုံးဖြတ်တာ အကောင်းဆုံးပါပဲ။

ဗုဒ္ဓဘာသာမိန်းကလေးများဟာ ဗုဒ္ဓဘာသာယောကျ်ား လေးကိုပဲ အိမ်ထောင်ဖက်ရွေးသင့်တယ်။

မူဆလင်မိန်းကလေးဟာ မူဆလင်ယောကျ်ားလေး ကိုပဲ အိမ်ထောင်ဖက်ရွေးသင့်တယ်။

ခရစ်ယာန်မိန်းကလေးဟာ ခရစ်ယာန်ယောကျ်ားလေး ကိုပဲ အိမ်ထောင်ဖက်ရွေးသင့်တယ်။

လူမျိုးအချင်းချင်း ရင်းနှီးလေးစားဆက်ဆံခြင်းနဲ့ ကိုယ့် လူမျိုး ကိုယ့်ဘာသာကို စောင့်ထိန်းခြင်းကို ခွဲခြားမြင်ရမယ်။ ပြီးတော့ ပူးတွဲကျင့်သုံးနိုင်ရမယ်။ ဒါကတော့ လေးလေး ပေးချင်တဲ့ အကြံဉာဏ်နဲ့ပြောချင်တဲ့ စေတနာစကားပါ။

http://www.cherrythitsar.org

# ယောက်ျားပြောတော့ သတင်း
## မိန်းမပြောတော့ အတင်းတဲ့



http://www.cherrythitsar.org



## ယောကျ်ားပြောတော့ သတင်း
## မိန်းမပြောတော့ အတင်းတဲ့

ယောကျ်ားပြောတော့သတင်း၊ မိန်းမပြောတော့အတင်းတဲ့။ အဲဒီစကားဟာလည်း တစ်ဖက်စောင်းနင်းနိုင်သလိုပဲနော်။ သူများအကြောင်း သူတစ်ပါးဖြစ်ရပ် ပြောကြတာချင်းအတူတူ ဘာလို့များ အဲသလိုသတ်မှတ်ခဲ့ကြပါလိမ့်၊ စကားတွင် ရစ်ခဲ့ရပါလိမ့်မလဲလို့ လေးလေးစဉ်းစားကြည့်မိတယ်။ စဉ်းစားဖြစ်တဲ့အကြောင်းရင်းကလည်း လေးလေးဆီကို စာကလေးတစ်စောင် ရောက်လာလို့ပါ။ ကောင်မလေးတစ်ယောက်က စာရေးတယ်။

'သမီးကို ကောင်လေးတစ်ယောက်ကချစ်ရေးဆိုတယ်။ သမီးကဘာမှပြန်မပြောရသေးခင် သမီးနဲ့သူနဲ့ချစ်နေကြပြီဆိုပြီး သူငယ်ချင်းတွေကို လျှောက်ပြောတယ်။ ယောကျ်ားလေးတွေက အဲသလိုပဲ မဟုတ်ကဟုတ်ကတွေ ပြောတတ်သလား။ အပြောခံရတဲ့မိန်းကလေးတွေမှာ အလွန်နစ်နာရပါတယ်'

အဲဒီစာကို အကြောင်းပြုပြီး လေးလေးမှာ ပြောစရာလေးတွေရှိလာတယ်။ ယောကျ်ားလေးတွေထဲမှာ အဲသလို မဟုတ်တာအဟုတ်လုပ်ပြီးပြောတတ်တဲ့လူဟာ အလွန်နည်းပါတယ်။ အဲသလိုလူမျိုးကျတော့လည်း ယောကျ်ားလေးအချင်းချင်းက

'အဓိပ္ပါယ်မရှိတာ မင်း မိန်းမစကားမပြောနဲ့'

လို့ပြောလေ့ရှိတယ်ကွယ့်။ နောက်ပြီး 'မင်းကို ဟိုကောင်ကကြည့်မရဘူးပြောနေတာ၊ ငါက မင်းဘက်ကနာလို့ မင်းကိုသတိပေးရတာ' ဆိုတာမျိုးတွေ ပြောလာပြီဆိုရင်

http://www.cherrythitsar.org



'တော်ကွာတော်၊ မင်းမိန်းမလို မိန်းမရစကားတွေ ပြောမနေနဲ့'

လို့ဆိုကြတယ်။ နောက်ပြီး ရှိသေးတယ်။

'မင်း ယောကျ်ားမဟုတ်ဘူးလားကွ။ စကားကို ခုတစ်မျိုး တော်ကြာတစ်မျိုး မပြောပါနဲ့'

ဆိုတဲ့စကားတွေ။ ဘာလို့ အဲသလိုတွေ သုံးနှုန်းကြသလဲ လို့ငါ့တူမများ စဉ်းစားဖို့ကောင်းတယ်။ ယောကျ်ားတွေ ပြောလေ့ ပြောထရှိတဲ့ပုံစံနဲ့ မိန်းမတွေပြောလေ့ပြောထရှိတဲ့ပုံစံရဲ့ ကွဲလွဲ နေမှုကို နည်းနည်းလေ့လာဖို့ကောင်းတယ်။ လေးလေးရဲ့သဘော ကတော့ မိန်းကလေးတွေရဲ့အားနည်းချက်ကို မိန်းကလေးတွေပြုပြင် မှ မိန်းကလေးတွေမှာ အားနည်းချက်ကင်းသွားမယ်လို့မြင်လို့ပါ။

စကားပြောခြင်းနဲ့ပတ်သက်ပြီး လေးလေးရဲ့ သဘောထား ကို ပထမပြောပြချင်တယ်။ အကျိုးမဲ့စကား အကြောင်းမဲ့စကားတွေ ဟာတန်ဖိုးမရှိတဲ့စကားတွေပဲ။ စကားဆိုတာလိုအပ်မှပြောရတယ်။ မလိုအပ်ဘဲပြောနေရင် အဲဒီလူဟာ အချိန်ဖြုန်းတီးတာပဲ။ အဲဒီ မလိုအပ်ဘဲစကားပြောနေတဲ့အချိန်တွေဟာ ဆုံးရှုံးနေတာပဲ။

လေးလေးကတော့စကားပြောတော့မယ်ဆိုရင်ပထမ စဉ်းစားတယ်။ လေးလေးပြောမယ့်စကားဟာ လေးလေးအတွက် အကျိုးကျေးဇူးတစ်စုံတစ်ရာရဖို့အတွက်လား။ အဲသလို ရဖို့ အတွက်ဆိုရင်ပြောတယ်။

ဒါမှမဟုတ် သူ့အတွက်အကျိုးကျေးဇူးတစ်စုံတစ်ရာ ရဖို့အတွက်လား၊ ကိုယ့်အတွက် အကျိုးမရှိပေမယ့် သူ့အတွက် အကျိုးရှိမယ်ဆိုရင်လည်း ပြောပါတယ်။

ဟာကိုယ့်အတွက်လည်းအကျိုးမရှိဘူး။ သူ့အတွက်လည်း အကျိုးမရှိဘူး။ ဒါပေမယ့်တခြားတစ်စုံတစ်ယောက်အတွက် ဒါမှ

http://www.cherrythitsar.org



မဟုတ် အဖွဲ့အစည်းတစ်ခုအတွက် ပတ်ဝန်းကျင် အတွက်အကျိုးရှိမယ့်စကားဆိုရင်လည်း ပြောပါတယ်။

အဲကိုယ့်အတွက်လည်း အကျိုးမရှိ

သူ့အတွက်လည်း အကျိုးမရှိ

တခြားတစ်စုံတစ်ယောက်အတွက်လည်း အကျိုးမရှိဆိုတဲ့ဘယ်သူ့အတွက်မှ အကျိုးမရှိတဲ့စကားဆိုရင်တော့ မပြောချင်ဘူး။ ပြောလာရင်လည်း နားမထောင်ချင်ဘူး။

ယောက်ျားလေးအတော်များများဟာသူတို့ ဝါသနာပါတဲ့ အားကစား၊ အနုပညာ၊ စီးပွားရေးဆိုသလိုစကားမျိုးတွေ ပြောချင်ပြောမယ်၊ ဒါမှမဟုတ် ဘယ်နေရာမှာဘယ်သူတွေ ဘာဖြစ်နေတယ်ဆိုတဲ့သတင်းမျိုးတွေ ပြောချင်ပြောမယ်။ လူငယ်ချင်း ရည်းစားအကြောင်းပြောတာလည်း ရှိချင်ရှိမယ်ပေါ့။ ဒါကလည်း လူငယ်အရွယ်အရ ရည်းစားရရေးဆိုတဲ့ အကျိုးတော့ရှိနိုင်တာပဲ။

ကဲ မိန်းကလေးတွေ ဘယ်လိုစကားမျိုးတွေ ပြောလေ့ပြောထရှိသလဲ။ ငါတူမများစဉ်းစားကြည့်ပါ။ အကျိုးကျေးဇူးတစ်စုံတစ်ရာရှိမယ့် စကားမျိုးတွေ ဘယ်လောက်ပါသလဲ။ ဘာမှ အကျိုးမရှိတဲ့စကားမျိုးတွေကရော ဘယ်လောက်ပါသလဲ။

'အေး နင်မိသူအကြောင်းကြားပြီးပြီလား၊ သူ့အမျိုးသားကဖိနပ်ဝယ်ပေးတာလေ'

'တို့အိမ်က ခရစ္စမတ်ပန်းပင် ပွင့်နေပြီ'

'ဟိုနေ့ကမြမြတို့လာတယ်၊နင့်ကိုမေးနေတယ်၊ နင့်မေးတာတော်တော်ပါ၊ သူ့စိန်လက်စွပ်ကြွားချင်လို့နေမှာပါ၊ ငါက မသိချင်ယောင်ဆောင်နေလိုက်တာ'

http://www.cherrythitsar.org



'အဲဒီလက်ကိုင်ပဝါလေး လှလိုက်တာ ငါလဲတစ်ထည်တော့ ဝယ်ရမယ်'

'ကျော်ရဲအောင် ငါတွေ့ခဲ့တယ်။ ဗွီဒီယိုရိုက်နေတာ၊ သီတာ တို့ကတော့ ရပ်ကြည့်တယ်။ သူတို့ရပ်ကြည့်နေတာနဲ့ ငါက ဂရုမစိုက်သလို ထွက်လာခဲ့တာ'

ကဲစဉ်းစားကြည့်စမ်း။ အဲသလိုတွေပြောတာ လေးလေး ကြားဖူးတယ်။ အဲဒီစကားတွေရဲ့အကျိုးကျေးဇူးကို စဉ်းစားလို့မရ ဘူး။ အဲသလို အလားတူစကားမျိုးတွေ အများကြီးရှိတယ်။ မိန်းက လေးအတော်များများစုမိတာနဲ့ စကားပြောနေကြတာတွေ။ ပြော စရာအကြောင်းအရာကလည်း ကြံဖန်ရှိတတ်တယ်။ မိန်းက လေးငါးယောက်လောက်စုပြီး စကားမပြောဘဲထိုင်နေတယ်ရယ် လို့ လေးလေးတော့တစ်ခါမှ မတွေ့ဖူးဘူး။ မိန်းကလေး လေးငါး ယောက်ဆုံမိရင် ငါးယောက်လုံးပြောချင်တာ။ တစ်ခါ တစ်လေ များ နားထောင်မယ့်လူမရှိလို့ လုပြောနေကြရတယ်။ 'နေပါဦး ငါအရင်ပြောမယ်'ဆိုတာတွေ ကြားဖူးတယ်။ဒါကြောင့် ယောကျ်ား လေးတွေထဲမှာ အရေမရအဖတ်မရစကားတွေ ပြော နေပြီဆိုရင် 'မိန်းမကြီးကျနေတာပဲကွာ စကားဗျစ်တောက်ဗျစ် တောက်နဲ့' လို့ပြောကြတယ်။ မိန်းမတော်တော်များများဟာ စကားမပြော ရရင် မနေနိုင်ကြဘူး။ မိန်းမတွေစကားများတာနဲ့ ပတ်သက်လို့ သရော်ထားတဲ့ပုံပြင်တောင်ရှိဖူးတယ်လေ။ အဲဒီပုံပြင်က

တစ်ခါက ရွာတစ်ရွာတွင် စကားအလွန်ပေါသော ဒေါ်မယ်မ ဆိုသူ မိန်းမကြီးတစ်ယောက်ရှိလေသည်။ ဒေါ်မယ်မကို စကားပြော လွန်းသောကြောင့် သူ့ယောကျ်ား ဦးစံဖျော့ကပင် ဒဏ်မခံနိုင်။ ဒေါ်မယ်မ စကားပြောမည်ကို လန့်နေသည်။

http://www.cherrythitsar.org



'ကိုစံဖျော'

'ဘာလဲ'

'တော် သိပြီးပြီလား'

မင်းကဘာပြောလို့ ငါကဘာသိရမှာလဲဟုမေးလျှင် ဒေါ်မယ်မ စကားပြောတော့မည်။ ဤသည်မှာ စကားပြောရန်အတွက် နိဒါန်း ပျိုးခြင်းပင်။ ဦးစံဖျောသည် ထိုဇာတ်ကို မခံလို၍

'အေး သိပြီးပြီ'

ဦးစံဖျောအဖြေကြောင့် ဒေါ်မယ်မ မျက်စောင်းထိုးလိုက်သည်။

'ကျုပ်က ဘာမှမပြောရသေးဘဲ တော်က ဘယ်လိုလုပ် သိတာလဲ'

ဦးစံဖျော ဘာပြန်ပြောရမည်မသိ။ မျက်လုံး ပေကလပ် ပေကလပ်နှင့်ကြည့်ကာ

'မင်းစကားပြောရင် လေကြောသိပ်ရှည်တာ၊ တော်တော်နဲ့ မပြီးတော့ဘူး၊ ဟိုနေ့က ရွာတောင်ပိုင်းက ကိုသာအေးအကြောင်း ပြောမယ့်ဟာကို မြတ်စွာဘုရား ဆဒ္ဒန်ဆင်မင်းဘဝက စပြောတယ်'

'ပြောရမှာပေါ့တော့၊ ကိုသာအေးသမီး လင်နောက်လိုက်တဲ့ ညတုန်းက ရွာဦးဘုရားပွဲမှာ မြို့ကျက်သရေဝင်းဆောင် ဇာတ်က ဆဒ္ဒန်ဆင်မင်းကတဲ့ည၊ အဲဒီဇာတ်ထဲမယ်ပါတဲ့ ဆရာကိုတက်တူက ကျုပ်ကိုဖျာလက်မှတ်ပေးတာလေ၊ တော်က ကျုပ်ကိုမုန့်ဖိုးတစ်ဆယ် ပဲပေးတာ၊ အဲဒီတစ်ဆယ်ကလဲ ကြက်ဖကြီးရွှေနီ ရောင်းလိုက်တာ လေ။ ရွှေနီက သာရဝေါက လက်ဆောင်ပေးလိုက်တဲ့ ကြက်ဖ၊ ကျုပ်ကို မရွှေတုတ်က ပေးတာ၊ မရွှေတုတ်နဲ့ ကျုပ်နဲ့က'

ဒေါ်မယ်မစကားပြောလက်စနှင့်ရပ်သွားသည်။ သူ့အိမ်ထဲသို့ ဧည့်သည်တစ်ယောက်ဝင်လာသောကြောင့်ဖြစ်သည်။ ဦးစံဖျော

http://www.cherrythitsar.org



ကံကောင်းပြီ၊ ထိုညွှေ့သည်ကံဆိုးတော့မည်မှန်း ဦးစံဖျော သိလိုက်သည်။

'ဟင်မဖွားစိန်၊ လာ လာထိုင်ဦး၊ မတွေ့ရတာကို တစ်နှစ်လောက်ရှိရော့မယ်၊ ကျုပ်က ရုတ်တရက်ဆိုမမှတ်မိဘူး။ တော်က မြို့ကြီးသူလိုဖြစ်နေတာ၊ ဒါနဲ့ မရွှေထူးနဲ့တွေ့သေးလား၊ ကျုပ်နဲ့တွေ့တယ်၊ မရွှေထူးဆိုတာလေ'

ဒေါ်မယ်မသည် စကားကို အမျှင်မပြတ်ပြောနေသောကြောင့် ခဏဝင်၍နှုတ်ဆက်လိုက်သော ဒေါ်ဖွားစိန်မှာ အထရခက်နေသည်။ ဒေါ်မယ်မကလည်း စကားပြောမရပ်။ သို့ဖြင့် အတော်ကြာသွားသောအခါ ဒေါ်ဖွားစိန်မှာ မနေသာတော့ဘဲ

'စကားကတော့ပြောလို့ကောင်းပါရဲ့ ဒေါ်မယ်မရယ်၊ ကျုပ်သွားလိုက်ဦးမယ်၊ ဟိုဘက်အိမ်တွေ နှုတ်ဆက်ချင်သေးလို့'

ဒေါ်ဖွားစိန်ကစကားကိုဖြတ်ကာ ထရပ်သည်။ ထိုအခါမှ ဒေါ်မယ်မက

'ဟုတ်ပ့ါတော် ကျုပ်ကလဲ စကားကောင်းနေတာနဲ့ အကြာကြီးပြောမိသွားတယ်၊ နာရီကလဲမရှိတော့ ဘယ်လောက်ကြာသွားမှန်းတောင် သတိမထားလိုက်မိဘူး'

လို့ပြောသတဲ့။ အဲဒီတော့အိမ်ဦးခန်းမှာ တစ်ချိန်လုံးထိုင်ပြီး နားထောင်နေသော ဦးစံဖျောသည် သူ့ဇနီးကို အမြင်ကတ်ကတ်နှင့်

'မင်းစကားပြောတာ ဘယ်လောက်ကြာသလဲဆိုတော့ နာရီမရှိပေမယ့် ပြက္ခဒိန်ရှိသားပဲကွာ လှန်ကြည့်လိုက်ရောပေါ့'

ဟူ၍ပြောလိုက်လေသတည်း။

http://www.cherrythitsar.org



ပြီးတော့ရှိသေးတယ်။ မိန်းမတွေစကားပေါတာကို ယောကျ်ား တွေဟာ သမီးရည်းစားဘဝမှပဲ နားထောင်ချင်တယ်။ ရပြီးတာနဲ့ နားမထောင်ချင်တော့ဘူး။ အဲဒါလည်းယောကျ်ားတွေရဲ့ အမူ အကျင့်တစ်ခုပဲ။ ယောကျ်ားအတော်များများဟာ မိန်းမစကားပေါ တာကို စိတ်ပျက်ကြတယ်။ အဲသလို စိတ်ပျက်တာ ပတ်သက်တဲ့ ပုံပြင်တစ်ခု လေးလေး ပြောပြချင်သေးတယ်။

တစ်ခါက ရွာတစ်ရွာမှာ စကားအလွန်များတဲ့ မတော ဆိုတဲ့ အမျိုးသမီးတစ်ယောက်ရှိသတဲ့။ သူ့ယောကျ်ားက ကိုမြို့တဲ့။ ကိုမြို့ကလည်း သူတို့တစ်ရွာတည်းသားပါပဲ။ မြို့မှာမွေးလို့ ကိုမြို့ ဆိုပြီးနာမည်တွင်နေတာ။ မတောက စကားအလွန်ပေါလို့ ကိုမြို့ ဟာ စိတ်ညစ်နေရတယ်။ ပေါတာမှ စကားမရှိ စကားရှာကြံပြီး ပေါတတ်တာ။ ကိုမြို့ဟာ တစ်နေလုံး မတောရဲ့စကားပေါခြင်း ဒဏ်မခံရအောင် ရှောင်နေနိုင်ပေမယ့် ညအိပ်ရာဝင်တဲ့အခါမှာ တော့ပြေးမလွတ်တော့ဘူးပေါ့။ အဲသည်အခါမှာ မတောက

'ကိုမြို့'

'ဘာလဲဟ'

'မြို့က ကားတွေအများကြီးဆို'

'ငါဘယ်သိမလဲ'

'တော် မြို့မှာမွေးတာပဲ'

'မွေးခါစကလေးပဲဟာ အလကား သိပ့်ါမလား'

'ကျုပ်တောင်သိသေးတယ်'

'သိ ပြီးတာပဲ'

'ကားကြီးတွေကြည့်ရတာ ပေါင်မုန့်ကြီးတွေလိုပဲ လုံးလုံး ရှည်ရှည်ကြီးတွေ'

http://www.cherrythitsar.org



ကိုမြို့က ဘာမျှပြန်မပြောဘဲ တစ်ဘက်လှည့်အိပ်နေ လိုက်သည်။ အဲသလောက်နဲ့တော့ မတောက ဘယ်အလျှော့ပေးမလဲ။

'ဒီမှာ ကိုမြို့'

'ပြောပါကွာ ကြားပါတယ်'

'ကျုပ် ဘာပြောရမလဲ'

'မင်း ဘာပြောရမှန်းမသိရင် မပြောပါနဲ့ကွာ'

'ရုပ်ရှင်အကြောင်းပြောမယ်'

'ပြောပြော'

'ရှင် ရဲအုပ်ဘသာကို သိသလား'

'မသိဘူး၊ စခန်းမှူး ဦးထွန်းမြင့်ပဲသိတယ်'

'တော်က ကျုပ်မသိအောင် စခန်းမှူးဦးထွန်းမြင့်ကို ဘယ်တုန်းက သွားကြည့်လိုက်တာလဲ'

'ဈေးသွားရင်းနဲ့'

'ဘယ်ရုံမှာ ပြတာလဲ'

'ခွီးမှပဲ၊ စခန်းထဲမှာ ထိုင်နေတာကွ၊ ဘာကိစ္စနဲ့ ရုံမှာပြရမှာလဲ'

'စခန်းမှူး ဦးထွန်းမြင့်ဆိုတာ ဗွီဒီယိုမဟုတ်ဘူးလား'

'ဘယ်ကလာ ဗွီဒီယိုကမှာလဲ လူကွ'

'ရဲအုပ်ဘသာကတော့ ဗွီဒီယိုတော့၊ ကျုပ်ပြောပြမယ်'

သို့ဖြင့် ကိုမြို့ဟာ ရဲအုပ်ဘသာ ဇာတ်လမ်းကို နားထောင်ရတော့တယ်။ နှစ်ခွေတွဲဆိုတော့ သန်းခေါင်ကျော်မှာမှ ပြီးတော့တာပေါ့။ အဲသလိုဒဏ်ခံရတာများလို့ အိပ်ရေးတွေပျက်ပြီး ကိုမြို့ဟာ အတော်

http://www.cherrythitsar.org



ကိုပိန်လာတယ်။ ကိုမြို့ အဲသလိုအိပ်ရေးပျက်ရတာဟာ လပေါက် ဖြစ်လာတော့ မျက်တွင်းတွေဟောက်ပက်နဲ့ပေါ့။ ဒီတော့ လမ်းမှာ သူငယ်ချင်းတွေနဲ့ဆုံရင်

'ပိန်လှချည်လား'

'အိပ်ရေးပျက်တယ်ကွာ၊ မတောက စကားအားကြီးပေါ တယ်၊ သူက တစ်နေကုန်အိပ်ထားတာဆိုတော့ ညရောက်တာနဲ့ သူမအိပ်ချင်တိုင်း စကားပေါတော့တာ'

'ဟ ဒီလိုနေလို့ ဘယ်ဖြစ်မလဲ၊ မင်းကြာရင်လဲသွားလိမ့် မယ်၊ ညအိပ်လို့ရအောင် စီစဉ်ပေါ့ကွ'

'ဘယ်လိုစီစဉ်ရမှာလဲ'

'အိပ်ဆေးဝယ်သွားကွာ'

'ငါဝယ်သောက်ပြီး စမ်းကြည့်တယ်၊ မရဘူးကွ၊ လူကို ကိုင်လှုပ်နှိုးပြီး အတင်းပြောတာ'

'ဖွတ်၊ မင်းသောက်ရမှာ မဟုတ်ဘူးကွ၊ သူ့တိုက်ရမှာ'

လို့ သူငယ်ချင်းတွေက အကြံပေးလိုက်တယ်။အဲဒီနေ့က စပြီး ကိုမြို့ဟာ အဆင်ပြေသွားတယ်။သူကဆေးဆိုင်ကိုသွားပြီး

'ကျွန်တော် ညည အိပ်မပျော်လို့၊ စကားပေါတဲ့ ကျွန်တော့ မိန်းမ တိုက်ချင်လို့'

ဆို ပြောပြီးသွားဝယ်သတဲ့လေ။ရောင်းတဲ့လူကလည်း

'ဟား ဒါဆို အပြင်းစားမှဖြစ်မှာ'

ဆိုရောင်းသတဲ့။ မိန်းမတွေ စကားပေါတာနဲ့ ပတ်သက်တဲ့ အဲသလိုပုံပြင်တွေက အများကြီးပါပဲ။ စကားဆိုတာ ရည်ရွယ်ချက်

http://www.cherrythitsar.org



တစ်ခုခုနဲ့ ခိုင်မာတဲ့အကြောင်းအရာကို အကျိုးကျေးဇူးတစ်စုံတစ်ရာ ရှိဖို့ ပြောတာမျိုးပဲ ဖြစ်သင့်တယ်။

အလျှင်ကမိန်းမကြီးတွေ ဘယ်လောက်စကားပေါခဲ့ ပေါခဲ့၊ ရည်ရွယ်ချက်မဲ့ အကျိုးမဲ့စကားတွေ ပြောခဲ့ပြောခဲ့ ငါ့တူမများအနေ နဲ့ အကျိုးရှိမယ့်စကားပဲပြောမယ်၊ အပျင်းပြေ ပေါက်တတ်ကရမပြော ဘဲနေမယ်ဆိုပြီး လေ့ကျင့်လိုက်ရင် အမျိုးသမီးတိုင်းဆင်ခြင်လိုက်ရင်

မိန်းမပြောတော့ အတင်း

ယောကျ်ားပြောတော့ သတင်း

ဆိုတဲ့ စကားဟာ ကွယ်ပျောက်သွားမှာပါ။

ခုတော့ မိန်းကလေးတွေ စကားပြောနည်းတဲ့လဆိုလို့ ဖေဖော်ဝါရီလ တစ်လပဲရှိတယ်။ အဲဒီလက နှစ်ဆယ့်ရှစ်ရက်တည်း ရှိလို့၊ အဲဒါကို မကျေနပ်လို့ လေးနှစ်တစ်ကြိမ် တစ်ရက်တိုးပြီး ဖေဖော်ဝါရီလကို နှစ်ဆယ့်ကိုးရက်လုပ် ပြောကြသေးတယ်လို့ မှတ်ချက်ချရမလို ဖြစ်နေပြီ။

စကား စကား ပြောပါများ

စကားထဲက ဇာတိပြသတဲ့။

မိန်းကလေးတွေက စကားတွေပြောလွန်းလို့ မိန်းကလေး တွေရဲ့အားနည်းချက်ကို ယောကျ်ားလေးတွေက အကဲခတ်နိုင်ပြီး အကြိုက်လိုက်ပြောနေကြတာပေါ့။

ကဲ ငါ့တူမများအနေနဲ့ အတတ်နိုင်ဆုံး ဦးတည်ရာမဲ့စကားတွေ မပြောမိဖို့ ကြိုးစားကြပေရော့။အဲဒါဆို မိန်းမပြောတော့အတင်း ဆိုတဲ့စကားဟာ ပျောက်ကွယ်သွားမှာပါ။ ငါ့တူမများ အချိန် အခါမှာပေါ့လေ။

http://www.cherrythitsar.org

# မိန်းကလေးဆိုတာ
## ယောကျ်ားကို ဆံဖြည့်ဖို့လား..?



မိန်းကလေးတွေရဲ့ဘဝကို
မိန်းကလေးတွေကိုယ်တိုင်
မြှင့်တင်ရမှာ ပါပဲ..

http://www.cherrythitsar.org



## မိန်းကလေးဆိုတာ ယောကျ်ားလေးရဲ့ အဖြည့်ခံလား

'မိန်းကလေးဆိုတာ ယောကျ်ားလေးတွေရဲ့ အဖြည့်ခံလား။ မိန်းကလေးတစ်ယောက် အိမ်ထောင်ကျပြီဆိုတာနဲ့ အဲဒီယောကျ်ားကို အိမ်ဦးနတ်လိုကိုးကွယ်ပြီး ယောကျ်ားထားရာနေ၊ စေရာသွား၊ ခိုင်းတာလုပ်၊ ပြုသမျှနုရတော့မှာလား။ ကျေနပ်လည်းမပြောနဲ့၊ မကျေနပ်လည်းမပြောနဲ့၊ အကွဲပဲ။ ယောကျ်ားဆိုတာ လေ့ခါးသုံးထစ်ဆင်းလူပျိုဖြစ်တယ်ဆိုပြီးခြိမ်းခြောက်တာ သမီးတို့က ခံနေမှာလား။ အဲသလိုဆိုရင် သဘာဝတရားကြီးကို တရားတယ်လို့ပြောရမလား'

လေးလေးဆီကို အဲသလိုမေးထားတဲ့ စာတစ်စောင်လည်းရောက်လာသေးတယ်ကွယ့်။ မိန်းကလေးအတော်များများမှာ အဲဒီခံစားချက်ရှိနေတာကို လေးလေးသတိထားမိပါတယ်။ တစ်ချို့က အဲဒီအခြေအနေကို ပြောင်းလဲပစ်ဖို့ ပရမ်းပတာ ကြိုးစားတာမျိုးတွေလည်း သတိထားမိတယ်။

ဘဝတစ်ခုထူထောင်ရာမှာ ဦးဆောင်တယ်ဆိုတာ အရည်အချင်းရှိသူက ဦးဆောင်တာပါပဲ။ ယောကျ်ားက ဦးဆောင်တယ်၊ မိန်းမက ဦးမဆောင်ရဘူးလို့မရှိပါဘူး။ ဒါပေမယ့် အိမ်ထောင်စုအတော်များများမှာတော့ ယောကျ်ားကဦးဆောင်နေလို့ မိန်းမဆိုတာ ယောကျ်ားတွေရဲ့ ထားရာနေ စေရာသွား ခိုင်းတာလုပ်ဆိုသလို မြင်နေကြရတာပါ။ သဘာဝတရားကလည်း အဲသလို သတ်မှတ်မထားပါဘူး။ မိန်းမကဦးဆောင်နေတဲ့ အိမ်ထောင်စုမှာတော့ ယောကျ်ားဟာ မိန်းမခိုင်းတာလုပ်နေရတာပါပဲ။ လက်လုပ်လက်စား မိသားစုမှာ

http://www.cherrythitsar.org



မိန်းမကဦးဆောင်နေရင် အဲဒီအိမ်မှာ ယောကျ်ားကထမင်းဟင်းချက်ပေါ့။ အထက်လွှာမိသားစုမှာ မိန်းမကဦးဆောင်နေရင် ယောကျ်ားကဒရိုင်ဘာ သာသာပါပဲ။ အဲတက်ညီလက်ညီနဲ့ နှစ်ယောက်လုံးအရည်အချည်းရှိသူတွေဖြစ်နေရင် အဲဒီမိသားစုမှာ ဘယ်သူမှနောက်လိုက်မဖြစ်တော့ဘူးပေါ့၊ ဟုတ်ဘူးလား။

ငါ့တူမများအနေနဲ့ မိန်းမဘဝကို မြှင့်တင်ချင်တယ်ဆိုရင် အရည်အချင်းရှိသော မိန်းကလေးများ၊ ပတ်ဝန်းကျင်ရဲ့လေးစားခြင်းခံထိုက်သော မိန်းမတော်များဖြစ်အောင် ကြိုးစားရမှာပဲ။ ကိုယ့်မှာအရည်အချင်းမရှိဘဲ အိမ်ထောင်သည်ဘဝရောက်ပြီးခါမှ ယောကျ်ားရဲ့ဦးဆောင်မှုနောက် မလိုက်ချင်ဘူးဆိုလို့ကတော့ စိတ်မကောင်းစရာအဖြစ်တွေနဲ့ကြုံရမှာပေါ့။ ကိုယ့်မှာအသိဉာဏ်တွေးခေါ်မြော်မြင်မှုမရှိဘဲ တွေးခေါ်မြော်မြင်မှုရှိသူကို ဆန့်ကျင်လို့မရပါဘူး။ ကိုယ့်ဘဝမြင့်ဖို့ ကိုယ့်ဟာကိုယ်လုပ်မှ ရပါတယ်။ ကြိုးစားမှ ဖြစ်ပါတယ်။

မိန်းမဆိုတာ ယောကျ်ားရဲ့နောက်လိုက်ရမယ်ဆို သဘာဝတရားကလည်း ဖန်းတီးမထားပါဘူး။ ဘယ်နိုင်ငံမှာမှ ဥပဒေလည်းထုတ်မထားပါဘူး။

ဒါလောက်ရှင်းပြရင် လေးလေးဆီစာရေးခဲ့တဲ့ သမီးအပါအဝင် ငါ့တူမများ ကျေနပ်လိမ့်မယ်ထင်ပါတယ်။ယောကျ်ားတွေထဲမှာလည်း မိန်းမလောက်မှ အတွေးအခေါ်မရှိသူတွေ ရှိတာပါပဲ။

တစ်ခါက ယောကျ်ားနဲ့မိန်းမ ဘယ်သူကသာသလဲ ဘယ်သူက ဦးဆောင်နိုင်သလဲဆိုတာ အငြင်းပွားကြသတဲ့။ အဲသလိုငြင်းနေတုန်းမှာ မိန်းကလေးက ရုတ်တရက်ကောက်ကာ ငင်ကာ

'ကယ်တော်မူကြပါရှင့်၊ ကယ်တော်မူကြပါ'

လို့ သံကုန်ဟစ်လိုက်သတဲ့။ အဲဒီတော့ ယောကျ်ားလေးက

http://www.cherrythitsar.org



'မင်း ဘယ်နှယ့်လုပ်လိုက်တာလဲ၊ စကားကိုနိုင်အောင် မငြင်းနိုင်တိုင်း ခုလိုလုပ်တာကောင်းသလား၊ လူတွေလာရင် ငါ့ကို ဘယ်လိုထင်မလဲ'

ဆိုပြီး ပျာယာခတ်သွားတယ်။ မိန်းကလေးက

'ရှင်တို့ယောကျ်ားတွေက မိန်းမတွေထက် ဉာဏ်ရည်သာတယ်ဆိုရင် ရှင့်ပြဿနာ ရှင် ရှင်းပေါ့'

လို့ အေးအေးဆေးဆေး ပြောတယ်။

'ဟာ ဘယ်ဖြစ်မလဲ၊ ငါ ရှင်းမပြခင် ငါ့ ဝိုင်းရိုက်ကြရင် ဘယ့်နှယ်လုပ်မလဲ၊ မင်းဟာ တကယ့်ကိုပြဿနာလေးပဲ'

ဆို ပြောရင်း နဖူးမှာစို့လာတဲ့ချွေးတွေကို သုတ်လိုက်တယ်။ အဲဒီအချိန်မှာ အဝေးကပြေးလာတဲ့လူတွေကို မြင်နေရပြီ။ အဲဒီတော့ မိန်းကလေးက

'ကဲ ရှင် ဒီပြဿနာမရှင်းတတ်ရင် ကျွန်မ ရှင်းပြမယ်၊ ရှင် ရေတွင်းထဲ ခုန်ချလိုက်'

ဆိုပြီး ပြောတယ်၊ ယောကျ်ားလေးကလည်း ခုန်ချရတော့တာပေါ့။ ခဏလေးနေရင်ပဲ ရေတွင်းနားကို လူတွေရောက်လာတယ်။

'ဟဲ့ ကလေးမ ဘာလို့အော်တာလဲ၊ ဘယ်သူက စော်ကားလို့လဲ ပြောစမ်း'

'စော်ကားလို့မဟုတ်ပါဘူးရှင်၊ လူတစ်ယောက် ရေတွင်းထဲ လိမ့်ကျနေတာတွေလို့ အော်တာပါ'

လို့ပြောတယ်။ ရောက်လာတဲ့လူတွေဟာ ရေတွင်းထဲကို ငုံ့ကြည့်ပြီး ရေတွင်းထဲရောက်နေတဲ့လူကိုတွေ့တော့ ဝိုင်းဆယ်ပေးပြီး ပြန်သွားကြသတဲ့။

http://www.cherrythitsar.org



အဲဒါကတော့ ဖြတ်ထိုးဉာဏ်မှာ မိန်းကလေးကသာတယ် ဆိုတာကိုထင်ဟပ်ပြတဲ့ပုံပြင်ပဲ။မိန်းကလေးအတော်များများဟာ သူတို့ပိုင်ဆိုင်ထားတဲ့ဖြတ်ထိုးဉာဏ်ကို ပိုမိုထက်မြက်အောင်မလေ့ ကျင့်ကြလို့ပါ။လေးလေး ငါ့တူမများကို နောက်ထပ်ပုံပြင်တစ်ခုပြော ပြချင်သေးတယ်။ အဲဒီပုံပြင်ကတော့ စကားအရာမှာ မိန်းကလေး တွေက ပိုပြီးကြွယ်ဝတယ်ဆိုတာကို ထင်ဟပ်ပြထားတဲ့ ပုံပြင်ပဲ။

တစ်ခါက ရွာတစ်ရွာမှာ ဦးသာဝနဲ့ ဒေါ်မယ်မဆိုတဲ့ လင်မယားရှိသတဲ့။ ဦးသာဝဟာ သူ့သူငယ်ချင်းဦးစံဖျောတို့ ဦးပေတလူတို့နဲ့ညနေတိုင်း စကားဝိုင်းဖွဲ့လေ့ရှိတယ်။ စကားဝိုင်း ဖြစ်ပြီဆိုရင်လည်း ယောကျ်ားများဟာ ကြီးကျယ်ကြောင်း မြင့်မြတ်ကြောင်း အမြဲပြောကြတယ်။ တစ်ရက်မှာလည်း

'စဉ်းစားကြည့်လေ၊ ကျုပ်တို့ ယောကျ်ားတွေက နတ်ပြည် ရောက်လို့ နတ်သားဖြစ်ရင်ကိုပဲ နတ်သမီး တစ်ဘက် ငါးရာနဲ့ ခံစားရမှာ၊ နှစ်ဘက်ဆိုတော့ နတ်သမီးတစ်ထောင်'

'ဟင်း ဟင်း မိန်းမများ နတ်ပြည်ရောက်တာကိုပဲ နတ်သား တွေပြုစုရတုန်း'

'ယောကျ်ားက မြင့်မြတ်တာကိုး'

အဲသလို အားရပါးရပြောနေတာကို ဒေါ်မယ်မက မီးဖိုထဲကထိုင်နားထောင်ရင်း အူယားလာတယ်။ နားကြားပြင်း ကတ်လာတယ်။ ဒါနဲ့ ဒေါ်မယ်မ က

'ယောကျ်ားတွေ နတ်သားဖြစ်တော့နတ်သမီး တစ်ထောင် နဲ့ခံစားရမယ်ပေါ့ ဟုတ်လား'

'ဟုတ်ပေါ့'

http://www.cherrythitsar.org



http://www.cherrythitsar.org


'ဒါဖြင့် နတ်ပြည်မှာ နတ်သမီးတွေက အများကြီးပေါ့'

'ဟုတ်ပ'

'ကျုပ်မသိလို့ မေးပါရစေဦး'

'ဘာလဲ'

'နတ်ပြည်မှာ နတ်သမီးတစ်ထောင်ရှိမှ နတ်သားက တစ်ပါး တည်းဆိုတော့ မိန်းမတစ်ထောင် နတ်ပြည်ရောက်မှ တော်တို့ ယောကျ်ားက တစ်ယောက်ပဲ နတ်ပြည်ရောက်တာပေါ့၊ ကျုန်တဲ့ ကိုးရာကိုးဆယ့်ကိုးယောက်က ဘယ်ရောက်ကုန်လို့လဲ'

ဆိုပြီး ဝင်မေးလိုက်သတဲ့။ ယောကျ်ားကြီးသုံးယောက်လုံး ပါးစပ်ဟောင်းလောင်းနဲ့ ဖြစ်သွားတာပေါ့။ အဲဒီပုံပြင်ကတော့ စကားအရာမှာ မိန်းမတွေကပိုပြီး ကြွယ်ဝတယ်ဆိုတဲ့သဘောပဲ။ ဒီပုံပြင်တွေဟာ မိန်းမတွေရဲ့ အရည်အသွေးကို တင်စားပြော ဆိုထားတဲ့ပုံပြင်တွေပဲ။

ရှေးလူကြီးတွေဟာ မိန်းမတွေကို နှိမ်ခဲ့ကြတာမဟုတ် ပါဘူး။ ရှေးလူကြီးတွေပြောဆိုခဲ့တဲ့ စကားထဲမယ် မိန်းမတွေရဲ့ အရည်အသွေးထက်မြက်ပုံ ဖေါ်ပြခဲ့တဲ့စကားတွေ အများကြီး ပါပဲ။ လောကကြီးထဲမှာ အရည်အသွေးထက်မြက်တဲ့ အရည် အချင်းပြည့်တဲ့သူတွေက ဦးဆောင်မှာပါပဲ။ ယောကျ်ားက ဦးဆောင်မယ် မိန်းမက ဦးမဆောင်ရဘူးရယ်လို့ ပုံသေ သတ်မှတ် မထားပါဘူး။ ဒါကြောင့် ငါ့တူမများဟာ လောကကြီး အလယ်မှာ ဦးဆောင်နိုင်စွမ်း အရည်အချင်းရှိတဲ့ သမီးကောင်း ရတနာများ ဖြစ်အောင် ကြိုးစားကြပါလို့ လေးလေးပြောချင် တယ်။

http://www.cherrythitsar.org

# ရွေးရခက်ကြီး



http://www.cherrythitsar.org



## ရှေးရခက်ကြီး

မိန်းကလေးဆိုတာ အရှက်နဲ့လူလုပ်တာကွယ့်။ ရှက်တတ်မှ တန်ဖိုးရှိတာ။ ရှက်သင့်တာကိုပေါ့။ မိဘက အိမ်ဆိုင်ဈေးဝယ်ခိုင်းတာကို 'ဟင့်အင်း ရှက်ပါတယ်'ဆိုပြီး လမ်းဘေးအအေးဆိုင်မှာ ရည်းစားနဲ့ထိုင်ဖို့ကျတော့ မရှက်တာမျိုးတော့ မဖြစ်သင့်ဘူးနော့။

ရှက်တဲ့အကြောင်း ပြောရရင်တော့

ကြိုက်မရှက်

ငတ်မရှက်

ငိုက်မရှက်

ဆိုတဲ့စကားကို အမှတ်ရမိတယ်။ တကယ်ကြိုက်မိပြီဆိုရင် မရှက်နိုင်တော့ဘူး။အဲသလိုမရှက်နိုင်တာကိုပဲ မိန်းကလေးတို့အတွက် ထိန်းထိန်းသိမ်းသိမ်းနေဖို့ သတိပေးထားတာတွေ ရှိသေးတယ်။ ယောကျာ်းကြိုက်တော့ စိုက်စိုက်လာ မိန်းမ ကြိုက်တော့ မျှော်လိုက်တာတဲ့။အရှက်ကင်းမဲ့ရင် တန်ဖိုးကျမှာကြောင့် မရှက်နိုင်တဲ့အရာကို တောင်မှပဲ ဣန္ဒြေမပျက်ဖို့ သတိပေးထားတဲ့စကားလို့ လေးလေးထင်တာပဲ။ မိန်းကလေးက ကြိုက်မိတာနဲ့ ယောကျာ်းလေးအိမ်ရှေ့ စက်ဘီးနဲ့သွားဝေ့ရမယ်ဆိုရင် ဘယ်ဟုတ်ပါ့မလဲ။

လေးလေးဆီကို ရောက်လာတဲ့စာတစ်စောင်ကို ဖတ်မိပြီး ငါ့တူမများကို ဖေါက်သည်ချချင်သေးတယ်။ အဲဒီစာထဲမယ် သူ့ကိုကြိုက်နေတဲ့ကောင်လေးက သူ့ကိုလာလာပြီးကြည့်တယ်။ တွေ့နိုင်ဖို့ကြိုးစားတယ်။သူရှိတတ်တဲ့နေရာကို သွားတတ်တဲ့နေရာတွေလည်း လိုက်နေတယ်တဲ့။ဒါပေမယ့် အဲဒီကောင်လေးက အလုပ်မရှိအကိုင်မရှိ။

http://www.cherrythitsar.org



အိမ်ထောင်တစ်ခုထူထောင်ပြီးရင်ကိုပဲ ဘာလုပ်စားလို့ ဘယ်နေရမှန်း မသိဖြစ်မှာသိနေတဲ့အတွက် သူက စိတ်မဝင်စားဘူးလို့ဆိုတယ်။ အဲ သူစိတ်ဝင်စားတဲ့ကောင်လေးကိုကျတော့ သူ့မှာ မိန်းကလေးဖြစ်နေတဲ့အတွက် စပြောဖို့လည်းခက်၊ ကောင်လေးရှိတဲ့နေရာသွားပြန်ရင်လည်း ဣန္ဒြေမရှိဘူးထင်မှာစိုးရ။ အဲဒီကောင်လေးမှာက အလုပ်အကိုင်အတည်တကျရှိတယ်။ တင့်တောင့်တင့်တယ်ထားနိုင်မှာ သေချာတယ်လို့ ယုံကြည်နေတယ်။ မိန်းကလေးတွေမှာ အိမ်ထောင်ဖက်ကို ကိုယ့်အသိဉာဏ်နဲ့သင့်တော်မယ့် လူရွေးခွင့်မရဘဲ ကိုယ့်ကိုပြောတဲ့လူထဲက သင့်နိုးရာရာရွေးနေရတဲ့အတွက် လင်ကောင်းသားကောင်းရဖို့မလွယ်ဘူး။ အချစ်ရေးမှာ မိန်းကလေးကစရင် 'အရှက်'မရှိတဲ့ မိန်းမအဖြစ် သတ်မှတ်ကြမှာ။ ဒီတော့ ယောကျ်ားတွေအကြောင်းသိလေ အိမ်ထောင်ဖက်ရွေးရခက်လေ ဖြစ်နေတယ်လို့ ရေးထားတယ်။

သူ့စာဖတ်ပြီး လေးလေးတောင် ခေါင်းခြောက်သွားတယ်။ ဒီတော့ လေးလေးကို ဆရာကြီးဦးဆန်းထွန်းက ပြောဖူးတာ အမှတ်ရမိတယ်။ အဲဒီ စကားကတော့

'လောကကြီးမှာ လွယ်တဲ့အလုပ်ဆိုလို့ အသုံးမကျတဲ့ အလုပ်ပဲရှိတယ်။အသုံးကျတဲ့အလုပ်ဟူသမျှ ခက်တာပဲ။ တွေးကြည့်စမ်း၊ နာမည်ပျက်ချင်သလား၊ အရက်တစ်ခွက်လောက်သောက်ပြီး လမ်းထဲမှာ သုံးခွန်းပြည့်အောင်အော်ဆဲကြည့်၊ မူးရမ်းနေတယ် ဆိုပြီးနာမည်ပျက်ရဖို့သေချာတယ်။နာရီဝက်အတွင်းရနိုင်တယ်။ အဲဒီနာမည်လေးပြန်ကောင်းဖို့ကျတော့ နှစ်နဲ့ချီပြီး ယို့ယို့ကျိုးကျိုး လိမ်လိမ်မာမာနေပြနေတာကိုပဲ ဝန်ကျင်းက မယုံချင်ဘူး။ ဘယ်အချိန်ပြန်ဖောက်မယ်မသိဘူးဆိုပြီး နာမည်ကောင်းရဖို့ သိပ်ခက်သွားပြီ'တဲ့။ ဒီတော့ လင်ကောင်းရဖို့ ခက်တာမဆန်းပါဘူး။

http://www.cherrythitsar.org



ယောကျ်ားကောင်း ယောကျ်ားတော်ကို ကိုယ်က အိမ်ထောင်ဖက်အဖြစ် ရွေးချင်သလို ရချင်သလို ယောကျ်ား တွေကလည်း တော်တဲ့ လိမ္မာတဲ့ တတ်သိတဲ့ မိန်းကလေးကို ရချင်တာပါပဲ။ ဒါဟာလည်း အသုံးမကျတဲ့အလုပ်လိုတော့ ဘယ်လွယ်မှာလဲ။ မိန်းကလေးတစ်ယောက်ဟာ ကိုယ့်အရည် အသွေးအသိဉာဏ် ကိုယ့်ဟာကိုယ် ပြုစုပျိုးထောင်ပြီးနေဖို့ပဲ လိုပါတယ်။ အိမ်ထောင်ဖက်ကောင်း တော်တဲ့ယောကျ်ားဆိုတာ သူ့ဟာသူ ကိုယ့်ရှေ့ရောက်လာမှာပါ။

ကိုယ်က အသုံးမကျတဲ့ယောကျ်ား မရွေးချင်သလိုပါပဲ။

ကိုယ်အသုံးမကျရင်လည်း အရည်အချင်းရှိတဲ့ယောကျ်ားလေးက ကိုယ့်ကိုရွေးမှာမဟုတ်ပါဘူး။ မိန်းကလေးဆိုတာ အရက် အကြောက်ကင်းမြေတွေနဲ့ ကိုယ့်သိက္ခာကိုကိုယ်ထူထောင်ရတာပါ။ အသိဉာဏ်အတတ်ပညာတွေနဲ့ ကိုယ့်အရည်အသွေးကို ထက်မြက်အောင် လုပ်ရတာပါ။ ဒီတော့ ငါ့တူမများကို လေးလေး အကြံပြုချင်တယ်။

ယောကျ်ားတွေအကြောင်းကို အထိုက်အလျောက်မှန်းဆအကဲခတ်လို့ ရနေပြီ။ သိုတို့ပြောသမျှ ကိုယ်မယုံတော့ဘူး။ အရာရာမှာစဉ်းစားပြီးမှ ဆုံးဖြတ်မယ်။ မလေ့လာဘဲ အထင်ကြီးမှု အထင်သေးမှုမထားတော့ဘူး၊ သူတို့ရဲ့အရည်အချင်းအရည်အသွေးကိုနှစ်သက်မှ ဘဝအဖော်အဖြစ် လက်ခံမယ်ဆိုပြီး ဆုံးဖြတ်ပြီးရင်

'သိတတ်တော်တဲ့ယောကျ်ားကို ကိုယ်ကသွားပြောဖို့ မလိုပါဘူး၊ ကိုယ့်တန်ဖိုးကိုယ်မြှင့်လိုက်ပါ။ တန်ဖိုးရှိအောင် ထူထောင်လိုက်ပါ။ ကိုယ်နဲ့ထိုက်တန်တဲ့ယောကျ်ားလေးဟာ ကိုယ့်ရှေ့ရောက်လာမှာပါ'

အဓိကက ကိုယ့်တန်ဖိုး ကိုယ်သိဖို့ မြှင့်ဖို့ပဲ။

http://www.cherrythitsar.org

## မာန်ကြီးတာနဲ့
## ဘဝမြင့်တာ



http://www.cherrythitsar.org



အဲဒါဆို အရွေးရမခက်တော့ပါဘူး။ အသိဉာဏ်ရှိတဲ့၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေးပြည့်စုံတဲ့ယောကျ်ားတွေ အကြောင်း ပြောချင်သေးတယ်။ အဲသလိုယောကျ်ားမျိုးလေးတွေက အိမ်ထောင်ရေးကို နှလုံးသားနဲ့တင် ဆုံးဖြတ်တာမဟုတ်တော့ဘူး။ ဦးနှောက်နဲ့ပါ ရွေးချယ်တတ်တယ်။ သူ့ဘဝသူ့လုပ်ငန်းအတွက် အထောက်အကူပြုမယ့် မိန်းကလေးမျိုးကို ရှာမှာပဲ။ အသိဉာဏ်ရှိတဲ့မိန်းကလေးအတွက် အသိဉာဏ်ရှိတဲ့ယောကျ်ားဟာ ရှာဖွေပြီး ရောက်လာမှာပါ။

လေးလေးကြားဖူးတဲ့စကားလေး ပြောချင်တယ်။

ပြဇာတ်စာရေးဆရာကြီး ရှိတ်စပီးယားက အရုပ်ဆိုးတယ်ဆိုပဲ၊ အဲဒီဆရာကြီးကို ပြဇာတ်ထဲက ရုပ်အလွန်ချောတဲ့ ကချေသည်ကလေးကပြောသတဲ့။ 'ဆရာကြီး၊ ဆရာကြီးနဲ့ကျွန်မသာ လက်ထပ်လိုက်ရင် ကျွန်မလိုရုပ်ချောပြီး ဆရာကြီးလိုဉာဏ်ကောင်းတဲ့ ကလေးတွေရမှာပဲ'လို့။ ဒီတော့ဆရာကြီးက ကချေသည်မလေးကို သေသေချာချာကြည့်ပြီး ပြန်ပြောလိုက်သတဲ့။ 'ကလေးမရယ်၊ မင်းနဲ့ငါ ယူလိုက်ရင် ငါ့လို အရုပ်ဆိုးပြီး မင်းလိုအသိဉာဏ်မရှိတာလေးတွေ မွေးလာရင် မခက်ပေဘူးလား' တဲ့။

မှတ်စရာကောင်းတယ်နော်။

## မာနကြီးတာနဲ့ ဘဝင်မြင့်တာ

အလှမာန

ပညာမာန

သိက္ခာမာန

ဓနမာန

http://www.cherrythitsar.org



မာနဆိုတာထားရမှာပဲကွယ့်။မာနကြီးတယ်ဆိုတာ ကြီးစရာမာနရှိမှ ကြီးလို့ရတာပါ။ ကြီးစရာမာနမရှိဘဲ ငါနဲ့ဘယ်သူနဲ့မှမတူဘူး၊ မတန်ဘူးဆို ကိုယ့်ကိုယ်ကို အထင်ကြီးနေရင် 'ဘဝင်မြင့်တာ' ပဲ။ လွယ်လွယ်ပြောရရင်တော့ ဘာမှမဟုတ်တဲ့ သူကို သိပ်ပြီးအရေးပါသလို ဟုတ်သလိုထင်နေရင် 'အထင်ကြီး' တာဖြစ်ပြီး ကိုယ့်ကိုယ်ကို အထင်ကြီးရင် ဘဝင်မြင့်တာဖြစ်ရော။

ဘဝင်မြင့်နေတဲ့ ယောကျ်ားလေးတွေအကြောင်းလည်း သိထားသင့်တာပဲ။ ဘဝင်မြင့်တာရဲ့ အခြေခံကတော့ အသိဉာဏ်နည်းလို့ပဲ။ ဘဝင်မြင့်နေတဲ့သူများဟာ သူတို့ကို ပတ်ဝန်းကျင်က သိပ်အထင်ကြီးစေချင်တယ်။ လူတွေရဲ့ အာရုံစိုက်မှုကို သိပ်လိုချင်ကြတာ။ နေတာ ထိုင်တာ ဝတ်တာ စားတာ ပြောတာဆိုတာ သူများထက် နည်းနည်းပိုကဲတယ်။ သူများဆိုတာက သူနဲ့အဆင့်တူတွေကို ဆိုလိုတာပါ။ လူစုံစုံဆိုရင် အသံကျယ်ကျယ်နဲ့ ပြောမယ်' ဆိုင်ကယ်စီးနိုင်သူချင်းတူရင် သူကပိုပြီး မြန်မြန်ကြမ်းကြမ်းစီးမယ်။ လွန်ကဲတဲ့အမူအကျင့်တွေရှိတယ်လို့ပဲ လွယ်လွယ်မှတ်ထားလိုက်ပေါ့။

မာနဆိုတာကတော့ ထားသင့်တယ်လို့ လေးလေးမြင်တယ်။ ယုံတယ်။ အသိဉာဏ်ရှိသူက ကိုယ့်အသိဉာဏ်အတွက် မာနထားရမှာပဲ။ ရုပ်လှသူက ကိုယ့်အလှအပအတွက် မာနထားရမှာပဲ။ ဥစ္စာရှိသူကလည်း သူ့ဥစ္စာအတွက် မာနထားရမှာပဲ။ ပညာတတ်တစ်ယောက်ဟာ သူပိုင်ဆိုင်ထားတဲ့ပညာအတွက် မာနမထားရင် သူ့ပညာဟာ အလကားဖြစ်သွားမှာပေါ့။ ငါက ပညာတတ်ပဲဆိုတဲ့ မာနတော့ရှိရမှာပေါ့။ ပညာမတတ်တဲ့လူတွေလို အချိန်ဖြုန်းနေရင် သူ့ပညာရဲ့တန်ဖိုးဟာ ဘယ်ရှိတော့မှာလဲ။ အချိန်ဖြုန်းရတဲ့အလုပ်မျိုး သူ့ပညာနဲ့အံမဝင်တဲ့ အလုပ်မျိုး လာခိုင်းရင်လည်း အဲဒီအလုပ်

http://www.cherrythitsar.org



ငါနဲ့မတန်ဘူးကွဆိုပြီး ပြောပိုင်ခွင့်ရှိတာပဲ။ လေယာဉ်ပျံမောင်းတတ်သူကို ဆိုက်ကားနင်းခိုင်းလို့ မသင့်လျော်ဘူး။ သူက မနင်းတာနဲ့ မာနကြီးလိုက်တာဆိုရင် ကြီးရမှာပဲလို့ ပြန်ပြောရမှာပဲ။

သိပ်လှတဲ့ မိန်းကလေးဟာ သူ့အလှအပအတွက် မာနထားရမှာပဲ။ အဲဒီမာနမရှိရင် စော်ကားခံရမှာပေါ့။ လူတွေဟာ မာနထားနိုင်ဖို့ ပိုင်ဆိုင်မှုရှိရတယ်။ သဘာဝကပေးတဲ့ ပိုင်ဆိုင်မှု (ရုပ်လှတာအသံကောင်းတာ)မျိုး။ ဒါမှမဟုတ် လုံ့လဝီရိယနဲ့ ရယူထားတဲ့ ဥစ္စာဓနပညာလိုဟာမျိုး။ကိုယ့်ပိုင်ဆိုင်မှုအတွက် ကိုယ်တန်ဖိုးထားတာဟာ မာနလို့ လေးလေးတော့ နားလည်တာပဲ။

ပိုင်ဆိုင်မှုအတွက် မာနထားရာမှာ မတည်မြဲနိုင်တာအတွက် ကတော့တစ်မျိုးပေါ့။ကိုယ့်မှာမပိုင်ဆိုင်တော့ရင် မာနမထားနဲ့တော့ပေါ့။ဆိုကြပါစို့။ ဥစ္စာဓနအတွက် မာနထားတယ်။ အကြောင်းကြောင်းကြောင့် ဥစ္စာဓနဆုံးရှုံးသွားရင် မာနမထားနဲ့တော့ပေါ့။ မပိုင်ဆိုင်တော့တဲ့အချိန်မှာပါ မာနထားနေရင် ဘဝင်မြင့်တာဖြစ်သွားမှာပဲ၊ အထည်ကြီးပျက်လို့ ခေါ်တာခံရမှာပဲ။

အလှအပအတွက် မာနထားတယ်၊ လှနေတုန်းထားပေါ့၊ အသက်ကြီးလာလို့ မလှတော့တဲ့အချိန်ထိ မာနထားနေရင် ရယ်စရာဖြစ်မှာပဲ။ ကြောင်သွားမှာပဲ။

ပညာမာနမျိုးကျတော့တစ်သက်လုံးထားလို့ရတယ်။ အတွေ့အကြုံစုံလေ အသက်ကြီးလေ အတွေးအခေါ် ရင့်ကျက်လေပဲ။ ပိုင်ဆိုင်ပြီးသား ပညာဟာ ပျက်လွင့်သွားမယ်မဟုတ်ပါဘူး။ အမှားအမှန်ဝေဖန်ပိုင်းခြားနိုင်တဲ့ ပညာရှင်ဟာ မှားနေတာ ကို မှန်ပါတယ်လို့ ပြောမှာမဟုတ်ဘူး၊ မှန်နေတာကိုလည်း မှားတယ်လို့ ပြောမှာမဟုတ်

http://www.cherrythitsar.org



ဘူး။မသိတဲ့လူတစ်ရာနဲ့ သူတစ်ယောက်တည်းနဲ့ ယှဉ်နေရလို့လည်း လျှော့ပေးမှာမဟုတ်ဘူး။ အဲဒါ ပညာမာနပဲ။

မိန်းကလေးပဲ ဖြစ်ဖြစ်

ယောကျ်ားလေးပဲ ဖြစ်ဖြစ်

ဒီလူဟာ ဘဝင်မြင့်နေတာလား၊ မာနထားတာလား၊ ခွဲခြားပါ။ ကိုယ်တိုင်လည်း ငါဟာ ဘဝင်မြင့်နေတာလား၊ မာနထားတာလားခွဲခြားပါ။ ဘဝင်မြင့်တာနဲ့ မာနကြီးတာ ခွဲခြားနိုင်ပါစေ။ မာနထားစရာရှိလို့ မာနထားတာ ကောင်းပါတယ်။ ကိုယ့်မှာရှိနေ တဲ့ အရည်အချင်းထက် ပိုင်ဆိုင်မှုထက်ပိုပြီး ပိုင်ဆိုင်တယ်လို့ ထင်လိုက်ရင်တော့ ဘဝင်မြင့်တာ ဖြစ်သွားမှာပါပဲ။

မာနဆိုတာ တစ်နည်းအားဖြင့်တော့ ကိုယ့်ကိုကိုယ်ယုံကြည်မှုပါပဲ။ ကိုယ့်ယုံကြည်မှုကို ကိုယ်ခိုင်မာအောင် တည်ဆောက်နိုင်ရင် ဘဝဟာ တိုးတက်သွားမှာပါပဲ။

ငါ့တူမများ ယောကျ်ားတွေအကြောင်း သိဖို့ လိုအပ်သလို ကိုယ့်အကြောင်းလည်း ကိုယ်သိဖို့လိုအပ်တယ်။ ပြီးတော့ မိန်းကလေးတစ်ယောက်ရဲ့ ဘဝလုံခြုံဖို့ တိုးတက်ဖို့ အေးချမ်းဖို့ ဆိုတာ ငါ့တူမများရဲ့ အသိဉာဏ် အတွေးအခေါ် ဖွံ့ဖြိုးတိုးတက်ဖို့နဲ့ပါ ဆိုင်နေတယ်လေ။ အသိဉာဏ် အတွေးအခေါ် ဖွံ့ဖြိုးတိုးတက်မှုမရှိရင်၊ အမှားအမှန် ဝေဖန်ပိုင်းခြားနိုင်စွမ်းမရှိရင် ယောကျ်ားတွေလိမ်သမျှ ခံရမှာပေါ့။ ယောကျ်ားတွေပြောသမျှ ယုံမိမှာပေါ့။ ပုံပြင်လေးတစ်ပုဒ်ပြောပြချင်တယ်။

ရွာတစ်ရွာမှာ လူလည်တစ်ယောက်က တွေ့သမျှကောင်မလေးတွေကို မြှောက်ပင့်ပြောလေ့ရှိတယ်။ မြှောက်ပင့်ပြောပြီး နီးစပ်မှု

http://www.cherrythitsar.org



ယူရတာကလွယ်တာကိုး။ သူကကောင်မလေးတွေကို တွေ့တာနဲ့

'ဟဲ့ ကောင်မလေး'

'ဘာလဲ'

'နင်က တော်တော့်ကိုလှတယ်'

'အိုဗျာ ဟုတ်လဲဟုတ်ပဲနဲ့'

'အဟုတ်ကို ပြောတာပါ'

'ကျွန်မလှတယ်လို့ပြောတာ ခင်ဗျားတစ်ယောက်ပဲရှိတယ်'

'ဟာ တခြားလူတွေက နင့်အလှအပကို မမြင်တတ်လို့၊ နင်လှတာဟာ မျက်လုံးပဲ၊ နင့်မျက်လုံးနဲ့သာ သေသေချာချာ စိုက်အကြည့်ခံလိုက်ရရင် အဲဒီကောင်တော့ ဓါတ်လိုက်သလို ခံ ရမှာပဲ၊ နင်မျက်စောင်းထိုးကြည့်လိုက်ရင်လေ နင့်မျက်စောင်းက ရင်ထဲထိ ဝင်မှန်သလိုပဲ၊ ဒန့် ဒန့် ဒန့်နဲ့ကို ဖြစ်သွားတာ'

အဲသလိုအပြောတွေနဲ့ မြှောက်ပင့်ပြောလေ့ရှိတယ်၊ အဲသလို ပြောတာကို ကျောင်းဆရာမ အပျိုကြီးက အားကြီးမုန်းတယ်။ သက်သက်လူပါးဝနေတာပေါ့၊ ကောင်မလေးတွေကလည်း ဒါလောက် အရသလားပေါ့၊ ဒီကောင်မြှောက်ပင့်ပြောနေတာကိုမသိဘူးလား ပေါ့။အဲသလိုမကျေမနပ်တွေဖြစ်နေလို့ တစ်ရက်မှာတော့ အဲဒီလူကို

'လာပါဦး'

'ဘာခိုင်းစရာရှိလို့လဲ မမ'

'ခိုင်းစရာမရှိပါဘူး၊ မင်းက ကောင်မလေးတွေကို တွေ့တာနဲ့ မြှောက်ပင့်ပြောပြီး ညာစားနေတာ မကျေနပ်လို့ ခေါ်ပြောတာပဲ။ မိန်းကလေးတွေကိုအအူ အအ လေးတွေလို သဘောထားနေတာ

http://www.cherrythitsar.org



http://www.cherrythitsar.org



မကျေနပ်လို့၊ နောက် အဲသလိုမလုပ်ပါနဲ့၊ မင်းရဲ့အသုံးမကျတဲ့အကျင့်ကို ဖျောက်ပါလို့ ရန်တွေ့သတဲ့။

ဒီတော့ အဲဒီလူက

“မမရယ် ကျွန်တော်မြှောက်ပင့်ပြောပြီး ညာစားနေတယ် ဆိုတာ မှန်ပါတယ်။ မြှောက်ပင့်လို့ရတဲ့ မိန်းကလေးတွေကို မြှောက်ပင့်ပြောနေတာပါ၊ မမတို့လို အသိဉာဏ်ရှိတဲ့ အမျိုးသမီး ကိုတော့ ဘယ်မှာ မြှောက်ပင့်ပြောလို့လဲ’

ဆိုပြီး မျက်နှာငယ်လေးနဲ့ပြောသတဲ့ ဒီတော့

‘အင်း ငါ့မောင်ပြောတာလဲ ဟုတ်ပါတယ်’ လို့ပြောပြီး ပြုံးသတဲ့။ ဒီပုံပြင်ဟာလည်း ငါတူမများ သတိထားသင့်တဲ့ပုံ ပြင်ပဲ။ အသိဉာဏ်ရှိဖို့သိပ်လိုတယ်။ အသိဉာဏ်ရှိမှ ယောကျ်ား တွေအကြောင်းသိမှာ ၊ အသိဉာဏ်ရှိမှ မာနထားနိုင်မှာ။

ခု လေးလေးရေးပြလိုက်တဲ့ ပုံပြင်ရဲ့ အဓိပ္ပါယ်ကို သေသေချာချာ စဉ်းစားကြည့်စမ်း။ စဉ်းစားတာ တွေးခေါ်တာ ဟာ အလေ့အကျင့်လုပ်မှ ထက်မြက်လာတာ။ ဒီနေရာမှာ ဆရာကြီး ရွှေဥဒေါင်းရေးဖူးတဲ့စာကို အမှတ်ရမိတယ်။

တွေးခေါ်သည်ဆိုရာ၌ မိုးသည် အထက်ကရွာ၍သာ တော်တော့သည်။ အောက်မှာရွာလျှင် ထီးမည်သို့ဆောင်းရမည် မသိဟု အဓိပ္ပါယ်မဲ့၊ ယုတ္တိမဲ့တွေးခြင်းမျိုးမဟုတ်။

ဆိုပြီးရေးဖူးတာ။ စဉ်းစားတာ တွေးခေါ်တာ အလေ့ အကျင့်မရှိရင် ဘယ်စကားက ဘယ်ရောက်လို့ ဘယ်လိုအဓိပ္ပါယ် ထွက်မှန်းမသိနဲ့ ကျေနပ်နေမိလိမ့်မယ်။

http://www.cherrythitsar.org

# ဆုမိခိုးကြီးများအကြောင်း



http://www.cherrythitsar.org



## လူပျိုသိုးကြီးများအကြောင်း

ငါ့တူမများအနေနဲ့ 'လူပျိုသိုး' ကြီးတွေအကြောင်းလည်း သိထားသင့်တယ်ကွယ့်။ 'လူပျိုသိုး'ဆိုတာ 'ရိုးရိုးလူပျို ကြီး'တွေနဲ့မတူဘူး။ ရိုးရိုးလူပျိုကြီးကတော့ ချစ်သူနဲ့ ကွဲသွားလို့၊ အိမ်ထောင်မပြုချင်လို့၊ ရတာမလို လိုတာမရဖြစ်လို့ ဆိုသလို လူပျိုကြီးဖြစ်သွားတယ်။ တချို့လူပျိုကြီးများကတော့ အလုပ်ထဲ အာရုံရောက်နေလို့၊ စီးပွားရေး၊ ပညာရေး၊ အနုပညာရေးတွေမှာ ဘဝကို နှစ်မြှုပ်ထားလို့ လူပျိုကြီး ဖြစ်နေတာတွေရှိတယ်။

'လူပျိုသိုး'ဆိုတာကတော့ ဘယ်လိုဟာရရ လိုချင်လျက်နဲ့ကို မရလို့လူပျိုကြီးဖြစ်နေရတာ။ အဲသလို လူပျိုသိုးကြီးများကတော့ အသက်ငါးဆယ်ကျော် ခြောက်ဆယ်ရောက်နေဦးတော့ ဆယ့်ခြောက်နှစ်သားများလို ရည်းစားစကားပြောချင်တုန်း၊ ရည်းစားစာ ပေးချင်တုန်း။လူပျိုသိုးကြီးများဟာ ဆင်းရဲဆင်းရဲ ချမ်းသာချမ်းသာ ပညာမဲ့မဲ့ ပညာတတ်တတ် အမူအကျင့်ချင်းကတော့ ကိုးဆယ်ရာနှုန်းအတူတူပါပဲ။ ပညာရေး၊ စီးပွားရေးထဲနစ်နေတဲ့ အိမ်ထောင်ရေး စိတ်မဝင်စားတဲ့ လူပျိုကြီးတွေနဲ့ ဘာမျှမဆိုင်ဘူး။ မိန်းကလေးတစ် ယောက်နဲ့ စကားပြောရမယ်ဆိုရင် ဝန်းကျင်ကို မေ့နေတော့တာ။ လူပျိုသိုးကြီးများရဲ့ထူးခြားချက် ထင်ရှားတဲ့ အမူအကျင့်ကတော့ မိန်းကလေး တစ်ယောက်ကို ကြည့်မိပြီဆိုရင် ဗွီဒီယိုကင်မရာက မှန်ဘီလူး ကို 'အော်တို' နဲ့အနီးအဝေး (ဖိုးကပ်) ဖြတ်ထားသလိုပဲ၊ ကျန်တာတွေအကုန်ဝါးနေတော့တာ။အဲဒီမိန်းကလေးကလွဲလို့ ဘာမှမမြင်တော့တာ။ လူပျိုကြီးတွေက ဣန္ဒြေရသေးတယ်။ လူပျိုသိုး ကြီးတွေကတော့ ဣန္ဒြေမရဘူး။

# ယောက်ျားလေး

ချင်ယော်ချမ်း



http://www.cherrythitsar.org



သူတို့ရဲ့အားနည်းချက်ကတော့ မရှက်တော့တာပဲ။ သမီး အရွယ်လောက်ကလေးကို ရည်းစားစာပေးဖို့ ရည်းစားစကားပြောဖို့ ဝန်မလေးဘူး။ လစ်ရင်လစ်သလို ပြောမှာပဲ။ ကောင်မလေးက မကြိုက်လို့ ထိန်းပေးကြပါဦး၊ တားပေးပါဦးဆိုပြီး ဝန်းကျင်ကို တိုင်တည်မှာလည်း မစဉ်းစားဘူး။ ကိုယ်ပဲရှက်ရမှာ၊ ဒါကြောင့်

မိန်းမဆိုပြီးရော၊ ဘယ်လိုဟာရရ လိုချင်လျက်နဲ့မရတဲ့ လူပျိုသိုးကြီးတွေနဲ့များ ဆုံရကြုံရရင် ဝေးဝေးက ရှောင်ကွယ့်။

## ယောကျ်ားလေးသူငယ်ချင်း

'ယောကျ်ားလေးသူငယ်ချင်းထားတာကို မေမေတို့က သဘောမပေါက်ဘူး၊ ရည်းစားလို့ထင်နေတယ်။ ပတ်ဝန်းကျင်ကလည်းဒီလိုပဲ၊ သမီးတို့ကရိုးရိုးသားသားပါ။ နှစ်ယောက်တည်း ဈေးအတူသွား၊ လက်ဖက်ရည်ဆိုင် အတူထိုင်တိုင်း သမီးရည်းစားဖြစ်ရမှာလား။ သူက သမီးကို ကူညီနေတာပဲ၊ သမီးအတွက်အဖော်လိုက်ပေးတာကိုပဲ အပြစ်ကြီးတစ်ခုလို သမီးကိုနှာခေါင်းရှုံ့ချင်ကြတယ်။ အဲဒါသမီးမှားသလားဦး၊ ယောကျ်ားလေးသူငယ်ချင်းထားတာနဲ့ပဲ သမီးဘဝကို ထိခိုက်နိုင်သလား'

အဲသလိုစာမျိုးလည်း လေးလေးဆီလာတယ်လေ။ခက်တာပဲ၊ ပြောပြန်ရင်လည်း လေးလေးလွန်ရာကျတော့မယ်။ယောကျ်ားလေးဆိုတာ မိန်းကလေးအတွက် အလိုအပ်ဆုံးမိတ်ဆွေဖြစ်သလို ကြောက်စရာအကောင်းဆုံး ရန်သူလည်းဖြစ်တယ်လို့ လေးလေးပြောဖူးသားပဲ။

http://www.cherrythitsar.org



ယောကျ်ားလေးဆိုတာ မိန်းကလေးတွေကို ကူညီခွင့်ရတာနဲ့ ကူညီဖို့ အသင့်ရှိနေကြတာကွယ့်၊ ကူညီခွင့်ရတယ်ဆိုတာ နီးစပ်ဖို့အခြေခံကိုး၊ အလကားနေရင်း ကူညီချင်နေကြတာ။ မိန်းကလေးတစ်ယောက် အတွက် ဈေးသွားအအေးဆိုင်ထိုင် လမ်းလျှောက်ထွက်ဖို့ အဖော် လိုလို့ဆိုပြီး ယောကျ်ားလေးတစ်ယောက်ကိုခေါ်လို့ ကိုယ့်အဖော် ရအောင်လိုက်ပေးတာကို ကျေးဇူးတင်နေတယ်ဆိုတော့ ဒါလောက် အ ရသလားလို့ပဲ မေးချင်တော့တယ်။ မှတ်ထားကွယ့်၊ အဲသလို အဖေါ်ခေါ်ရင် ယောကျ်ားလေးတစ်ရာမှာ ကိုးဆယ့်ကိုးယောက်က လိုက်ဖို့အသင့်ပဲ၊ ကျန်တဲ့တစ်ယောက်က ခြေနာနေလို့ပဲဖြစ်မယ်။

မိန်းကလေးတစ်ယောက်ဟာ ယောကျ်ားလေးတစ်ယောက်နဲ့ ပူးပူးတွဲတွဲ ဟိုသွားဒီသွား လုပ်နေကြပြီဆိုရင် သူတို့ဟာသူတို့ ဘယ်လောက်ရိုးရိုး ပတ်ဝန်းကျင်ကတော့ သမီးရည်းစားဖြစ်နေပြီပဲ ထင်မှာပဲ။သမီးရည်းစားမဟုတ်ပါဘူးဆိုပြီး လိုက်ရှင်းပြနေရင်လည်း အထင်သေးမှာပဲ။တကယ်လို့ အဲဒီမိန်းကလေးမှာ ချစ်သူရှိနေတယ် ဆိုရင်လည်း အဲသလို ယောကျ်ားလေးသူငယ်ချင်းထားတာကို လုံးဝ ခွင့်လွှတ်မယ်မဟုတ်ပါဘူး။ သူ့ကို ဘဝအဖော်အဖြစ်ရွေးချယ်ဖို့ စိတ်ကူးရှိနေရင်လည်း အဲသလို ယောကျ်ားလေးတစ်ယောက်နဲ့ တွဲနေမှန်းသိရင် နောက်ဆုတ်သွားမှာပဲ။

မိန်းကလေးဆိုတာ ကိုယ်ချစ်တဲ့၊ လက်ထပ်ဖို့ဆုံးဖြတ်ထားတဲ့ ယောကျ်ားလေးမဟုတ်ရင် အတူသွားအတူလာ မနေထိုင်သင့်ဘူး။ ခင်လို့ အကူအညီရလို့ဆိုပြီး တွဲနေတာဟာ သူ့ဆီကရတဲ့ကူညီမှုထက် အဆပေါင်းများစွာ စိတ်အနှောင့်အယှက်ဖြစ်စရာတွေ ပူးတွဲပါလာ လိမ့်မယ်ဆိုတာ ယုံထားပါ။ ယောကျ်ားလေး သူငယ်ချင်းထားတဲ့ အတွက် ကိုယ့်ဘဝမှာ ကောင်းကျိုးထက် ဆိုးကျိုးတွေပဲ တန်းစီဝင်လာ

http://www.cherrythitsar.org



လိမ့်မယ်။ ဒါဆို ယောကျ်ားလေးသူငယ်ချင်းထားတာ မှားသလား မှန်သလား ငါ့တူမများပါသိရအောင် လေးလေးရေးပြနေတာပါ။

'ဘ၀ကို ထိခိုက်နိုင်သလား၊

တွဲသွားနေရုံနဲ့ မိန်းကလေးအတွက် ဘယ်လိုများနစ်နာသလဲ'

ဆိုတဲ့အမေးအတွက် 'သိက္ခာ' နစ်နာတယ်လို့ပဲ လေးလေး အဖြေပေးခဲ့တယ်။ယောကျ်ားလေးသူငယ်ချင်းဆိုတာ တကယ်တော့ တိုင်းတစ်ပါးရဲ့လူနေမှုစနစ်ထဲက ဝေါဟာရတစ်ခုပါ။ ဘွိုင်းဖရင့်ဒ် ဆိုတာကို ဘာသာပြန်ထားတဲ့စကားပဲ။ အဲဒီ ယောကျ်ားလေး သူငယ်ချင်းဆိုတဲ့စကားတွဲက လေးလေးတို့ မြန်မာဝေါဟာရထဲမှာ ရှိခဲ့တဲ့စကားမဟုတ်ပါဘူး၊ အဲသလို စကားမရှိခဲ့တာဟာ မြန်မာ လူနေမှုကိုက အဲသလိုနေတာ မရှိခဲ့လို့ပေါ့။

လေးလေးကခုလိုပြောလိုက်တော့ မြန်မာစကားထဲ မရှိတဲ့စကား တွေ ဟိုးအလျင်က မရှိပေမယ့် ခုရှိလာတာတွေ အများကြီးပဲ၊ ကားတို့၊ ရေဒီယိုတို့အများကြီးမှ တကယ့်ကိုအများကြီးပဲ၊ ဟိုတုန်းက မရှိပေမယ့် ခုခေတ်ရဲ့တိုးတက်မှုအရ လိုအပ်လို့ရှိလာတာ မဟုတ်လားလို့ ငါ့တူမများက မေးချင်လိမ့်မယ်။

ဟုတ်တယ်။

အဲသလို နောက်မှပေါ်လာတဲ့ လူသုံးပစ္စည်းတွေ၊ သိပ္ပံပစ္စည်းတွေ အတွက်ကတော့လိုအပ်လို့မြန်မာစကားအဖြစ် မွေးစားယူတာတွေ လည်းရှိတယ်။ဘာသာပြန်လို့ရတာတွေကို ဘာသာပြန်ယူတာတွေ လည်းရှိတယ်၊ တီဗွီကိုရုပ်မြင်သံကြားဆို ပြန်တာမျိုးပေါ့။ အဲ 'ဘွိုင်းဖရင့်ဒ်'

ဆိုတာကတော့ လူသုံးပစ္စည်းမှ မဟုတ်ဘဲ။ ဓလေ့ထုံးစံနဲ့ ဆက်နွှယ်နေတဲ့ အနေအထိုင်ပုံစံတစ်ခုပဲ။ လေးလေးတို့မြန်မာဓလေ့

http://www.cherrythitsar.org



http://www.cherrythitsar.org



ထုံးစံနဲ့ အံမဝင်တဲ့အနေအထိုင်ပုံစံတစ်ခုကို ဘာသာပြန်ထူထောင်လို့ မရပါဘူး။အတင်းအဓမ္မထူထောင်မယ်ဆိုရင်လည်း ကိုယ်ပဲအများနဲ့ သဘောထားချင်း ကင်းကွာသွားမှာပဲ။ဓလေ့ထုံးစံကို လူသုံးကုန်ပစ္စည်း လိုယူပြီး အသုံးပြုလို့မရဘူးကွယ့်၊ တိုင်းတစ်ပါးရဲ့ အလေ့အထ ဟာ ဘယ်နည်းနဲ့မျှ မြန်မာအလေ့အထ ဖြစ်မလာနိုင်ပါဘူး။

လေးလေးတို့တိုင်းတစ်ပါးကယူရမှာက နည်းပညာ အတတ်ပညာပါ။

ယောကျာ်းလေးသူငယ်ချင်းထားတာဟာ နည်းပညာ အတတ်ပညာမဟုတ်ပါဘူး။ အမူအကျင့်ပါ။တိုးတက်လာတဲ့ခေတ်၊ အခြေအနေ၊ အချိန်အခါအရ မိန်းကလေးတွေ၊ ယောကျာ်းလေးတွေ အတူသွား၊ အတူပညာရှာ၊ အပြန်အလှန်ကူညီနေကြတာမျိုးဟာ လက်ခံနိုင်စရာပေမယ့် ဘော်လီအကျႌဝယ်ဖို့သွားတဲ့ဆီမှာ ယောကျာ်းလေးသူငယ်ချင်းတစ်ယောက်ကို အဖော်ခေါ်သွား တာမျိုးကျတော့ ပတ်ဝန်းကျင်က ဘယ်လက်ခံနိုင်ပါ့မလဲ။

ဒီနေ့ ငါ့တူမများ မိန်းကလေးချင်းက ပိုသိပါတယ်။ မိန်းကလေး တစ်ရာမှာ ယောကျာ်းလေးသူငယ်ချင်းထားပြီး ရည်းစားလည်းမဟုတ်၊ လက်ထပ်မယ့်သူလည်းမဟုတ်ဘဲ နှစ်ယောက်တည်းတွဲနေတဲ့မိန်းက လေးမျိုးက ဘယ်နှစ်ယောက်များရှိပါသလဲ၊ အရက်အကြောက်ဆိုတာ မိန်းကလေးဘဝလုံခြုံမှုအတွက် အခြေခံအကြောင်းတရားပဲ၊ အထူးသဖြင့် ယောကျာ်းလေးတွေနဲ့ ပတ်သက်ရမယ့်ကိစ္စတွေမှာ 'အရှက်အကြောက်' ဟာ ပိုပြီး လိုအပ်ပါတယ်။

ပတ်ဝန်းကျင်က ကဲ့ရဲ့မှာ
မိဘက သဘောမကျမှာကို

# လင်ဆိုးမယား
# သားဆိုးအမေ
# မောင်ဆိုးနှမ



ရှက်လည်းမရှက်ဘူး၊ ကြောက်လည်း မကြောက်ဘူးဆိုရင် ရင်လေးစရာပဲပေါ့ကွယ်။ ဒါကြောင့် လေးလေးပြောချင်တယ်၊ ယောကျ်ားလေးသူငယ်ချင်းဆိုတာနဲ့ ရည်းစားတစ်ယောက်ရဲ့ နေပုံထိုင်ပုံကိုတော့ ကွဲပြားသင့်တယ်လို့။

## လင်ဆိုးမယား
## သားဆိုးအမေ
## မောင်ဆိုးနှမ

'အပျိုစင်မှအပျိုစင်သို့' အခန်းမှာ အဖေတွေ၊ မောင်တွေ၊ အစ်ကိုတွေ ဆိုးနေရင် အဲဒီမိသားစုမှာ မွေးဖွားကြီးပြင်းလာရတဲ့ မိန်းကလေးတွေနဲ့ ပတ်သက်လို့ အခက်အခဲရှိနေတဲ့ အကြောင်းကို ရေးထားတဲ့စာနဲ့ပတ်သက်ပြီး အဖေတွေ၊ အစ်ကိုတွေ သဘောပေါက်အောင်ရှင်းပြပေါ့လို့ပဲ လေးလေး အလွယ်ရေးခဲ့တယ်။ အဲသလို ရေးပြီးကာမှ အသိဉာဏ်နည်းတဲ့အစ်ကိုနဲ့ မောင်ကြားမှာ ကြီးပြင်းရင်ဆိုင်နေရတဲ့ မိန်းကလေးတစ်ယောက်နဲ့ ဆုံမိပြီး သူ့အခက်အခဲတွေပြောပြတာကို နားထောင်လိုက်ရလို့ ပြည့်ပြည့်စုံစုံရေးချင်စိတ်ပေါ်လာပြီး ဒီအခန်းကို ထပ်ရေးမိတာပါ။

အဲသလိုရင်ဆိုင်ကြုံတွေ့နေတဲ့အခက်အခဲကို လွန်မြောက် အောင်ကြိုးစားသင့်တယ်တယ်ဆိုတာကို လေးလေးပီပီပြင်ပြင်အကြံမပြုနိုင်ပေမယ့် ကြုံနေရတဲ့အခက်အခဲတွေအကြောင်း ရေးပြရင် ဒီစာကို ဖတ်မိတဲ့ မောင်ဆိုးအစ်ကိုဆိုးတွေအနေနဲ့ သူတို့ကြောင့် သူတို့နှမလေးတွေ ဘယ်လိုဒုက္ခရောက်နေရပါလားဆိုတာ သိပြီးဆင်ခြင် သွား


သူကလုပ်ကျွေး
တယ်မှော - ချက်ကျွေး
တယ်မှော - လျှော်ဖွပ်ပေး
တယ်မှော - ဒီတော့ မူးဖို့
ဘဲ့ ရိုက်တာ ကျွန်တော်
မှန်သလား
ကျွန်တော့်ကို
တမင်ဒါကျင့်
ဖျက်နေတာ

http://www.cherrythitsar.org



လေမလားလို့ မျှော်လင့်ချက်နဲ့ရေးပြတာပါ။ ရေနစ်နေတဲ့ မောင်ဆိုး နှမတွေအတွက် ကောက်ရိုးတစ်မျှင်ပဲဖြစ်ဖြစ်ပေါ့။

မိန်းမသားတစ်ယောက်အနေနဲ့

လင်ဆိုးမယား

သားဆိုးအမေ

မောင်ဆိုးနှမ

ဖြစ်ရပြီဆိုရင် ဒုက္ခကို ဒါဇင်လိုက်ရောက်တော့တာပဲ အဲသလို လင်တွေ၊ သားတွေ၊ မောင်တွေဟာ ဒုက္ခကို တစ်မျိုးပြီးတစ်မျိုး မရိုး ရအောင်ပေးနိုင်တယ်။လင်ဆိုးကိုရထားပြီဆိုလို့ကတော့ ကိုယ်က ကွာချင်လို့လည်းကွာမရ၊ ကိုယ်ကရှာကျွေးရပြီး အနှိပ်အစက်ခံနေ ရတော့တာ။ ကိုယ့်နှိပ်စက်မယ့်လူကို အသက်ဆက်ပေးနေရတာ။ သူ့အရက်သောက်ဖို့၊ ဖဲရိုက်ဖို့ရှာမပေးနိုင်ရင်ကိုပဲ မယားဝတ္တရား မကျေသလိုဖြစ်တော့တာ။ အရပ်ကူပါ ရွာဝိုင်းပါအော်ဟစ်အကူအညီ တောင်းဦးတော့ ဘယ်သူမျှလာမကယ်နိုင်ပါဘူး။ ဒါကြောင့် ရှေး လူကြီးများကတော့ သားသမီး အိမ်ထောင်ရေး စေ့စပ်ကြပြီဆိုရင်၊ လူငယ်ချင်းချစ်နေကြပြီ မေတ္တာသက်ဝင်နေကြပြီဆိုတာ သိရရင် 'ဟဲ့မျိုးရိုးကိုကြည့်ဦး၊ လင်ဆိုးမယားဖြစ်နေဦးမယ်'ဆိုပြီးပြောကြတယ်။ ကိုယ်ယူမယ့် ယောကျ်ား ဆိုးမဆိုး မသိနိုင်ပေမယ့် ဆိုးနိုင်သလား မဆိုးနိုင်ဘူးလားဆိုတာ မှန်းဆလို့ရအောင် ယောကျ်ားလေးမျိုးရိုးကို လေ့လာကြတယ်။ အဖေ၊ အစ်ကို၊ ဦးလေးဆိုတာမျိုးထဲမှာ အရက် သမား၊ ကစားသမား၊ မူးရူးရမ်းကားနေတာပါရင် 'ဟဲ့အဲဒီအမျိုးရှောင်၊ လင်ဆိုးမယားဖြစ်နေလိမ့်မယ်' ဆိုပြီး ပြောကြတယ်။ ပုံသေနည်း မဟုတ်ပေမယ့်အများဆုံးဖြစ်တတ်လို့ကြိုတင်ကာကွယ်တဲ့သဘော

http://www.cherrythitsar.org



ပေါ့။ လင်ဆိုးမယားဖြစ်တာနဲ့ ဒုက္ခကို တစ်သက်စာ ကံထရိုက်ယူလိုက်သလို ဖြစ်သွားပြီ။

နောက်ပြီး သားဆိုးအမေဖြစ်ရတဲ့ ဒုက္ခ။

တောင်းစုတ်ပလုံးစုတ်ကိုသာ ပစ်ရိုးထုံးစံရှိတယ်။ သားဆိုးသမီးဆိုးကို ပစ်ရိုးထုံးစံမရှိဘူးဆိုတဲ့စကားဟာ သိပ်မှန်တာ။သားဆိုးသားမိုက်ကိုရထားတဲ့ မိခင်များဟာလည်း ဝန်းကျင်က ကယ်ချင်လို့မရတော့ဘူး။သားဆိုးသားမိုက်ဒဏ်ကို သေသည်အထိ ခံသွားရတော့တာ။ မိသားစုတစ်စုမှာ အဲသလို သားဆိုးသားမိုက် ပါလာပြီဆိုရင် သူ့ရဲ့ဒဏ်ကို မိဘတင်မဟုတ်ဘူး၊ နှမတွေအစ်မတွေပါ ခံရတာ။ အဓိကပြောချင်တာက မောင်ဆိုးနှမရဲ့ ဒုက္ခပဲ။

အစ်ကိုလုပ်သူက မူးယစ်ဆေးဝါးလေးသုံးချင်တယ်၊ သုံးစွဲချင်တာကနေ့တိုင်း၊ သူ့ဟာသူအလုပ်လုပ်တာက သူဖြုန်းတာနဲ့မကာမိချင်ဘူး။ တစ်နေ့တစ်ရာဝင်ရင် တစ်ရာ့ငါးဆယ်ဖိုးလောက် မူးချင်တာကိုး။ အဲသလို မကာမိတဲ့အပြင် မူးနေလို့ အလုပ်မလုပ်ရတဲ့ရက်တွေပါရှိလာတော့ ပိုဆိုးတော့တာပေါ့။အကြောင်းအမျိုးမျိုးပြပြီး အမေ့အိတ်ထောင်နှိုက်တော့တာပဲ။သူငယ်ချင်းရဲ့ညီ မင်္ဂလာဆောင်လို့ တို့မိတ်ဆွေရဲ့ဦးလေး ဆေးရုံးတက်ရလို့တို့။ သိတာပေါ့ အမေတွေနှမတွေကဘယ်မသိဘဲနေမလဲ လိမ်တောင်းနေတာပဲ၊ ညာတောင်းနေတာပဲဆိုတာ။

မပြောရက်တော့ မပြောတော့ဘူး။သိပေမယ့် မသိဟန်ဆောင်ပြီးရှိတာလေး ထုတ်ပေးလိုက်ကြရော။ ကဲညနေဟင်းချက် မနေနဲ့၊ အသုပ်ကလေးဝယ်စားလိုက်ဆိုပြီး ဖြေရှင်းကြရတာ။ သားဆိုးကိုပေးလိုက်ရတာက ငွေပိုငွေလျှံရှိလို့မှ မဟုတ်ဘဲ။ ညစာဟင်းဖိုးကိုပေးလိုက်ရတာကလား။ နှမလေး စက်အဖွားချုပ်လို့ ရတာလေး၊ နောက်

http://www.cherrythitsar.org



ကျောတက်၊ ဇက်ကျောတက်နေအောင် လုပ်ထားတဲ့ဝင်ငွေလေးဟာ အမေ့အိတ်ထဲကတစ်ဆင့် သားဆိုးသားမိုက်မူးဖို့ပါရောက်နေရတော့ စားဝတ်နေရေးက ကျပ်သထက်ကျပ်လာတော့တာပေါ့။ ကြွေးတင်လာ တာပေါ့။

မအေလုပ်သူက တစ်ခါတစ်ခါ 'ငါ့သားရယ်၊ မင်းဝင်ငွေလေး များလဲအိမ်အပ်ပါဦး' ဆိုပြောတဲ့နေ့ဟာ အဲဒီအိမ်အတွက်တော့ ပြဿဒါးပဲ။ ပူညံပူညံဖြစ်တော့တာပဲ။'ခင်ဗျားတို့ငွေငတ်နေသလား၊ ငွေဒီလောက်လိုချင်နေသလား'နဲ့။ဒီတော့လည်းဘေးအိမ်တွေကြားမှာ စိုးလို့စကားကို ဖြတ်လိုက်ရရော၊ ငွေစကားကိုမပြောရဲတော့ဘူး။ နှမရောအမေရော ဆိုးတဲ့မိုက်တဲ့အသိဉာဏ်နည်းတဲ့ စာနာမှုမရှိတဲ့ အမူးသမားဒဏ်ကို ခံနေရတာ။

နှမဖြစ်သူဟာ အဲသလိုဒဏ်တွေခံ တတ်သရွေ့မှတ်သရွေ့ လေးလုပ်ပြီး အိမ်ရှာကျွေးနေတာ မြင်ကြတဲ့ပတ်ဝန်းကျင်က 'ဒီကောင်မလေး တော်သားပဲ'ဆိုပြီး စိတ်ဝင်စားတဲ့လူကြီးမိဘတွေ၊ 'သနားစရာပဲ' ဆိုပြီး မေတ္တာပို့တဲ့ ရွယ်တူတန်းတူ ယောကျ်ားလေးတွေရှိပေမယ့် စကားမစရဲဘူး။စလိုက်တာနဲ့ ငမူးက ဓားကြိမ်းကြိမ်းတော့မှာလေ။ 'ငါ့နှမ ရိသဲ့သဲ့ပြောတာ ဘယ်ကောင်လဲကွ' ဆိုပြီး ရမ်းမယ့်ဒဏ် ကြောက်ကြတော့ ဝေါင်ဝေါင်ရှေး ဝေးဝေးရှောင် နေကြတာပေါ့။

ကဲ မခက်ဘူးလား။

အဲဒါကို ချစ်တာခေါ်မလား။ကိုယ့်နှမကိုယ်ချစ်ရင် လုပ်ကျွေး ရမယ်၊ စောင့်ရှောက်ရမယ်။ခုတော့တာတာဝန်မျှမယူဘဲ ကိုယ့်အတွက် အရက်ဖိုးမရမှာစိုးရိမ်လို့၊ ကိုယ်တာဝန်ယူရမယ့်မိသားစုတာဝန်သူ့ ခေါင်းပေါ်ပုံချထားချင်လို့ဓားကြိမ်းကြိမ်းနေတာဖြစ်နေပြီ။ အဲသလို အစ်ကိုလုပ်သူကဆိုးနေတော့ကောင်းကောင်းမွန်မွန်ရည်ရွယ်ချင်တဲ့



http://www.cherrythitsar.org



ယောကျ်ားလေးတွေ မိဘတွေကလည်း အဲဒီ အစ်ကိုဆိုးဒဏ်ကို ပူးတွဲခံရမှာကြောက်ပြီး နောက်ဆုတ်ကုန်ရော။

ဒီတော့

ကိုယ့်နှမကိုယ်ချစ်တာနဲ့မတူဘူး။ ကိုယ့်နှမဘဝကို နှစ်ပစ်နေ တာနဲ့ မတူဘူးလား။ အဲသလောက် အသိဉာဏ်နည်းနေတဲ့လူကို ဘယ်လိုလုပ်ပြီး ပြောလို့ ဟောလို့ရမလဲ။

မောင်ဆိုးနှမဖြစ်ရတဲ့ မိန်းကလေးများကို သူတို့အခက်အခဲ ဖြေရှင်းဖို့ ဘယ်လိုအကြံဉာဏ်ပေးရမှန်းမသိအောင်ဖြစ်မိတယ်။ အဲသလိုမောင်ဆိုးမျိုးနဲ့ ကြုံနေရတော့ အားကိုးရမယ့်ကိုယ့်အစ်ကိုက အားမကိုးရတော့ သီးခြားအားကိုးစရာ ရှာကုန်ရော။

'မောင်နှမအရင်းပါအစ်မရယ်၊ မောင်နှမအရင်းပါအစ်မရယ်' ဆိုပြီး ခုနစ်သံချီနဲ့အော်နေရင်ဒုက္ခ။ အဲသလို မဆုံးနိုင်တဲ့ဒုက္ခ တွေကိုတွေးရင်း ငါ့တူမများကို မောင်ဆိုးနှမတွေ မဖြစ်ပါစေနဲ့လို့ လေးလေး ဆုတောင်းပေးလိုက်ပါတယ်။

လေးလေးအဓိကမှာချင်တာကတော့ အဲသလိုစိတ်ပျက်စရာ ဦးနှောက်ခြောက်စရာ မောင်ဆိုးနဲ့ကြုံနေရပြီဆိုရင် ကိုယ့်ဘဝကို ကိုယ့်အသိဉာဏ်နဲ့ထိန်းဖို့ မမေ့လေနဲ့။ ပြိုင်ပြီး ရွဲ့မယ် ဆိုးမယ် ကိုယ်လည်း ဖြစ်သလိုနေမယ်ဆိုတဲ့စိတ် မမွေးလေနဲ့။

အဆိုးတွေလာပြီးရင်

အကောင်းတွေလာမှာပဲ

ဆိုတဲ့ သဘာဝမှန်ကို အောက်မေ့ပြီး ကိုယ့်ဘဝအတွက် အကောင်းဆုံး မျှော်လင့်ရင်း အဆိုးဆုံးတွေကို ရင်ဆိုင်နိုင်ဖို့ သဘောသတ္တိမွေးပေရော့။ စေတနာအပြည့်နဲ့သာ သည်းခံပေရော့။

စေတနာအကျိုးပေးပါလိမ့်မယ်လို့ပဲ မှာချင်တယ်။

http://www.cherrythitsar.org

# အချစ်ဆိုတာ
# ဘဝအတွက်
# အရင်းအနှီးပါ



http://www.cherrythitsar.org




## အချစ်ဆိုတာ ဘဝအတွက် အရင်းအနှီးပါ

အပျိုစင်တို့သိဖို့ ယောကျာ်းတို့အကြောင်း(၂)ကို နိဂုံးချုပ်ပါတော့မယ်။ ငါ့တူမများကို နိဂုံးချုပ်အနေနဲ့ လေးလေးမှာချင်တယ်။ ငယ်တဲ့ အရွယ်တွေဆိုတာ အချစ်နဲ့မကင်းနိုင်ကြပါဘူး။ ယောကျာ်းတွေ အကြောင်းတော့သိပါပြီ၊စိတ်ပျက်ပါပြီ၊ အပျိုကြီးလုပ်ပါတော့မယ် ဆိုတဲ့ တူမများလည်း တကယ်ချစ်တာမတွေ့သေးလို့ပါ။ ကြိုက်တာ မဆုံသေးလို့ပါ။လေးလေးရေးခဲ့တာတွေက ယောကျာ်းတွေကို ရွံဖို့၊ မုန်းဖို့၊ ကင်းဖို့၊ မဟုတ်ပါဘူး။ ချစ်တာကြိုက်တာနဲ့ ကြုံရဆုံရတဲ့အခါ မှန်မှန်ကန်ကန် ရွေးနိုင်ဖို့ ဆုံးဖြတ်နိုင်ဖို့ပါ။

အချစ်ဆိုတာ ဘဝအတွက် အရင်းအနှီးပါပဲ။

အချစ်အတွက် မှားလို့ ဆုံးဖြတ်ချက်လွဲလိုက်ရင် ဘဝသက်တမ်း တစ်လျှောက်လုံး ဆုံးရှုံးရတော့မှာ။ လေးလေး ခုရေးပြခဲ့တာတွေ ဖတ်ပြီးဘဝအတွက် အဖော်မွန်ကို ဘယ်လို ရွေးသင့်တယ်ဆိုတာ စဉ်းစားတတ်ရင် ရေးရကျိုးနပ်ပါပြီ။

မိန်းကလေးအတွက် ယောကျာ်းလေးဆိုတာ ထန်းရည်မူးသူနဲ့ ထန်းပင်လိုပါပဲ။ မူးတုန်း၊ အန်တုန်း၊ လဲရကွဲရ ဖြစ်တုန်းမှာတော့ ထန်းရည်ကိုသောက်ချင်စိတ် ကုန်သွားပေမယ့် အမူးပြေတာနဲ့ ထန်းပင် ကို ပြန်မော့ကြည့်ကြသလိုပေါ့။ယောကျာ်းလေးတစ်ယောက်ယောက် ကပစ်သွားလို့ သစ္စာမဲ့သွားလို့ စိတ်နာပါပြီဆိုကြပေမယ့် နောက်ထပ် ကြင်နာတတ်တဲ့ ယောကျာ်းလေးတစ်ယောက်တွေ့ရပြီဆိုရင် စိတ်နာ တာတွေက ကြက်ပျောက် ငှက်ပျောက် ပျောက်ကုန်ရော။ ဒီတော့ တစ်ချိန်ချိန်မှာ ပတ်သက်လာရမယ့် ကင်းလို့မရတဲ့ ယောကျာ်းတွေ



http://www.cherrythitsar.org



အကြောင်းသိထားပြီးရင် မေ့မပစ်ဖို့ သတိထားနေဖို့ လေးလေး မှာချင်တယ်၊ ကိုယ်နဲ့ပတ်သက်ရမယ့် ယောကျ်ားလေးကို

(၁) အကျင့်စာရိတ္တ

(၂) အသိဉာဏ်

(၃) ဝင်ငွေ

လို့ သူ့မှာရှိသင့်တဲ့ လိုအပ်တဲ့အရည်အသွေးအချက်အလက်ကို အကျဉ်းချုပ် မှတ်ထားလိုက်ပေါ့။

ရုပ်ရည်ဆိုတာကတော့ ဟိုတုန်းကလူကြီးတွေပြောသလို အရည်ကျိုသောက်လို့ရတာမဟုတ်ပါဘူး။ရုပ်ရည်ကို အရည်ကျိုသောက်လို့ရရင်လည်း ရုပ်လှတဲ့သူများအနေနဲ့ 'ရုပ်စွပ်ပြုတ်'ဆိုပြီး လုပ်ရောင်းမှာသေချာတယ်။ ဘယ်လောက်လှတဲ့ ကောင်လေးပဲဖြစ်ဖြစ် ကောင်မလေးပဲဖြစ်ဖြစ် အသက်ကြီးလာရင်တော့ ပါးရေတွန့်မှာပဲ၊ သွားကျိုးမှာပဲ၊ ရုပ်ကလေးလှတာဦးစားပေးလိုက်မိလို့ ဖဲသမား၊ အရက်သမား၊ ဆေးသမားနဲ့ ညားနေရင်ရှိတဲ့စည်းစိမ်လေးပြုတ်ပြီး မြန်မြန်မှဆိုးမဖြစ်သွားမယ်။ဒါကြောင့် လေးလေးက အကျင့်စာရိတ္တနဲ့ အသိဉာဏ်ကို ဦးစားပေးလေ့လာဖို့ အကြံပြု သတိပေးထားတာ။ ဝင်ငွေကိုရှေ့တန်းတင်လိုက်ရင် မသမာတဲ့နည်းနဲ့ ဝင်ငွေရှာနေသူများနဲ့တိုးမိတတ်တယ်။ရှေ့တန်းတင်ဖို့မလိုတဲ့'ငွေ'ဟာ လုံးဝ မေ့ထားလို့လည်းမရဘူး။

လုံးဝဝင်ငွေမရှိတဲ့လူ ယူမိပြန်ရင်လည်းအဲဒီလူဟာ ဘယ်လောက်ချမ်းသာနေနေ စိတ်ဆင်းရဲရမှာပဲ။ မိဘကချမ်းသာလို့ ရှိခဲ့တဲ့ကြွယ်ဝမှုကို သားသမီးလက်ထက်မှာ မမြဲနိုင်ပါဘူး။ အိမ်ထောင်တစ်ခုထူထောင်ရာမှာ လေးလေးရဲ့မိတ်ဆွေတစ်ယောက်ပြောဖူးတာ အမှတ်ရလို့ ဖောက်သည်ချချင်တယ်။ သူက

http://www.cherrythitsar.org



ရှိတာကို သုံးမလား
ရတာကို သုံးမလား
ရှိတာကိုသုံးရင် မွဲသွားမယ်၊
ရတာကိုသုံးပါ၊ သုံးဖို့ရှာ ရအောင်ရှာပါ၊

တဲ့လေ။ မလွဲမရှောင်သာအိမ်ထောင်သည်ဘဝ ရောက်ရပြီဆိုရင် ဒီစကားလေးဟာ အလွန်တန်ဖိုးရှိတဲ့ သတိပေးစကားလေး ဖြစ်လာမှာမို့ သတိရတုန်း ဖောက်သည်ချလိုက်ရတာပါ။

ယောကျ်ားလေးနဲ့ မိန်းကလေးဆိုတာ သူက ချစ်ချင်ချစ် ဒါမှမဟုတ် ကိုယ်ကချစ်၊ ပြီးတော့နှစ်ယောက်ပေါင်းပြီး ဘဝတစ်ခု ထူထောင်ကြ။ ဒါကြောင့် အချစ်က ဘဝအတွက် အရင်းအနှီး ဖြစ်တယ်လို့ နိဂုံးချုပ် သတိပေးလိုက်ပါတယ်။

အရင်းပြုတ်လို့ အချစ်ဆုံးရှုံးသွားရင် ဘဝနစ်နာပါတယ်။ အချစ်များတိုးပွား၍ ဘဝများ စိုပြည်ကြပါစေ။

လုံခြုံအေးချမ်းပြီး
တိုးတက်သောဘဝများ
ထူထောင်နိုင်ကြပါစေ
လေးလေး ကံချွန်
(၂၊၃၊၉၅)

ကံချွန်
၈–၈(၄၄)
သိုးခြံ၊ မြို့သစ်၊
မန္တလေး

http://www.cherrythitsar.org



http://www.cherrythitsar.org

# အပျိုစင်တို့သိဖို့ ယောက်ျားတို့အကြောင်း

